# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


## ယောက်ျားအာဇာနည်

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၂၉၈)


# လွှတ်တော်ရုံးများ၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ စုပေါင်းကျင်းပ




**နေပြည်တော် ဇူလိုင် ၂၄**

လွှတ်တော်ရုံးများ၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် လွှတ်တော်ဝင်းအတွင်း၌ စုပေါင်းကျင်းပသည်။

**ကံ့ကော်ပင်များ စိုက်ပျိုး**

ရှေးဦးစွာ ၂၀၁၉ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့က သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

**ဝန်ထမ်းများ စိုက်ပျိုး**

ထို့နောက် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သပြေပင်၊ ကံ့ကော်ပင်၊ ခရေပင်၊ ငုစပ်ပင်နှင့် စိန်ပန်းပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် လွှတ်တော်ရုံးများ၏ ၂၀၁၉ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

သတင်းစဉ်

---

## ကာရာကတ်စ်မြို့၌ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှု ညီနိုင်းရေးဗျူရို ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်မိန့်ခွန်းပြောကြား

*ပြည်တွင်းသတင်း* စာ » ၄

## ၂၀၂၀ ပြည့်နှစ် တိုကျို အိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်မှုများ တိုးတက်

*နိုင်ငံတကာသတင်း* စာ » ၁၄

---

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၄-၇-၂၀၁၉

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကျောက်ဖြူမြို့ | ၅ ဒသမ | ၂၈ | လက်မ | ကတိုင်တိကျေးရွာ | ၃ ဒသမ | ၀၄ | လက်မ |
| ရှမ်းရွာသစ်မြို့ | ၄ ဒသမ | ၉၉ | လက်မ | သံတောင်ကြီးမြို့ | ၂ ဒသမ | ၅၆ | လက်မ |
| မိုးကောင်းမြို့ | ၄ ဒသမ | ၆၅ | လက်မ | မြစ်ကြီးနားမြို့ | ၂ ဒသမ | ၃၃ | လက်မ |
| မိုးညှင်းမြို့ | ၄ ဒသမ | ၅၃ | လက်မ | ပိုင်ကျုံမြို့ | ၂ ဒသမ | ၂၅ | လက်မ |
| ကမမောင်းမြို့ | ၄ ဒသမ | ၂၁ | လက်မ | အမ်းမြို့ | ၂ ဒသမ | ၁၆ | လက်မ |
| လှိုင်းဘွဲမြို့ | ၃ ဒသမ | ၅၀ | လက်မ | မုဒုံမြို့ | ၂ ဒသမ | ၁၆ | လက်မ |
| ဘားအံ(စိုက်ပျိုးရေး မိုးလေဝသ) | ၃ ဒသမ | ၀၇ | လက်မ | သိမ်ဇရပ်မြို့ | ၂ ဒသမ | ၁၃ | လက်မ |

မိုး/ဇလ


C B BANK

Best Corporate
& Investment Bank
2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

# ပလတ်စတစ်ညစ်ညမ်းမှုများ သဘာဝပတ်ဝန်းကျင်မှ ရှင်းလင်းဖယ်ရှား

လူသားတို့ ကျန်းမာအသက်ရှည်နေထိုင်နိုင်ကြဖို့ သန့်ရှင်းသည့်ပတ်ဝန်းကျင်လိုအပ်သည်။ သန့်ရှင်းသည့်လေကို ရှူရှိုက်ရမည်။ သန့်ရှင်းသည့်ရေကိုသောက်သုံးရမည်။ သန့်ရှင်းသည့်အစားအစာကိုစားသုံးရမည်။ သန့်ရှင်းသည့် ပတ်ဝန်းကျင်၌ နေထိုင်ရမည်။ သို့မှ ကိုယ်ရောစိတ်ပါ ကျန်းမာနိုင်ကြမည်။ သို့ရာတွင် မျက်မှောက်ကာလလူသားတို့ရင်ဆိုင်နေကြရသည်က လူ့ပတ်ဝန်းကျင်နှင့် ကမ္ဘာကြီးတစ်ခုလုံးညစ်ညမ်းမှုများ ဖုံးလွှမ်းလာနေခြင်းဖြစ်သည်။ အဆိုပါ ညစ်ညမ်းမှုများအားလုံး၏ လက်သည်တရားခံမှာလည်း လူသားတို့ပင်ဖြစ်သည့်အတွက် ကိုယ်ပြုသည့်ဒဏ်၊ ကိုယ်သာခံစားရခြင်းဖြစ်သည်ဟူ၍ပင် အပြစ်ဖို့ရတော့မည်။

ကမ္ဘာတွင်ရော မြန်မာတွင်ပါ လတ်တလော ကျယ်ကျယ်လောင်လောင်ထွက်ပေါ်နေသည့် ပြဿနာမှာ ပလတ်စတစ်အမှိုက်ပြဿနာဖြစ်သည်။ အနောက်နိုင်ငံအချို့မှ ကုန်သေတ္တာများဖြင့် ပို့လိုက်သည့် ပလတ်စတစ်အမှိုက်များ အရှေ့တောင်အာရှနိုင်ငံအချို့သို့ ရောက်လာသည့် ပြဿနာ၊ ပင်လယ်ရေနေသတ္တဝါကြီးငယ်တို့ ပလတ်စတစ် စွန့်ပစ်ပစ္စည်းမျိုးစုံကြောင့် သေကျေပျက်စီးကြရသည့် ပြဿနာများကို နိုင်ငံတကာသတင်းများတွင် ဖတ်ရှုခဲ့ရသလို မြန်မာနိုင်ငံတွင်လည်း ဧရာဝတီမြစ်ကဲ့သို့သော နိုင်ငံ့အသက်သွေးကြောမြစ်ကြီးအတွင်း ပလတ်စတစ်အမှိုက်တန်ချိန်ရာနှင့်ချီ၍ နေ့စဉ်စွန့်ပစ်နေသည့် ပြဿနာ၊ ပလတ်စတစ်အမှုန်အစများ ရေထုအတွင်း ပါဝင်နေမှုသည် အိမ်နီးချင်းနိုင်ငံ၏ ကမ်းရိုးတန်းမှာထက် မြန်မာ့ကမ်းရိုးတန်းတွင် ပိုမိုများပြားနေကြောင်း တွေ့ရှိရသည့် ပြဿနာတို့ကို ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုက လေ့လာဆန်းစစ်တွေ့ရှိသည့် သတင်းတို့ကိုလည်း ဖတ်ရှုခဲ့ရသည်။

လူသားတို့၏ နေ့စဉ်သုံးပစ္စည်းများတွင် ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို လွယ်လွယ်ထုတ်လုပ်၊ လွယ်လွယ်သုံးစွဲ၊ လွယ်လွယ်စွန့်ပစ်နေခဲ့ကြသည်မှာ ကာလအတန်ကြာပြီဖြစ်သည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် ပျက်စီးဆွေးမြည့်ရန် နှစ်ပရိစ္ဆေဒများစွာကြာမြင့်နိုင်သည့်အလျောက် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများတွင် ကြီးမားသည့်ပြဿနာတစ်ခုဖြစ်နေပြီဖြစ်သည်။ ပြဟ္မာကြီးဦးခေါင်းကဲ့သို့ပင် စွန့်ပစ်ရန် ခက်ခဲသည့် ပြဿနာကြီးသော ပစ္စည်းဖြစ်နေပေပြီ။ မြေမှာမြှုပ်လျှင် မြေဩဇာ ပျက်စီး၍ အပင်များ စိုက်မရနိုင်သောနေရာဖြစ်မည်။ မီးရှို့လျှင် အဆိပ်ငွေ့များထွက်၍ လေထုညစ်ညမ်းပြီး အန္တရာယ်ကြီးသည်။ ရေမှာ မျှောသည့် ပလတ်စတစ်အမှိုက်တို့က ချောင်းများ၊ မြစ်များမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာများဆီသို့ စီးဝင်ကာ ရေနေသတ္တဝါတို့ကိုရော လူတို့ကိုပါ ပြန်၍ဒုက္ခပေးသည်။

ပလတ်စတစ်ပစ္စည်းများတွင် ဘန်ဇင်း၊ စတိုင်ရင်း၊ အက်ဆီတုံး၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရပ်စ်အောက်ဆိုဒ်၊ အီသိုင်လင်းအောက်ဆိုဒ်၊ အငွေ့ပျံလွယ်သည့် အော်ဂဲနစ်ဒြပ်ပေါင်းများပါဝင်ပြီး ၎င်းတို့သည် လူသားတို့အတွက် ကင်ဆာ၊ နှလုံးသွေးကြောနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဗဟိုနာဗ်ကြောစနစ်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် မျိုးဆက်ပြန့်ပွားမှုတို့ကို ထိခိုက်စေသည့် အဆိပ်ဓာတ်များပင်ဖြစ်သည်ဟု သိရသည်။

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှုများမှာ လူသားတို့၏ စည်းကမ်းမဲ့မှု၊ ဆင်ခြင်တုံတရားမဲ့မှုတို့ကြောင့်ပင်ဖြစ်သည်။ ပြုပြင်ထိန်းသိမ်းမှု၊ တားဆီးကာကွယ်ထိန်းချုပ်မှုများကို အချိန်မနှောင်းမီပြုလုပ်ကြရန် လူတိုင်းကိုယ်စီက အသိတရားများဖြင့် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်သည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်အသွယ်သွယ်က ရှောင်လွှဲ၍ လွတ်ဖို့ခဲယဉ်းသည့်အလျောက် အညစ်အကြေးကင်းစင်သန့်ရှင်းသည့် ပတ်ဝန်းကျင်ကို လူတိုင်းကိုယ်စီ တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးခွန်အေးနိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဦးသန့်စင်လွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်မှုများအပေါ် ပံ့ပိုးကူညီလျက်ရှိသည့် Suu Foundation မှ အမှုဆောင်အရာရှိချုပ် Dr. Michael Marett-Crosby နှင့် အဖွဲ့အားယနေ့တွင် နေပြည်တော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပစီးပွားရေးကော်မရှင် United Nation Economic Commission for Europe (UNECE) Regulation no.22 ပါ ဘေးကင်းလုံခြုံမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကိုးကားကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစီမံချက် ၂၀၂၁-၂၀၃၀ ရေးဆွဲရေးဆိုင်ရာများ၊ Suu Foundation မှ ဆက်လက်အကူအညီပေးနိုင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၉)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

အာဆီယံအသင်း၏ နှစ်စဉ်ပုံမှန်ပြုလုပ်နေကျဖြစ်သော အဆင့်မြင့်အရာရှိကြီးများအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား နှစ်စဉ်အလှည့်ကျနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ (၁၉)ကြိမ်မြောက် အာဆီယံအဆင့်မြင့် အရာရှိကြီးများအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ(19th Senior Officials Meeting on Transnational Crime and its Related Meetings -19th SOMTC)ကို နေပြည်တော်တွင် ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိသည်။

19th SOMTC နှင့် ဆက်စပ်အစည်းအဝေးများ၏ လုပ်ငန်းအဖွဲ့အစည်းအဝေးများ (Working Group Meetings)ကို ဇူလိုင် ၂၃ ရက်တွင် လည်းကောင်း၊ အဖွဲ့ခေါင်းဆောင်များ၏ မျက်နှာစုံညီအစည်းအဝေး( Plenary Session) နှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ညှိနှိုင်းအစည်းအဝေးများ (SOMTC +Dialogue Partners Consultations)ကို ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားအား ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော် Horizon Lake View Hotel သဇင်ဆောင် Grand Ballroom (2) ၌ ကျင်းပသည်။




(၁၉)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့က တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံ(၁၀)နိုင်ငံ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ရုရှား၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့မှ အဆင့်မြင့် အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြီးမှုကြောင့် မွေးမြူရေးကန်များ ပျက်စီးဆုံးရှုံးပါက အစိုးရမှ ငါးသားပေါက် ထောက်ပံ့မည်

**ရန်ကုန် ဇူလိုင် ၂၄**

ရေကြီးရေလျှံမှုကြောင့် မွေးမြူရေးကန်များ ထိခိုက်ပျက်စီးဆုံးရှုံးပါက မွေးမြူရေးတောင်သူများကို အစိုးရမှသားပေါက်များ ကူညီထောက်ပံ့ပေးသွားမည်ကြောင်း သိရသည်။

လက်ရှိ အထက်မြန်မာပြည်တွင် ဧရာဝတီမြစ်ရေ ရေကြီးရေလျှံမှုသည် အောက်မြန်မာပြည်သို့ ရောက်ရှိလာနိုင်ခြင်းကြောင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြို့နယ်ဦးစီးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ဗီနိုင်းများကပ်ကာ ရေကြီးရေလျှံခြင်းကို ကြိုတင်ကာကွယ်ရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

“ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်လာရင် ငါးသားပေါက်တွေ အခမဲ့ဖြန့်ဖြူးပေးနိုင်မယ့် အခြေအနေကို သားပေါက်စခန်းတွေမှာ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်မှာရှိတဲ့ စခန်းတွေက တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ငါးကန်တွေအားလုံးကို ထောက်ပံ့ပေးမှာဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးလှဝင်းက ပြောသည်။

ဩဂုတ်လမှ စက်တင်ဘာလအတွင်း ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နိုင်သဖြင့် ငါး၊ ပုစွန်မွေးမြူရေးကန်များအနေဖြင့် ရေကြီးရေလျှံမှုများကြောင့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် လိုအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များသည် ဆုံးရှုံးနစ်နာမှု နည်းပါးစေရန် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဈေးကွက်ဝင် ငါးများဖြစ်ပါက ငါးကန်များဖော်ခြင်း၊ ငါးကန်ပေါင်များ မြှင့်တင်ခြင်း၊ ပိုက်များဖြင့် အကာအရံပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်ကျော်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ဒုတိယအကြိမ် မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂၄**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ရေဆင်းဆည် ပတ်ဝန်းကျင်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ရတနာတန်းဝင်ကျွန်း၊ ပိတောက်၊ မဟော်ဂနီပင်များနှင့် မန်ဂျန်ရှားပင်များအား တစ်အုပ်တစ်မ စုပေါင်းစိုက်ပျိုးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**စုစုပေါင်း ၁၄၆၂၈၃ ပင် စိုက်ပျိုးခဲ့**

ယနေ့ကျင်းပပြုလုပ်သည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၉ ခုနှစ် ဒုတိယအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း ပင် ၃၃၀၊ ပိတောက် ၁၂၁၅ ပင်၊ မဟော်ဂနီ ၁၈၂၃ ပင်နှင့် မန်ဂျန်ရှား ၁၁၃၂ ပင် စုစုပေါင်းပျိုးပင် ၄၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအထိ ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၄၆၂၈၃ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဒုတိယအကြိမ်ပြုလုပ်**

ထို့အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အသီးသီးတွင်လည်း မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများကို ဒုတိယအကြိမ်ပြုလုပ်ရာ တပ်မတော်တစ်ရပ်လုံး အနေဖြင့် စုစုပေါင်းပျိုးပင် ၃၉၄၁၀၀ ပင်အား စုပေါင်းစိုက်ပျိုးနိုင်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) နည်းပညာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ်(၂/ ၂၀၁၉) ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC) တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအမှတ်စဉ် (၂/ ၂၀၁၉) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။




**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအမှတ်စဉ် (၂/ ၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

**ပွင့်လင်းမြင်သာစွာ တင်ပြသွားမည်**

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များကို ၂၀၁၉ ခုနှစ် ဇန်နဝါရီမှစတင်၍ ပြည်ထောင်စုဝန်ကြီးဌာန ၁၄ ခုတွင် ရှေ့ပြေးစီမံချက်ဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မိမိတို့၏ စိတ်ဆန္ဒအလျောက် ထပ်မံဖွဲ့စည်းလာသည့် ပြည်ထောင်စုဝန်ကြီးဌာနများ ရှိလာသဖြင့် ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာန ၁၈ ခုတွင် CPU ၃၂ ဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့်လည်း CPU တစ်ခုချင်းစီ၏ လုပ်ဆောင်ချက်များကို ကော်မရှင်၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြ၍ နိုင်ငံတော်သမ္မတနှင့် အကြီးအကဲများသာမက ပြည်သူလူထုတစ်ရပ်လုံးသို့လည်း ပွင့်လင်းမြင်သာစွာ အသေးစိတ်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ CPU များအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝဖြင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များကို လက်တွေ့ကျကျအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ CPU များသည် အချို့ဝန်ကြီးဌာနများတွင် ထိထိရောက်ရောက် စတင်လှုပ်ရှားဆောင်ရွက်နေပြီဖြစ်ပြီး ယခုဒုတိယအကြိမ် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် CPU နည်းပညာနှင့် လက်သုံးကိရိယာများ အသစ်တပ်ဆင်ပေးမည်ဖြစ်သဖြင့် မကြာမီတွင် ပြည်သူလူထုကို ပိုမိုကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း။

ယနေ့ပြုလုပ်သည့် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(၂/ ၂၀၁၉) တွင် ဘာသာရပ်အသစ်များအနက် ကမ္ဘာ့ဘဏ်အုပ်စု၊ မြန်မာနိုင်ငံဆိုင်ရာရုံးက CPU Toolkit အဖြစ် လွှဲပြောင်းပေးအပ်မည့် (Proactive Beneficiary Engagement – PBE) လုပ်ငန်းသုံး ပရိုဂရမ်တစ်ခုလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ၎င်းပရိုဂရမ်သည် မိမိတို့၏ လိုအပ်ချက်နှင့်အညီ အသေးစားအဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် များစွာအသုံးဝင်လာမည် ဖြစ်ပါကြောင်း၊ ၎င်းနည်းပညာသည် CPU အဖွဲ့ဝင်များနှင့် ဝန်ဆောင်မှုရယူသော ပြည်သူတစ်ဦးချင်းတို့ကို တိုက်ရိုက်ချိတ်ဆက်ပေးပြီး မိမိရုံးဌာနတာဝန်ကို အလွဲသုံးစားပြုလုပ်နေသော တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကျေးရုံးမှ ဝန်ထမ်းများကို ပြုပြင်ထိန်းကျောင်း အရေးယူခြင်း ပြုနိုင်သည့် နည်းပညာဖြစ်ပါကြောင်း။

**အထူးသတိ ဝီရိယရှိကြရန်**

ထိရောက်သော အရေးယူဆောင်ရွက်မှုများကြောင့် အဂတိလိုက်စားမှုသည် ဘေးအန္တရာယ်ကြီးမားကြောင်း လူအများက အသိအမှတ်ပြုလာကြပြီ ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးခရီး ရှေ့ကိုပိုမိုရောက်လာသည်နှင့်အမျှ အဂတိလိုက်စားမှုပြုလုပ်လျှင် ဖော်ထုတ်အရေးယူခြင်းခံရမည့် ဘေးအန္တရာယ်သည် ပိုကြီးမားလာရန်သာရှိပါကြောင်း၊ ထို့ကြောင့် ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများသည် အဂတိလိုက်စားမှုဘေးအန္တရာယ်ကို မိမိအပါအဝင် မိမိဌာနအဖွဲ့အစည်းများပေါ်သို့ ကျရောက်မလာစေရန်အတွက် အထူးသတိ ဝီရိယရှိကြရန် လိုအပ်ပါကြောင်း၊ (CPU)များ၏ လုပ်ငန်းတာဝန်သည် မိမိဌာနအဖွဲ့အစည်းအား အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များမှ ကင်းဝေးစေရန်ဖြစ်သလို အများပြည်သူအကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန်လည်း ဖြစ်သည့်အတွက် ဌာနအကျိုးနှင့် အများပြည်သူအကျိုးတို့ တစ်ထပ်တည်း ဖြစ်ပေါ်စေပါကြောင်း၊ ထို့ကြောင့် (CPU)၏ လုပ်ငန်းတာဝန်များအပေါ် ဒွိဟသံသယ ပွားမနေတော့ဘဲ တာဝန်ရှိသူများနှင့်တကွ နိုင်ငံ့ဝန်ထမ်းများပါ (CPU)၏ ရည်မှန်းချက်များအတိုင်း စေတနာထား ပူးပေါင်း ဆောင်ရွက်ပေးသွားကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မည်**

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Resident Representative, Mr. Peter Batchelor က ပြည်ထောင်စုဝန်ကြီးဌာန ၁၈ ခုတွင် CPU အဖွဲ့ ၃၂ ဖွဲ့ဖွဲ့စည်းထားနိုင်သဖြင့် အောင်မြင်နေပြီဖြစ်ကြောင်း၊ CPU အဖွဲ့များ၏ လုပ်ငန်းဆောင်တာများ ထိရောက်အောင်မြင်ရန်တွက် ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိုနိုင်ငံရေး စိတ်ဆန္ဒပြင်းပြစွာ အလေးထားပြောဆိုနေမှုကို များစွာဂုဏ်ယူမိပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ဦးဆောင်မှုကောင်းရန်၊ ပြည်သူများ စိတ်ဓာတ်ကောင်းရန်နှင့် အချိန်လိုအပ်ပါကြောင်း ပြောကြားသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ Anti-Corruption Programme Manager, Ms. Marie Pegie Cauchois က အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူအားလုံးသည် ဒီမိုကရေစီစနစ်ကူးပြောင်းရာတွင် အရေးပါသည့် ကိစ္စရပ်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအစိုးရ အားလုံးအတွက် အဂတိလိုက်စားမှုသည် ခေါင်းခဲစရာကိစ္စဖြစ်နေပြီး အဂတိတိုက်ဖျက်ရေးကို အလေးထား ဆောင်ရွက်နေကြကြောင်း၊ အဂတိလိုက်စားမှု ဖြစ်ပွားစေသည့် အကြောင်းအရာများကို လျော့ပါးအောင် ဆောင်ရွက်ရမည့် နည်းလမ်းများ ဖော်ထုတ်ရန်အရေးကြီးကြောင်း၊ ပြည်သူများကလည်း ပူးပေါင်းပါဝင်ရန်အရေးကြီးပြီး ပြည်သူကို ဝန်ဆောင်မှုပေးနေသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖြောင့်မတ်တည်ကြည်မှုရှိရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ရှင်းလင်းဆွေးနွေးမည်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ UNDP၊ UNODC နှင့် ကမ္ဘာ့ဘဏ်တို့မှ ပညာရှင်များက သက်ဆိုင်ရာဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းထားသော ပြည်ထောင်စုဝန်ကြီးဌာန ၁၈ ခုနှင့် ကော်မရှင်ရုံးမှ သင်တန်းသား စုစုပေါင်း ၁၅၆ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကာရာကတ်စ်မြို့၌ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုညှိနှိုင်းရေးဗျူရို ဝန်ကြီးအဆင့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဇူလိုင် ၂၄**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်စ်မြို့၌ ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ညှိနှိုင်းရေးဗျူရို ဝန်ကြီးအဆင့် အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး "အပြည်ပြည်ဆိုင်ရာဥပဒေ လေးစားလိုက်နာခြင်းဖြင့် ငြိမ်းချမ်းမှု မြှင့်တင်ရေးနှင့် ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးမှုအစီအစဉ်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် လက်ရှိဘက်မလိုက်လှုပ်ရှားမှုဥက္ကဋ္ဌဖြစ်သူ ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံပေါင်း ၇၈ နိုင်ငံ၊ လေ့လာသူလေးနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ခုနစ်ခု၊ အထူးဖိတ်ကြားထားသည့် ဧည့်နိုင်ငံ နှစ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**မူဝါဒများ လေးစားလိုက်နာ**

ဇူလိုင် ၂၀ ရက်တွင် ကျင်းပသည့် ဝန်ကြီးအဆင့်အစည်းအဝေး၏ ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းပြောကြားရာ၌ ဘက်မလိုက်လှုပ်ရှားမှု (Non- Aligned Movement- NAM) အဖွဲ့ကြီးသည် စစ်အေးကာလ အရှိန်မြင့်တက်နေချိန်ကာလတွင် ဘန်ဒေါင်းမူဝါဒများကို အခြေခံ၍ စတင်ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်း၍ သာယာဝပြောသည့် ကမ္ဘာကြီး ပေါ်ပေါက်လာစေရန်နှင့် တရားမျှတခြင်း၊ သာတူညီမျှခြင်းတို့နှင့်အတူ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကံကြမ္မာကို လွတ်လပ်စွာဖြင့် စဉ်းစားဆုံးဖြတ်နိုင်စေရေးတို့ကို မျှော်မှန်းခဲ့ကြောင်း၊ ယနေ့ ကမ္ဘာ့အခြေအနေများ ပြောင်းလဲလာခဲ့ပြီ ဖြစ်သော်လည်း ဘက်မလိုက်လှုပ်ရှားမှု၏ အခြေခံမူကြီးများနှင့် မူလရည်မှန်းချက်ကြီးများမှာ ယနေ့တိုင် ဆီလျော်မှန်ကန်နေဆဲဖြစ်ကြောင်း၊ ဘက်မလိုက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အဖွဲ့ကြီး၏ အခြေခံမူကြီးများ၊ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားလိုက်နာရေး၊ တရားမျှတမှု၊ သာတူညီမျှမှုနှင့် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် လေးစားမှုရှိရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရေး စသည့်အခြေခံမူဝါဒများကို အစဉ်အမြဲလေးစားလိုက်နာရန် လိုအပ်ကြောင်း၊ ယနေ့ ကမ္ဘာကြီးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်နှင့် မိမိတို့၏ ပြည်တွင်းရေးပြဿနာကို နိုင်ငံ၏ ပကတိအခြေအနေ၊ အနေအထားနှင့် အသင့်တော်ဆုံးဖြစ်သည့် နည်းလမ်းဖြင့် ဖြေရှင်းခွင့်ရရှိရန် အလှမ်းဝေးနေဆဲဖြစ်နေသေးကြောင်း၊ အချို့ ကုလသမဂ္ဂ အဖွဲ့အစည်းများအနေဖြင့် ပြဿနာအား ငြိမ်းချမ်းသည့်နည်းလမ်းဖြင့် ဖြေရှင်းပေးခြင်းထက် ဝေဖန်အပြစ်ပေးအရေးယူရေးကိုသာ အာရုံစိုက်နေကြကြောင်း၊ ကုလသမဂ္ဂ၏ တာဝန်မှာ ပြဿနာဖြစ်ပွားနေသည့် အသိုက်အဝန်းများအကြား ပိုမိုစိတ်ဝမ်းကွဲမှု ပိုမိုဖြစ်ပွားလာစေခြင်းထက် ပိုမိုနီးကပ်မှုရှိလာစေရေးအတွက် ဆောင်ရွက်ပေးရန်သာဖြစ်ကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်နိုင်ရန်အတွက် အဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုသည် အလွန်အရေးကြီးကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအကျိုးအမြတ်ရရှိစေရန် ရည်ရွယ်၍ အခြားအဖွဲ့ဝင်နိုင်ငံများအပေါ် ထိခိုက်နစ်နာစေမည့် လုပ်ရပ်မျိုးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အား အလွဲသုံးစားပြုလုပ်ခြင်းကို ခွင့်မပြုသင့်ကြောင်း အလေးပေးပြောကြားခဲ့သည်။

**စိုးရိမ်ပူပန်ဖွယ်ရာဖြစ်**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီအပေါ် သက်ရောက်မှုရှိသည့် အပြည်ပြည်ဆိုင်ရာဥပဒေ မူဝါဒများကို လေးစားလိုက်နာရန် အထူးအရေးကြီးကြောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေအရ အရေးယူမှုများ ပြုလုပ်ရာ၌ ခွဲခြားဆက်ဆံရေး၊ ဘက်လိုက်ရေး၊ စံနှုန်းနှစ်မျိုး ကျင့်သုံးမှု (double standard) ကို ရှောင်ရှားရေးဟူသည့် မူဝါဒများပေါ်တွင် အခြေခံရမည်ဖြစ်ကြောင်း၊ ရောမစာချုပ် (Rome Statute) ၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံတစ်နိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (ICC) ၏ တရားစီရင်ပိုင်ခွင့် တောင်းဆိုနေသည့်ကိစ္စမှာ မိမိတို့အတွက် စိုးရိမ်ပူပန်ဖွယ်ရာဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာစာချုပ်များဆိုင်ရာ ကုလသမဂ္ဂဗီယင်နာကွန်ဗင်းရှင်း (၁၉၆၉) (1969 UN Vienna Convention on International Treaties) တွင် မည်သည့်စာချုပ်ကမှ ယင်းစာချုပ်အား အတည်ပြုပါဝင်ထားခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံအပေါ်တွင် အာဏာသက်ရောက်ခြင်း မရှိစေရဟု ရှင်းလင်းစွာ ဖော်ပြထားကြောင်း၊ အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံတစ်နိုင်ငံအပေါ် တရားစီရင်ခွင့် ချဲ့ထွင်လာခြင်းသည် စာချုပ်အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံအားလုံးအထိ ဂယက်ရိုက်ခတ်လာမည်ဖြစ်ပြီး ကာလကြာမြင့်စွာဖြင့် အခိုင်အမာတည်ရှိလာခဲ့သည့် ဥပဒေပိုင်းဆိုင်ရာ မူဝါဒများကိုလည်း စိန်ခေါ်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ ယင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူဝါဒများနှင့်လည်း သွေဖည်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် အလွန်အန္တရာယ်ရှိသည့် အစဉ်အလာတစ်ခု ဖြစ်သွားစေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ကမ္ဘာက အထူးအာရုံစိုက်လျက်ရှိ**

ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်၍ အခွင့်ကြုံခိုက် ရှင်းလင်းပြောကြားခဲ့ရာ၌ ရခိုင်ပြည်နယ် မြောက်ပိုင်းကိစ္စသည် မြန်မာအစိုးရကြိုးပမ်းဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအနက် တစ်ခုမျှသာဖြစ်ကြောင်း၊ သို့သော်လည်း ယင်းကိစ္စအား ဘာသာရေးပြဿနာ




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်စ်မြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ညှိနှိုင်းရေးဗျူရို ဝန်ကြီးအဆင့်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**"လာမည့် ရက်သတ္တပတ်အတွင်း အာဆီယံနှင့် AHA Center မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ပြီး နေရပ်ပြန်လာရေးအတွက် ပြင်ဆင်ထားသည့် အခြေအနေများကို နေရပ်စွန့်ခွာသူများအား ရှင်းလင်းပြောကြားကြမည်ဖြစ်ကြောင်း၊ မြန်မာဘက်မှ စိစစ်ပြီး နေရပ်စွန့်ခွာသူများ၏ အမည်စာရင်းများစွာကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးအပ်ထားခဲ့ပြီး ဖြစ်ကြောင်း၊ အိမ်နီးချင်းနှစ်နိုင်ငံစလုံးက နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာကြမည်ဆိုပါက နေရပ်ပြန်လာရေးလုပ်ငန်းစဉ်ကို ယခင်က ဆောင်ရွက်ခဲ့သည့်နည်းတူ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်"**

တစ်ရပ်အဖြစ် မှားယွင်းစွာ ပုံဖော်ရေးသား ထုတ်လွှင့်လျက်ရှိသည့် တစ်ဖက်သတ် သတင်းမီဒီယာလှုံ့ဆော်မှုများကြောင့် ရခိုင်ပြည်နယ်အရေး၏ မကောင်းသည့်ရှုထောင့်ကိုသာ ကမ္ဘာက အထူးအာရုံစိုက်လျက်ရှိကြောင်း၊ အမှန်စင်စစ် ရခိုင်ပြည်နယ်ကိစ္စသည် ဘာသာရေးဖိနှိပ်မှု ပြဿနာတစ်ရပ် မဟုတ်ကြောင်း၊ ထို့ပြင် အကျယ်တဝင့် ချဲ့ကားပုံဖော်နေကြသကဲ့သို့ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုအား နိုင်ငံအတွင်းမှ မောင်းထုတ်နေခြင်းလည်း မဟုတ်ကြောင်း၊ ယင်းသည် ကိုလိုနီခေတ်ကတည်းက စတင်ခဲ့သော ပုံမှန်မဟုတ်သည့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု၊ ဆင်းရဲမှု၊ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံမှု မရှိခြင်းတို့ ရောယှက်ပါဝင်နေသည့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာတစ်ရပ်ပင် ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စု အသိုက်အဝန်းများနှင့် ရွှေ့ပြောင်းအသိုက်အဝန်းများအကြား အပြန်အလှန် ယုံကြည်မှုကင်းမဲ့မှုနှင့် ကြောက်ရွံ့မှုနှင့် တင်းမာမှုတို့သည် သမိုင်းတစ်လျှောက် နက်ရှိုင်းစွာ အမြစ်တွယ်လာခဲ့ကြောင်း၊ အသိုက်အဝန်းနှစ်ရပ် သဟဇာတမျှတစွာဖြင့် အတူတကွ ပြန်လည်ပေါင်းစည်း နေထိုင်နိုင်ရန်အတွက် အချိန်ယူရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အခြားနေရာများတွင်မူ ကိုးကွယ်မှုအယူဝါဒ ကွဲပြားသူများသည် ငြိမ်းချမ်းစွာနှင့် သဟဇာတမျှတစွာဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိကြကြောင်း၊ ထို့အပြင် မတူညီသည့် ကိုးကွယ် ယုံကြည်သူများ၏ ဘာသာရေးအဆောက်အဦများသည်လည်း မြန်မာနိုင်ငံရှိ မြို့အများအပြားတွင် တစ်ခုနှင့်တစ်ခု နီးနီးကပ်ကပ် တည်ရှိနေကြကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အကဲဖြတ် သုံးသပ်ဆုံးဖြတ်ချက်မချမှတ်မီ မတူညီသည့် နောက်ကြောင်းရာဇဝင်၊ သမိုင်းဆိုင်ရာ အချက်အလက်များနှင့် လက်ရှိပေါ်ပေါက်နေသည့် ဒေသတွင်း ပဋိပက္ခနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်အပြည့်အစုံကို သိမြင်နားလည်အောင် ကြိုးစားအားထုတ်ရန် အလွန်အရေးကြီးကြောင်း ပြောကြားခဲ့သည်။

**IDP စခန်းများ ပိတ်သိမ်းရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခကြောင့် ထိခိုက်ခံစားခဲ့ရသည့် အသိုက်အဝန်းအားလုံး၏ ဆင်းရဲဒုက္ခများအတွက် စိုးရိမ်မှုရှိကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တို့တွင် ရဲကင်းစခန်းအများအပြားကို ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်နက်တည်း ချိန်ကိုက်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှု စတင်ဖြစ်ပေါ်လာရခြင်းဖြစ်သည်ကို မျက်ကွယ်ပြုထားခြင်း မပြုသင့်ကြောင်း၊ အကြမ်းဖက်မှုကြောင့် အသိုက်အဝန်းအားလုံး ထိခိုက်ခံစားခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အသိုက်အဝန်းတစ်ခုတည်း အတွက်မဟုတ်ဘဲ အထိခိုက်ခံ အသိုက်အဝန်းအားလုံး၏ အခွင့်အရေးကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကို စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ရေရှည်တည်တံ့သည့် အဖြေရရှိစေရန်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံ့တာဝန်စတင်ယူပြီး အချိန်ကာလမှာပင် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အပါအဝင် ပြဿနာဖြေရှင်းနိုင်ရန် လိုအပ်သည့် ယန္တရားများကို မိမိတို့၏ သဘောဆန္ဒအလျောက် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့၏ နည်းဗျူဟာတစ်ရပ်အနေဖြင့် ၎င်းတို့၏နိုင်ငံရေး ရည်ရွယ်ချက်ရရှိစေရန်နှင့် ကမ္ဘာမှ အာရုံစူးစိုက်မှုရရှိစေရန် ရည်ရွယ်၍ ချိန်ကိုက်တိုက်ခိုက်မှုကြောင့် ယခုကဲ့သို့ လူအများအပြား နေရပ်စွန့်ခွာခြင်း ပေါ်ပေါက်စေရန် ဖန်တီးခဲ့သည်ဆိုသည့် အချက်ကို အများက လျစ်လျူရှုထားကြကြောင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စု အသိုက်အဝန်း အများအပြား၏ ကြောက်ရွံ့မှု၊ မလုံခြုံမှု၊ ထိခိုက်ခံစားရမှုနှင့် နောက်ခံအကြောင်းအရင်းများကို လူအများက လွယ်လင့်တကူ လျစ်လျူရှုထားကြကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်သူအားလုံး၏ ဖွံ့ဖြိုးရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ရှေးရှုသည့် ရေရှည်တည်တံ့သည့် အဖြေရရှိစေရေးကို အပြည့်အဝ ကတိကဝတ်ထားရှိပါကြောင်း၊ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်ရှိနေသေးသည့် အရေးကြီးကိစ္စရပ်များအား အကောင်အထည်ဖော်ရေးကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂနှင့် ပြင်ပမှ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းတိုင်ပင်၍ IDP စခန်းများ ပိတ်သိမ်းရေးအတွက် အမျိုးသားမဟာဗျူဟာတစ်ရပ်ကို အပြီးသတ် ရေးဆွဲပြီးလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိအရေးအကြီးဆုံး ဆောင်ရွက်ရမည့်ကိစ္စရပ်တစ်ခုမှာ နေရပ်ပြန်လာရေးကို အနှောင့်အယှက်ပေးနေသည့် အဟန့်အတားများကို ဖယ်ရှားရေးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့ကြောင်း စိစစ်အတည်ပြုနိုင်သူများအားလုံးကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံသွားရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ လာမည့် ရက်သတ္တပတ်အတွင်း အာဆီယံနှင့် AHA Center မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ပြီး နေရပ်ပြန်လာရေးအတွက် ပြင်ဆင်ထားသည့် အခြေအနေများကို နေရပ်စွန့်ခွာသူများအား ရှင်းလင်းပြောကြားကြမည်ဖြစ်ကြောင်း၊ မြန်မာဘက်မှ စိစစ်ပြီး နေရပ်စွန့်ခွာသူများ၏ အမည်စာရင်းများစွာကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးအပ်ထားခဲ့ပြီးဖြစ်ကြောင်း၊ အိမ်နီးချင်း နှစ်နိုင်ငံစလုံးက နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာကြမည်ဆိုပါက နေရပ်ပြန်လာရေး လုပ်ငန်းစဉ်ကို ယခင်က ဆောင်ရွက်ခဲ့သည့်နည်းတူ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**သက်တမ်းထပ်မံတိုးမြှင့်**

လောလောဆယ် ရင်ဆိုင်နေရသည့် အဓိကအခက်အခဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ သဘောထားတင်းမာသည့်အုပ်စုက နေရပ်ပြန်လာခြင်းကို အမှန်တကယ် လိုလားခြင်းမရှိဘဲ ၎င်းတို့၏ နိုင်ငံရေးရည်ရွယ်ချက် အောင်မြင်စေရန်နှင့် "safe zone" ထူထောင်နိုင်ရန်အတွက် နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် ဖိအားပေးရေးကိုသာ လိုလားနေခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အာဆီယံတို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအနေဖြင့် နေရပ်ပြန်လာမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာကို ပြီးခဲ့သည့် မေလအတွင်းက သက်တမ်းထပ်မံတိုးမြှင့်ခဲ့ပြီးဖြစ်ပြီး UNDP နှင့် UNHCR တို့မှ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့် ကွင်းဆင်းလေ့လာမှု (၄)ကြိမ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ

*စာမျက်နှာ ၅ သို့*



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ၂၀၁၉ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ကံ့ကော်ပင် စိုက်ပျိုးပေးစဉ်။ (သတင်း-ရှေ့ဖုံး)



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ၂၀၁၉ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ကံ့ကော်ပင် စိုက်ပျိုးပေးစဉ်။ (သတင်း-ရှေ့ဖုံး)

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၄**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ (၂/၂၀၁၉) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ဆောင်ရွက်ရန် ကော်မတီကို ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၁၀)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအကြိမ် အစည်းအဝေး၏ အရေးကြီးသော ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ UNCTFMR နှင့် ပူးပေါင်းတွေ့ဆုံညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကုလသမဂ္ဂမှပေးပို့သော ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုအား အဆုံးသတ်စေရေးနှင့် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများအား အဆုံးသတ်စေရေး ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်(၂)ရပ်ကို ပေါင်းစပ်ရေးဆွဲရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များ တောင်းခံထားပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရာတွင် အချိန်တစ်ခုသတ်မှတ်၍ UNCTFMR နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်နိုင်ရန် ရှိပါကြောင်းနှင့် ယခုလုပ်ငန်းစီမံချက်ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများမှ ဟန့်တားကာကွယ်ရေး အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်(မူကြမ်း) ရေးဆွဲထားမှုအား ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လုပ်ငန်းစီမံချက်(မူကြမ်း)နှင့် ပတ်သက်၍ လိုအပ်သော အချက်အလက်များကို အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ အစိုးရကဦးဆောင်၍ ရေးဆွဲပြီးသော စီမံချက်မူကြမ်းကို သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ (၂/၂၀၁၉) ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် အကြမ်းဖက်မှုတို့ကို တရားစွဲဆိုဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

အမေရိကန်နိုင်ငံတရားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် အကြမ်းဖက်မှုတို့ကို တရားစွဲဆိုဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Hilton Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံအားလုံးနီးပါး ကြုံတွေ့နေရသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများကို အရေးယူဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ မြန်မာနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် နိုင်ငံတကာနှင့်ဒေသတွင်း ကွန်ဗင်းရှင်းများတွင် ပါဝင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လိုအပ်သည့် ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်း၍ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံတရားရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဥပဒေအရာရှိ ၂၄ ဦးပါဝင်သော နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာအဖွဲ့ကို ၂၀၁၈ ခုနှစ် မေလတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါအရာရှိများကို နိုင်ငံဖြတ်ကျော်မှုခင်းများ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်းဆိုင်ရာများ လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့်အတွက် များစွာအကျိုးရှိပါကြောင်း ပြောကြားခဲ့ပြီး အမေရိကန်နိုင်ငံ နိုင်ငံတကာမူးယစ်ဆေးဝါးနှင့် တရားစွဲနှင့် အမှုလိုက်ဌာနမှ ဒု-လက်ထောက်အတွင်းဝန်က နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးတွင် ထိရောက်အောင်မြင်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အဆိုပါမှုခင်းများ တိုက်ဖျက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ယင်းနောက် အမေရိကန်နိုင်ငံ နိုင်ငံတကာမူးယစ်ဆေးဝါးနှင့် တရားစွဲနှင့်အမှုလိုက် ဌာနမှ ဒု-လက်ထောက်အတွင်းဝန် Mr. Jorgank. Andrews က အမှာစကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အမေရိကန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. George Sibley နှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ကျေးရွာပေါင်း ၈၀ ကျော်ကို သွားရောက်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ မကြာသေးမီက ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ အာဆီယံလေ့လာအကဲဖြတ်ရေးအဖွဲ့က ၎င်း၏ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့် ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှု အစီရင်ခံစာကို တင်သွင်းခဲ့ရာ အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံအဖွဲ့၏ ထောက်ခံတင်ပြချက်များကို အကောင်အထည်ဖော်သွားရန် တာဝန်ပေးခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ရခိုင်ပြည်နယ်အရေးကိစ္စသည် နက်နဲရှုပ်ထွေးပြီး အသိုက်အဝန်းများအကြား ယုံကြည်မှုနှင့် သဟဇာတရှိမှုတည်ဆောက်နိုင်ရန်အတွက် အချိန်နှင့် အခြေအနေပေးရန် လိုအပ်ပါကြောင်း၊ ပြဿနာအတွက် ရေရှည်တည်တံ့သည့် အဖြေရရှိရေးကို လိုလားသည့် မိတ်ဖက်များအား မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များတွင် ပါဝင်ရန်ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြဿနာဖြေရှင်းသွားရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထားပြီးလည်း ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် အပြီးသတ်စာတမ်း၊ ကာရာကတ်စ်နိုင်ငံရေး ကြေညာချက်၊ ပါလက်စတိုင်းနှင့် ပတ်သက်၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝန်ကြီးအဆင့်ကော်မတီ၏ ကြေညာချက်နှင့် အထွေထွေအစီရင်ခံစာတို့ကို အတည်ပြုခဲ့သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ ဇူလိုင် ၁၈ ရက်မှ ၁၉ ရက်အထိ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို ကျင်းပခဲ့သည်။

ဘက်မလိုက်အဖွဲ့၏ အပြီးသတ်စာတမ်းတွင် ဝန်ကြီးများအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်အား အကောင်အထည်ဖော်ရေးနှင့် မြန်မာနိုင်ငံသို့ မိမိတို့သဘောအလျောက် ပြန်လာကြမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရန် အရေးကြီးသည့်အချက်ကို အလေးထားကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်း အဆင်ပြေချောမွေ့စေရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးတို့အတွက် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များအား အာဆီယံအတွင်းရေးမှူးချုပ်နှင့် AHA Centre တို့မှတစ်ဆင့် ပံ့ပိုးကူညီရန် အာဆီယံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်း စသည်ဖြင့် ထည့်သွင်းဖော်ပြထားသည်။

ကာရာကတ်စ်မြို့၌ ရှိစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိဥက္ကဋ္ဌဖြစ်သူ ဗင်နီဇွဲလားနိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# H1N1 - တုပ်ကွေးရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးကြပါစို့

## ဒေါက်တာခင်မောင်အေး(ဇီဝိတ)

**H1N1 ရာသီတုပ်ကွေးရောဂါသည် ဇူလိုင်လ ၁၁ ရက်အထိ ပိုးတွေ့သူ ၂၀၇ ဦးအနက် သေဆုံးသူ ၄၁ ဦး (၂၀ ရာခိုင်နှုန်း) ရှိပြီး ယမန်နှစ်ကထက်သေဆုံးမှုများကာ မိုးရာသီအပြီး ဆောင်းရာသီဝင်ချိန်အကူးအပြောင်း ကာလ၌လည်း သေသေချာချာ ကာကွယ်ကြရန် လိုအပ်ပါသည်။**

ရောဂါကာကွယ်ရန်အတွက် တုပ်ကွေးကာကွယ်ဆေးသည် အဓိကမဟုတ်ပါ။ အပြင်မှပြန်လာတိုင်း လမ်းတစ်လျှောက်မိမိလက်ဖြင့် မျက်နှာနှင့် နှာခေါင်းကို မကိုင်မိစေဘဲ အိမ်ရောက် ရောက်ချင်း စနစ်တကျလက်ဆေးခြင်းသည်သာ အဓိက ဖြစ်သည်။ နှာခေါင်းစည်းမှာ အမြဲမသုံးနိုင်ပါ။



**ရောဂါပြန့်ပွားကူးစက်ပုံ**

တုပ်ကွေးရောဂါပိုးသည် ရောဂါဖြစ်သူ၏ နှာခေါင်း၊ လည်ချောင်း၊ အသက်ရှူလမ်းကြောင်းတွင်ရှိပြီး လူနာ အသက်ရှူသွင်း၊ ရှူထုတ်သည့် လေအရှိန်နှင့် ပိုးပါဝင်သော တံတွေးမှုန်လေးများသည် ထိုသူ၏ ပတ်ဝန်းကျင် ၅ ပေခွဲမှ ၇ ပေခွဲအထိ လေထဲသို့ ပျံ့လွင့်သွားနိုင်ပါသည်။ ထိုပိုးပါ တံတွေးမှုန်လေးများမှာ လူနာပတ်ပတ်လည်ရှိ မျက်နှာပြင်အားလုံး၊ အိပ်ရာခင်း၊ ခုတင်၊ လိုက်ကာ၊ ကြမ်းပြင်၊ ဖုန်မှုန့်၊ လူနာကိုယ်ပေါ် အားလုံးပျံ့နှံ့ ရောက်ရှိနေတတ်ပါသည်။ ဘတ်စ်ကားစီးပါက လက်ကိုင်၊ ခုံ၊ မှန်၊ လေထဲစသည်ဖြင့် ကားတစ်စီးလုံး ပျံ့နှံ့နေပါသည်။ ဓာတ်လှေကား ခလုတ်များ၊ လူနာ၏ နှပ်၊ တံတွေးပေ ကိုင်သွားသော အရာများအားလုံးမှလည်း ကူးစက်နိုင်ပါသည်။

ချောင်းဆိုး၊ နှာချေပါက ၎င်းပိုးသည်ပိုဝေးဝေးသို့ ပျံ့နှံ့နိုင်ပါသည်။ ယင်းအချိန် ပိုးအကောင်ရေများစွာ၊ ပိုများစွာ လူနာထံမှ ထွက်ရှိပါသည်။ တုပ်ကွေးဖြစ်သူသည် ဖျား၊ နှာ၊ ကိုက်ခဲ၊ နှာစေး၊ နှာချေ၊ ချောင်းဆိုးပါသည်။

ထိုသို့ ရောဂါပိုးများ ပျံ့နှံ့နေသော နေရာများကို ထိမိ၊ ကိုင်မိပါက မိမိလက်တွင် ထိုပိုးများ ပေကျံလာပြီး ထိုလက်ဖြင့် မိမိမျက်နှာ၊ နှာခေါင်းတို့ကိုကိုင်မိပါက မိမိအားကူးစက်မည်ဖြစ်သည်။ အပြင်က ပြန်လာပြီး ထိုလက်ဖြင့် မိမိအိမ်မှ ပစ္စည်းများကို ကိုင်တွယ်ပါက ထိုပစ္စည်းများမှ မိမိတစ်အိမ်သားလုံးထံသို့ ကူးစက်သွားနိုင်ပါသည်။

**ကာကွယ်ပုံ**

ကူးစက်ပုံသိပါက ကာကွယ်ပုံကိုလည်း အလွယ်တကူ သဘောပေါက်နိုင်ပါသည်။

ရောဂါဖြစ်သူများ၊ ရောဂါဖြစ်သူမှအဓိက ကူးစက်နိုင်သဖြင့် ဖျားနာ၊ နှာစေး၊ ချောင်းဆိုးနေသော ကလေးများ ကျောင်းမတက်ပါစေနှင့်။ လူကြီးများ အလုပ်မဆင်းပါနှင့်။ အပြင်မထွက်ပါနှင့်၊ အိမ်မှာနေပြီး စနစ်တကျ ဆရာဝန်နှင့် ဆေးကုသပါ။ ကူးစက်မှု အများကြီးလျော့သွားနိုင်ပါသည်။

လူနာအား နှာခေါင်းစည်း တပ်ပေးထားသင့်သည်။ အသက် ရှူသွင်း၊ ရှူထုတ် ပိုးမပြန့်နိုင်ပါ။ နှာခေါင်းစည်း စိုလာက လဲပေးပါ။ မီးရှို့ပစ်ပါက ပိုကောင်းပါသည်။ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ အုပ်ဆိုးခိုင်းပါ။ ရောဂါပိုး ပြန့်ပွားမှုကို အများကြီး အကာအကွယ်ပေးနိုင်ပါသည်။

လူနာထားသော အခန်းလေဝင်လေထွက် ကောင်းပါစေ၊ နေရောင် ဝင်ပါစေ။ နေရောင်ခြည်က ပိုးများကို သေစေနိုင်ပါသည်။ လူနာပြုစုသူများ နှာခေါင်းစည်း စည်းနိုင်ပါက စည်းပါ။ လူနာကိုင်ပြီးတိုင်း လက်ကိုစနစ်တကျဆေးရန် ပိုအရေးကြီးပါသည်။

အသက်ကြီးသူများ၊ နာတာရှည်ရောဂါရှိသူများ၊ ကလေးငယ်များ တုပ်ကွေးဖြစ်ပွားလျှင် အသက်ဆုံးရှုံးနိုင်ခြေများသဖြင့် တုပ်ကွေး ကာကွယ်ဆေးကြိုထိုးနိုင်ပါက ဆရာဝန်နှင့် တိုင်ပင် ၍မိုးမရွာခင်ကတည်းက ကြိုထိုးထားပါ၊ တုပ်ကွေးရောဂါ ဖြစ်ပွားချိန်ကာလ၌ လူစုလူဝေးများသော ဈေး၊ ကုန်တိုက်၊ ရုပ်ရှင်ရုံ၊ ဆေးရုံ၊ ကျောင်း စသည့်နေရာများကို ရှောင်ပါ။ ဘတ်စ်ကား၊ ရထားစီးခြင်း ရှောင်ပါ။ ရောဂါဖြစ်သူများ နှာချေ၊ ချောင်းဆိုးပါက မိမိနား မလာပါစေနှင့်။ ကိုယ်ခံအား ကျစေသော၊ အအေးမိခြင်း၊ ရေအချိန်မတော် ချိုးခြင်းတို့ကို ရှောင်ပါ။ အာဟာရ ပြည့်ဝအောင်စားပါ။ ရေများများ သောက်ပါ။

အပြင်မထွက်မဖြစ် ထွက်ရသူများ၊ တုပ်ကွေးရောဂါ ဘယ်လောက်ဖြစ်ဖြစ် အလုပ်လုပ်နေကြရမည့်သူများ၊ အပြင်သွားရမည့် ဈေး၊ ကုန်တိုက် သွားရမည့် ဘတ်စ်ကားစီးရမည့်သူများ အပြင်ထွက်ပါက နှာခေါင်းစည်း တပ်နိုင်က တပ်ပါ။ လုပ်ငန်းခွင်တွင် လက်ဆေး၍ ရသမျှ ဆေးပါ။ တတ်နိုင်သမျှ ဝတ္ထုပစ္စည်းများ၏ မျက်နှာပြင်အရာများကို မကိုင်မိ၊ မထိမိပါစေနှင့်။ ဘတ်စ်ကားလက်ကိုင်ကို ကိုင်ပြီးပါက မိမိမျက်နှာ၊ အဝတ်အထည်၊ ဘာမှမထိမိ၊ မကိုင်မိဘဲ (အိမ်ရောက်သည်ထိ ဘာမှမထိစေဘဲ) စနစ်တကျ လက်အရင်ဆေးပါ။ လက်ဆေးရည်၊ Hand Gel ၊ အရက်ပြန် သုံးနိုင်ကသုံး၍ လက်ကိုသန့်စင်ပါ။

**စနစ်တကျ လက်ဆေးခြင်း**

ပိုးပါ တံတွေး၊ နှာရည်တို့ ကပ်ပါလာသော လက်များကို စနစ်တကျ ဆေးခြင်းသည် အဓိကအကျဆုံး ကာကွယ်မှု ဖြစ်ပါသည်။ လက်ဆေးရာတွင် စနစ်တကျမဆေးပါက မိမိလက်မှ တစ်အိမ်သားလုံးကို ကူးစက်ရောဂါ ဖြစ်စေနိုင်ပါသည်။

**လက်ဆေးရေဘေစင်**

ဆေးရုံသုံး လက်ဆေးဘေစင်များကို ယခုဆေးရုံအများစုတွင် သုံးနေသော အိမ်သုံးရိုးရိုး ရေဘုံဘိုင်ခေါင်းများကဲ့သို့ မသုံးသင့်ပါ။

ညစ်ပေနေသော လက်ဖြင့် ထိုအိမ်သုံး ဘုံဘိုင်ခေါင်းများကို လှည့်ဖွင့် လက်ဆေးပြီးနောက် ထိုညစ်ပေနေသော ဘုံဘိုင်ခေါင်းများကို ထပ်ကိုင်ပိတ်ရ၍ သန့်စင်ပြီး လက်၊ ဘုံဘိုင်ခေါင်းမှ ရောဂါပိုးများ ပြန်ကပ်ပါလာနိုင်ပါသည်။

အခြား လက်ဆေးသူများအား ထပ်ဆင့်ကူးစက်စေသော ဘုံဘိုင်ခေါင်းများ ဖြစ်သွားစေနိုင်ပါသည်။

နောက်ရေထွက် နှုတ်ခမ်းတိုနေသဖြင့် ဆေးပြီးသား လက်သည် ဘေစင်နံရံနှင့် ထိတွေ့ညစ်ပေနိုင်ပါသည်။

ခွဲစိတ်ခန်းသုံး လက်ကိုင်ရှည် ဘုံဘိုင်ခေါင်း၊ လက်ရှေ့ဖြတ်ရုံဖြင့် အဖွင့်အပိတ်လုပ်သော Infrared Sensor သုံး ဘုံဘိုင်ခေါင်းများ၊ ခြေထောက်ဖြင့် ပိတ်ဖွင့်နိုင်သော ဘုံဘိုင်ခေါင်းများမှာ ထိုကူးစက်မှုကို အကာအကွယ်ပေးနိုင်သော်လည်း ဈေးကြီးပြီး ဝယ်ရမလွယ်ပေ။

ယခုခေတ် အလွယ်တကူ ဝယ်ယူနိုင်သော နှုတ်သီးရှည် ဘုံဘိုင်ခေါင်း (တရုတ်လုပ်-၂၀၀၀ကျပ်ခန့်ကျ)ကို အသုံးချနိုင်ပါသည်။

အဖွင့်အပိတ် လက်ကိုင်များမှာ တို၍ လက်ကိုင်အလုံးကို PCV ပလတ်စတစ်ရေပိုက်အပြာ၊ အချင်း ၁/၂ လက်မ၊ ၁ ပေ အရှည်စွပ်၍သော်လည်းကောင်း၊ လက်ကိုင်အပြားကို ၃/၄ လက်မအချင်းရှိ အလူမီနီယံပိုက် ၁ ပေ၊ ထိပ်ကိုထုပြား၍ စွပ်ပြီး လက်ကိုင်ကို ရှည်စေကာ မညစ်ပေသော တံတောင်ဆစ်ဖြင့် ဖွင့်ပိတ်ခြင်းဖြင့် လက်ကိုင်မှ ကူးစက်ခြင်းကို ကာကွယ်နိုင်ပါသည်။

ရေဘုံဘိုင် နှုတ်သီးရှည်၍ သင့်တံတောင်ဆစ်အထိ လက်ကို အောက်စိုက်ပြီး သေသေချာချာ ဘေစင်ဘေးမထိဘဲ ရေဆေးနိုင်ပါသည်။ တန်ဖိုးနည်း (ကျပ် ၁၅၀၀ မှ ၃၀၀၀ ) မိမိ ဘာသာ တပ်ဆင်နိုင်သော ခြေနင်းဘုံဘိုင်များ သုံးနိုင်က ထိုအန္တရာယ်များ ကင်းပါသည်။ တန်ဖိုးရှိရေ ကုန်ကျမှု နည်းစေပါသည်။

မိမိ၏ ညစ်ပေနေသောလက်ဖြင့် ဘုံဘိုင်ခေါင်းကို ထိကိုင်စရာ မလိုတော့ပါ။

**လက်ဆေးဆပ်ပြာ**

ဆပ်ပြာတုံးများမှာ- Gram Negative Bacteria ပိုးများ ပေါက်ပွားနိုင်ပြီး ဖုန်မှုန့်များ ကပ်ငြိနိုင်၍ ဆပ်ပြာရည်ဘူးများ မရှိမှ သုံးသင့်ပါသည်။ ယနေ့ခေတ်စားနေသော ပိုးသတ်ဆေးပါ ဆပ်ပြာများကိုလည်း အကျိုးအပြစ် သေချာစွာ မသိရသေးပါ။ သုံးလိုက သုံးနိုင်ပါသည်။

ယခု အလွယ်တကူ ဝယ်ယူနိုင်သော ဖိအားသုံးဘုံဘိုင်ပါ ဆပ်ပြာရည်ဘူးများကို သုံးသင့်ပါသည်။ ထိုဘုံဘိုင်ခေါင်းကို မိမိတံတောင်ဆစ်၊ လက်ဖျံဖြင့် ဖိညှစ်၍ဆပ်ပြာရည် ထွက်စေပြီး လက်ဆေးနိုင်ပါသည်။ ရောဂါပိုး ကပ်ငြိနေသောလက်ဖြင့် မကိုင်ပါနှင့်။

ဆပ်ပြာရည်မရှိက ဆပ်ပြာတုံးနှင့် ရေခွက်ကိုသုံးပြီး လက်ဆေးနိုင်ပါသည်။

**လက်ဆေးနည်း**

မည်သည့်ဆပ်ပြာရည် သုံးသုံး၊ လက်နှစ်ဖက်လုံး၏ နေရာ အနှံ့ကို ပြောင်စင်အောင် မဆေးပါက ထိုမဆေးမိသော နေရာ များတွင် ရောဂါပိုးများ ကျန်ရှိပြီး အခြားသူများကို ရောဂါကူးစက် နိုင်ပါသည်။

များသောအားဖြင့် ကျန်းမာရေး ဝန်ထမ်းများသည် လက်ဆေးခြင်း၏ အရေးကြီးပုံကို မသိရှိဘဲ ပေါ့ပေါ့ဆဆ လက်ဆေး နေကြပါသည်။ အထူးသဖြင့် ၎င်းတို့၏ ပိုသန်သော လက်၏လက်မ၊ လက်ညှိုးနှင့် လက်ချောင်းလေးများကြား၊ လက်ကောက်ဝတ်တို့ကို မဆေးမိဘဲကျန်လေ့ရှိပါသည်။

**လက်ဆေးရေ**

ဆပ်ပြာဖြင့် ဆေးပြီးသည့်လက်များကို အတတ်နိုင်ဆုံး သန့်ရှင်းသော ရေဖြင့် ဆေးသင့်ပါသည်။ မဟုတ်ပါက ထိုရေမှ ရောဂါပိုးများ ထပ်ကပ်ငြိနိုင်ပါသည်။

ယနေ့ ဆေးရုံများ၏ ခွဲခန်းသုံး လက်ဆေးရေမှာ လုံးဝ ပိုးမသတ်ထားသော ဂျိုးဖြူရေများသာဖြစ်၍ ခွဲခန်းဝင် ဆရာဝန်၊ သူနာပြုများ၏ ပိုးသတ်ဆေး Chlohexidine ဖြင့်သာ ဆေးပြီး လက်များ၏ သန့်စင်မှုမှာ စဉ်းစားစရာ ဖြစ်နေပါသည်။

**လက်အခြောက်ခံခြင်း**

လက်ကိုသေချာစွာ ဆေးပြီးပါက လက်အခြောက်ခံရာတွင်လည်း အရေးကြီးပါသည်။

ပုံမှန်သုံးနေကျ အဝတ်၊ လက်သုတ်ပဝါများမှာ ရေစို၊ ထိုင်းမှိုင်းမှုပိုးပေါက်ပွားနိုင်၍ လက်သုတ်ရာတွင် မသုံးသင့်ပါ။

ယနေ့ ခေတ်စားနေသော ဟိုတယ်သုံး လေပူမှုတ် လက်အခြောက်ခံစက်များမှာလည်း ဆေးရုံတွင် မသုံးသင့်ပါ။ ထိုစက်များမှာ ဆူညံပြီး စက္ကန့် ၃၀ သာ လေပူမှုတ်ပေး၍ လက်မခြောက်ခင် ထွက်သွားလေ့ရှိကာ မိမိအဝတ်ဖြင့် ခြောက်အောင် သုတ်လေ့ရှိသည်။

တစ်ခါသုံး စက္ကူ လက်သုတ်ပဝါများသာ သုံးသင့်ပါသည်။

**အမှိုက်ပုံး**

လက်ကိုစင်အောင် ဆပ်ပြာဖြင့် ဆေး၊ တစ်ခါသုံး စက္ကူဖြင့် ခြောက်အောင်သုတ်ပြီး ခြေထောက်နှိပ်ခလုတ်သုံးဖွင့်၊ အဖုံးပါ အမှိုက်ပုံးထဲသို့ စက္ကူကို ပစ်ပါ။

ရိုးရိုးအမှိုက်ပုံးအဖုံးကို လက်နှင့်မပြီးပစ်က လက်ပြန်ပေနိုင်ပါသည်။

ယခုခေတ် ကမ္ဘာတစ်ခုလုံးပျံ့နှံ့၍ လူအများသေကျေစေသော ကြက်ငှက်တုပ်ကွေးရောဂါ၊ H1N1 တုပ်ကွေးရောဂါ၊ SAR ရောဂါများသည် လူနာ၏ နှပ်၊ သလိပ်၊ ချောင်းဆိုး၊ တံတွေးမှုန်လေးများမှတစ်ဆင့်၊ ကိုင်မိသူ လက်များမှတစ်ဆင့် ကူးစက်ပြန့်ပွားတတ်သဖြင့် စနစ်တကျလက်ဆေးရုံဖြင့် အလွယ်တကူ ကာကွယ်နိုင်ပါသည်။

လက်ဆေးရုံဖြင့် ကာကွယ်နိုင်သော်လည်း စနစ်မကျပါက မိမိ၏ တုပ်ကွေးပိုးပေလက်မှ - ရေဘုံဘိုင်ခေါင်း၊ ဆပ်ပြာခွက်၊ လက်သုတ်ပဝါ၊ အမှိုက်ပုံးအဖုံးတို့ကို ပိုးပေစေပြီး ထိုမှတစ်ဆင့် အခြားသူများ၊ အထူးသဖြင့် မိမိအိမ်သားများကို ကူးစက်စေနိုင်ပါသည်။

ထို့ကြောင့် ဆရာဝန်၊ သူနာပြုအပါအဝင် ဆေးဝန်ထမ်းများ အားလုံး၊ ကျောင်းဆရာ၊ ဆရာမများသည် စနစ်တကျ လက်ဆေးခြင်းကို လိုက်နာကြပြီး အခြားကလေးသူငယ်၊ ကျောင်းသား၊ ပြည်သူလူထု အားလုံးကိုလည်း တိုက်တွန်းရပါမည်။ ရောဂါ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်ဆိုသကဲ့သို့ စနစ်တကျ လက်ဆေးတတ်ရန်၊ ပညာပေး သင်ကြားပေးကြရန် တာဝန်ရှိပါသည်။ အားလုံး ကျန်းမာ ချမ်းသာ ကူးစက်ရောဂါများ ကင်းဝေးကြပါစေ။ ။

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်

**မြောင်းမြ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြို့ပေါ် ရပ်ကွက်များ၌ မြောင်းမြမြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးလောက်လမ်းနှင့် ခြင်ပေါက်ပွားမှု မရှိစေရန် အဘိတ်ဆေးခတ်ပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ရပ်ကွက်များအတွင်း လိုက်လံဆောင်ရွက်ခဲ့သည်။

"သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဖြစ်စေတဲ့ ပိုးလောက်လမ်းတွေ မပေါက်ပွားအောင် အဘိတ်ဆေးခတ်တာ ဖြစ်ပါတယ်၊ မိမိတို့အိမ်မှာ ဘုရားညောင်ရေအိုးတွေကို ရေအမြဲလဲပေးပါ၊ ရေအိုင်ရေဗွက်၊ ရေတင်ကျန်နေတဲ့နေရာတွေမှာ ခြင်မပေါက်ပွားအောင် ဆောင်ရွက်ဖို့ လိုပါတယ်"ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်နော်ဆာခီးက ပြောသည်။ အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းကို မြောင်းမြမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအဆင့်တို့တွင် ကျန်းမာရေးဝန်ထမ်းများက ဌာနဆိုင်ရာများ ၊ စေတနာရှင်အဖွဲ့များနှင့် ပူးပေါင်း၍ နေအိမ်များရှိ ရေကန်များ၊ ရေတိုင်ကီများ၊ ပန်းအိုးများကိုပါ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်၍ အဘိတ်ဆေးခတ်ပေးပြီး နေအိမ်ပတ်ဝန်းကျင်ရှိ ရေမြောင်းများအား စစ်ဆေး၍ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# သွေးတိုး၊ ဆီးချိုရောဂါနှင့် နောက်ဆက်တွဲရောဂါပြဿနာများအား အခမဲ့စစ်ဆေးကုသပေး

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ကျန်းမာရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက သွေးတိုး၊ ဆီးချိုရောဂါများ ဖြစ်ပွားမှုအခြေအနေ၊ ဖြစ်ပွားစေသော အကြောင်းအရာများနှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပုဇွန်တောင်မြို့နယ် ကျန်းမာရေးဝန်ထမ်းများမှ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ သွေးတိုးရောဂါစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများပေးခြင်းတို့ကို ဒေသခံပြည်သူများအား အခမဲ့ ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

**ကိုဘုန်း(ပြန်/ဆက်)**

# နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီကို နိုင်ငံတကာအဖွဲ့အစည်းအဖြစ် ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြား

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးသန်းဝင်းက နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော နိုင်ငံတကာအဂတိလိုက်စားမှု တိုက်ဖျက်ရေးအကယ်ဒမီ (International Anti - Corruption Academy-IACA) ကို နိုင်ငံတကာအဖွဲ့အစည်း ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီသို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် အသိပညာနှင့် လုပ်ငန်းစဉ်များအပေါ် ပိုမိုအမြင်ကျယ်ပြန့်စေနိုင်ခြင်း၊ IACA က စီစဉ်သည့် ကာလတိုနှင့် ဘွဲ့လွန်သင်တန်းများသို့ စေလွှတ်နိုင်ခြင်းဖြင့် နိုင်ငံတကာကကျင့်သုံးသည့် စံချိန်စံညွှန်းများ၊ အတွေ့အကြုံများအပြင် လက်တွေ့လေ့ကျင့်မှုများ ရရှိနိုင်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ပညာရပ်တစ်ရပ်အနေဖြင့် လေ့လာဆည်းပူးနိုင်ရန် အခွင့်အလမ်းများရရှိ၍ ကျွမ်းကျင်ပညာရှင်များပေါ်ထွက်လာပြီး ရေရှည်ပြုလုပ်ရမည့်နိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေနိုင်ခြင်း၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (IACA) ကို နိုင်ငံတကာအဖွဲ့အစည်းအဖြစ် ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပါ အပြည်ပြည်ဆိုင်ရာ Convention များနှင့် သဘောတူညီချက်များ၊ ဒေသဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်ဆိုင်ရာ ကိစ္စရပ်များတွင် အကျုံးဝင်နေသည့်အတွက် နိုင်ငံတကာအဂတိလိုက်စားမှု တိုက်ဖျက်ရေးအကယ်ဒမီ (IACA) ကို နိုင်ငံတကာအဖွဲ့အစည်းအဖြစ် ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အတွင်းရေးမှူး ဦးသန်းဝင်း



ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်



ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း



သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်က အစီရင်ခံစာတွင် အကျဉ်းထောင်များ၌ လူဦးရေကျပ်တည်းနေခြင်းကြောင့် တာဝန်ရှိဝန်ထမ်းများအနေဖြင့် စီမံအုပ်ချုပ်မှု အခက်အခဲများ အလွန်များပြားခြင်း၊ ဝန်ထမ်းအင်အား နည်းပါးသဖြင့် အနားယူရသည့်အချိန်နည်းပါး ခြင်း၊ အကျဉ်းသားများအနေဖြင့် အိပ်စက်ရန်နေရာ ကျဉ်းမြောင်းကျပ်တည်းသဖြင့် ကျန်းမာရေး၊ လူမှုရေးပြဿနာများ ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် အကျဉ်းသားဦးရေလျှော့ချနိုင်ရေးအတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သင့်ပါကြောင်း။

အကြောင်းအမျိုးအမျိုးကြောင့် ရောက်လာကြသည့် အကျဉ်းသူ အကျဉ်းသားများသည် လူသားများဖြစ်သည့်အတွက် ကျန်းမာရေး၊ စိတ်ဓာတ်ခွန်အားမပျက်ပြားစေရေးစသည့် အချက်များကိုထည့်သွင်းစဉ်းစားပြီး လိုအပ်သည့်နေရာများတွင် အကျဉ်းထောင်များ ထပ်မံဆောက်လုပ်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အမျိုးသမီးကုန်ထုတ်စခန်းများ လုံးဝမထားရှိဘဲ ပိတ်ပင်ရန် တိုက်တွန်းလိုပါကြောင်း၊ အလွန်ပင်ပန်းဆင်းရဲပြီး အဆိုးဆုံးသော အလုပ်ကြမ်းမျိုးဖြစ်သည့်အတွက် နာတာရှည် ရောဂါစွဲကပ်ပြီး အကျဉ်းစခန်းမှလွတ်သော်လည်း ပြင်ပတွင် ရောဂါအခံကြောင့် သေဆုံးရန်သာများသည့်အတွက် အလုပ်သမားအခွင့်အရေး ILO ၏ စံနှုန်းများနှင့် ကိုက်ညီမှုမရှိသည်ကို လက်ခံစဉ်းစားပြီး အလုပ်ကြမ်းများခိုင်းစေခြင်း စသည့်မသင့်တော်သည့် အချက်အဖြစ်ထောက်ပြမှုသည်ပြုပြင်သင့်သည့် လုပ်ရပ်ဖြစ်သောကြောင့် ကြိုဆိုပါကြောင်း။

အပြင်လောကတွင် တက္ကသိုလ်ဝင်တန်းပညာကို ခဲရာခဲဆစ်သင်ကြားနေရချိန်၊ အောင်မြင်ရန် ခက်ခဲနေချိန်တွင် ရန်ကုန်၊ မန္တလေးဗဟိုအကျဉ်းထောင်တို့၏ အောင်ချက်များ ပိုမိုမြင့်တက်နေပါကြောင်း၊ သင်ကြားပေးလျက်ရှိသည့် ထောင်တွင်းအကျဉ်းစံဆရာများ၏ တစ်နှစ်တာလုံးကြိုးစားအားထုတ်မှုများအတွက် အသိအမှတ်ပြုသည့်အနေဖြင့် ၎င်းတို့ကိုလည်း လျှော့ရက်၊ လွတ်ရက်များ သက်သာခွင့်ပေးနိုင်ရန် အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် မှတ်ချက်ပြုထောက်ခံပေးထားမှုကို ထိထိ ရောက်ရောက် အကောင်အထည်ဖော်သင့်ပါကြောင်း ဆွေးနွေးသည်။

သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က အကျဉ်းထောင်များတွင် အကျဉ်းသားဦးရေကျပ်တည်းမှုကို လေ့လာသည့်အခါ မူးယစ်ဆေးဝါးအမှုဖြင့် အကျဉ်းကျသည့်ဦးရေသည် သာမန်အမှုများဖြင့် အကျဉ်းကျသည့် ဦးရေထက်အလွန်များပြားနေသည်ကို သိရသည့်အတွက် ကော်မရှင်၏ အစီရင်ခံစာပါ အပိုဒ် ၁၀၆၊ ၁၀၇ ပါအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန် ကော်မရှင်အနေဖြင့် ပေါင်းစပ်ညှိနှိုင်းတိုက်တွန်းပေးရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် အကျဉ်းထောင်များ၌ မူးယစ်ဆေးဝါးများ ဖမ်းဆည်းရမိသည့် အခြေအနေများ ဖြစ်နေပြီဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် အထူးဂရုပြုပြီး ပင်မထုတ်လုပ်ဖြန့်ဖြူးနေသူများကို ကြိုးစားဖော်ထုတ်အရေးယူရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာပေးခြင်း၊ တရားဥပဒေစိုးမိုးမှုကို ထိရောက်စွာဆောင်ရွက်ပေးခြင်း၊ ပြစ်မှုကျူးလွန်သူများ နည်းပါးလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် အကျဉ်းသားဦးရေ လျော့နည်းစေမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးရဲထွဋ်၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ နော်လှလှစိုး၊ ဇဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ဇန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခေါ်) ဦးပြုံးချို၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်နှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က အထက်ပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ဆောင်ရွက်ရန်လျာထားကြောင်း ကြေညာသည်။

## ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၉/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ (၉/၂၀၁၉) အစီရင်ခံစာ အကြံပြုချက်အတိုင်း EDB ညွှန်းကိန်းအဆင့်တိုးတက်ကောင်းမွန်လာရန် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်၊ အတွေ့အကြုံများအတိုင်း လေ့လာကြိုးပမ်းဆောင်ရွက်ရမည့်အပြင် နိုင်ငံတော်အစိုးရ၏ ဌာနအသီးသီးတွင်ရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်တွင် ဖြတ်ကျော်နေရဆဲ ကြိုးနီစနစ်များကို လုံးဝဖြေလျှော့ပြီး နိုင်ငံတော်အနေဖြင့် အာမခံချက် အပြည့်အဝပေးနိုင်မှသာ Ease of Doing Business ညွှန်းကိန်းတိုးမြှင့်ရန်အတွက် လက်တွေ့အကောင်အထည်ဖော်ရာရောက်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ထိထိရောက်ရောက် ဆွဲဆောင်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက JV, Law မရှိခြင်း၊ ကြိုက်သလိုအပေးအယူညှိနေရခြင်း၊ အစိုးရပါဝင်သည့်ရင်းနှီးမြှုပ်နှံမှုများဖြစ်၍ အချိန်ကြာမြင့်နေခြင်းများ စသည့်အဓိကအကြောင်းရင်းများကြောင့် စီမံကိန်းများအကောင်အထည် မဖော်နိုင်ခြင်းဖြစ်ပါကြောင်း၊ သူဌေးစီမံကိန်းသည် ယခုအခါ ကိုးနှစ်ကျော်သွားပြီဖြစ်သော်လည်း ပြီးစီးရန် နောက်ထပ်ခြောက်နှစ်ကျော်စောင့်ရဦးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က လိုအပ်နေသည့် လျှပ်စစ်မီးရရှိရေးရည်မှန်းချက်ကို အထောက်အကူပြုရန် နိုင်ငံခြား Consultant များကို ငှားရမ်းထားရသဖြင့် စီမံကိန်းကုန်ကျစရိတ်သက်သာသည်ဆိုသည်မှာ ဖြစ်နိုင်မဖြစ်နိုင်စဉ်းစားရန် လိုအပ်ပါကြောင်း၊ တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးအနည်းဆုံးဖြင့် လျှပ်စစ်မြန်မြန်ရရှိနိုင်မည့် နည်းလမ်းကောင်းများကို အသုံးပြုပြီး စီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် ၂၀၃၀ ပြည့်နှစ် တစ်နိုင်ငံလုံး မီးလင်းရေးစီမံချက်သည် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ ကျောက်ဆည် မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကွယ်ကွယ်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမောင်မောင်အုန်း၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းတို့က ဆွေးနွေးကြသည်။



ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း

ပြည်ထောင်စုလွှတ်တော် နာယက က အထက်ပါအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် ၎င်းအပေါ်ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၉/၂၀၁၉) တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက ပထမခြောက်လပတ် လျာထားအသုံးစရိတ်ကို ရာခိုင်နှုန်းပြည့် အပြည့်အဝမသုံးစွဲနိုင်သကဲ့သို့ တစ်နှစ်လုံး၏ မူလခန့်မှန်းခြေနှင့် နှိုင်းယှဉ်တွက်ချက်ကြည့်လျှင် အသုံးစရိတ်များသည် ၅၀ ရာခိုင်နှုန်းမကျော်သည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ခါနီးတွင် ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းများ ရေးဆွဲတင်ပြသည့်အခါ အသုံးစရိတ်များတွင် ပိုငွေပြန်အပ်ခြင်းများ မတွေ့ရဘဲ အသုံးစရိတ်ထပ်မံတောင်းခံကြခြင်းကိုသာ တွေ့မြင်ရပါကြောင်း။

သို့ပါ၍ ဘဏ္ဍာရေးနှစ် တစ်နှစ်၏ ပထမခြောက်လပတ် ရငွေသုံးငွေများတင်ပြအတည်ပြုသည့်အခါ စီမံကိန်းများကိုသာ ကြည့်ရှုအတည်ပြုခြင်းမဟုတ်ဘဲ ပြုပြင်ပြီးခန့်မှန်းခြေရေးဆွဲရာတွင် မှန်ကန်သော ကိန်းဂဏန်းများရရှိစေရန် ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လပတ် စာရင်းများကို အခြေခံ၍ သေချာစွာ စိစစ်ရေးဆွဲအတည်ပြုသွားရန် အရေးကြီးပါကြောင်း၊ သို့မှသာဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ ခွင့်ပြုအသုံးစရိတ်များအား အသုံးမပြုနိုင်သဖြင့် ပြန်အပ်ငွေများမရှိတော့ဘဲ ထိရောက်သော အသုံးစရိတ်များ ဖြစ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်တို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက က အထက်ပါအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆောင်ရွက်ရန် လျာထားကြောင်းကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွှေးကြူဇင်**
**ဓာတ်ပုံ-ထန်းဖုန်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် YTV မှ အမှုဆောင်အရာရှိချုပ်နှင့် ယူနန် TV မှ ဒုတိယအထွေထွေမန်နေဂျာတို့အား သီးခြားစီလက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Lee Sang-hwa အား ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ YTV မှ အမှုဆောင်အရာရှိချုပ် ဒေါ်နန်းစောထွေးနှင့် ယူနန် TV မှ New Media ဆိုင်ရာ Deputy General Manager, Mr. Yu Lei ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

**ရုပ်ရှင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး**

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုပ်ရှင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် အောက်တိုဘာ ၇ ရက်မှ ၃၁ ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၁၉ Kwanhun-KPF Press Fellowship အစီအစဉ်သို့ ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာသမားများ စေလွှတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ**

YTV မှ အမှုဆောင်အရာရှိချုပ်၊ ယူနန် TV မှ Deputy General Manager တို့နှင့် တွေ့ဆုံစဉ် ရုပ်မြင်သံကြားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် New Media ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Lee Sang-hwa အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

# အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် (၁၁)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

**အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် (၁၁)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် ၁၅ ၌ ကျင်းပသည်။**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် (၁၁)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန်များ၊ ဆက်စပ်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

**အိမ်ရှင်အဖြစ် လက်ခံကျင်းပ**

အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းစသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အာဆီယံအဖွဲ့ကြီးက သဘောတူဆုံးဖြတ်ထားသည့် လုပ်ငန်းများအား အသိုက်အဝန်းတစ်ခုစီ၏ လုပ်ငန်းသဘောသဘာဝနှင့် သက်ဆိုင်နေသောအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရဌာနများက အကောင်အထည်ဖော်ပေးလျက်ရှိပြီး ကဏ္ဍအလိုက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများ၏အက္ခရာစဉ်အလိုက် အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရသည့် လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

**လေးရက်ကြာ ကျင်းပမည်**

အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း (ASCC) အောက်၌ အကျုံးဝင်နေသည့် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရာတွင် ၂၀၁၉ ခုနှစ်သည် မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်းနှင့်အတူ အောက်တိုဘာလတွင် ကျင်းပမည့် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်၍ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ အာဆီယံ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ အာဆီယံဖိုရမ်၊ အာဆီယံ ခေါင်းဆောင်မှုအရည်အချင်းဆု Leadership Award ချီးမြှင့်ပွဲနှင့် Side event အနေဖြင့် Gender Mainstreaming on Rural Development and Poverty Eradication with FAO and WFP တို့ကို တစ်ဆက်တစ်စပ်တည်း လေးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

**အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေး**

ဝန်ကြီးအဆင့် အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍ၌ တာဝန်ယူထားကြသည့် ဝန်ကြီး ၁၀ ဦး အပါအဝင် ၅၄ ဦးခန့် တက်ရောက်ကြမည်ဖြစ်ပြီး အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးများတွင် အဆင့်မြင့်အရာရှိကြီး ၁၀ ဦးအပါအဝင် ၁၁၆ ဦး ပါဝင်တက်ရောက်မည်ဖြစ်သဖြင့် ပြည်ပအဆင့်မြင့်ဧည့်သည်များ တက်ရောက်ကြမည်ဖြစ်ရာ အစည်းအဝေးများအား ဆက်စပ်ဝန်ကြီးဌာနများ၏ ပေါင်းစပ်ကူညီမှုဖြင့် မိမိတို့နိုင်ငံ ဂုဏ်သိက္ခာနှင့်အညီ အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ ကျင်းပရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျော်ဖုံးမှ*

ဖြတ်ကျော်ကာ အင်းလေးကန်အတွင်း သွားရောက်လည်ပတ်နိုင်ခြင်းကြောင့် ခရီးသွားများ ပိုမိုနှစ်ခြိုက်ကြကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်နယ်ရုံးမှ သိရသည်။

လွိုင်ကော်မြို့မှ ရေလမ်းခရီးဖြင့် အင်းလေးသို့သွားလာရန် ယခင်က ရေတံခါးကို အချိန်ဖြင့်သာ ဖွင့်ပေးသော်လည်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၄ နာရီ သွားလာနိုင်အောင် ရေတံခါးတွင် အချိန်ပြည့် ဝန်ထမ်းများကို ထားရှိဆောင်ရွက်ပေးနေကြောင်း သိရသည်။

"မိုးဗြဲရေလှောင်တမံကိုရောက်ဖို့ လွိုင်ကော်ကနေ ၁၅ မိနစ်ကြာ စက်လှေစီးရပါတယ်။ ဖယ်ခုံမြို့အထိဆိုရင် ၄၅ မိနစ်အကြာ စီးနင်းရသလို လွိုင်ကော်ကနေ အင်းလေးအထိဆိုရင် အချိန် ၁ နာရီခွဲဝန်းကျင် စီးနင်းရတာ ဖြစ်ပါတယ်။ အများစုကတော့ ရေလမ်းခရီးကနေ မြင်တွေ့ရမယ့် သဘာဝအလှအပတွေကို ကြည့်ရှုဖို့အတွက်ဖြစ်ပါတယ်။ အချိန်မရွေးသွားလာနိုင်တဲ့အတွက် အတော်လေး အဆင်ပြေတယ်လို့ ဆိုရပါမယ်။ ရေတံခါးမှာ စက်လှေတစ်ခါဖြတ်ရင် လေးစီးအထိ သွားလို့ ရပါတယ်။ ရေတံခါးဖြတ်သန်းချိန်ကတော့ ငါးမိနစ်သာကြာမြင့်ပါတယ်"ဟု ကယန်းအလှခရီးသွားလုပ်ငန်းမှ တာဝန်ခံ ဦးသန်းထွေးက ရှင်းပြသည်။

ရေတံခါးဖြတ်ကျော်ရမှုကြောင့်လည်း ခရီးစဉ်ကို လူစိတ်ဝင်စားခြင်းဖြစ်ပြီး ရေအမြင့်ကို ချိန်ညှိကာ တံခါးများကို အတင်အချပြုလုပ်ပေးခြင်းဖြင့် ရေလှောင်တမံမှတစ်ဆင့် အင်းလေးကန်အတွင်းသို့ ဖြတ်သန်းဝင်ရောက်ရခြင်းဖြစ်သည်။ ရေလမ်းခရီး ပိုမိုခေတ်စားလာခြင်းကြောင့် သမိုင်းဝင် မိုးဗြဲဘုရားဖူးမြော်သူများနှင့် စည်ကားလာပြီး လွယ်ပန်းဆုံအပါအဝင် စက်လှေခရီးတစ်လျှောက်မှ ကျေးရွာဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိလာပြီဖြစ်သည်။ စက်လှေခရီးတွင် ဘုရားနီ၊ ဖောင်းတော၊ ဘုရားဖြူကျေးရွာများမှ ဒေသခံများ၏ ရိုးရာနေထိုင်မှုများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း လေ့လာနိုင်ကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

စက်လှေတစ်စင်းတွင် ခရီးသည်ခြောက်ဦးခန့် တင်ဆောင်သွားကြပြီး ခရီးသွားလာစဉ် လုံခြုံရေးအတွက်ပါ ကြိုတင်စီမံမှုများ ပြုလုပ်ထားကြောင်း သိရသည်။ မိုးဗြဲရေလှောင်တမံမှ စိုက်ပျိုးရေးအတွက်လည်း စိုက်ပျိုးမြေဧက နှစ်သောင်းအား ရေပေးဝေနိုင်ခြင်းကြောင့် ဒေသကိုအကျိုးပြုသည့် ရေလှောင်တမံဖြစ်ကြောင်း သိရသည်။

**ကယားပြည်နယ် (ပြန်/ဆက် သတင်းအဖွဲ့သားများ)**

## ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနိုင်

**နေပြည်တော် ဇူလိုင် ၂၄**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# နိုင်ငံတော်အစိုးရအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ မူဝါဒတွေချမှတ်ပြီး ရွှေ့ပြောင်းသွားလာမှုဆိုင်ရာစီမံခန့်ခွဲမှုတွေကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေ

**မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်လိုအပ်ခြင်း၊ ဒေသတွင်းနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်အားခကွာဟခြင်း၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာတိုးတက်လာပြီး လူမှုဆက်သွယ်ရေးကွန်ရက် ပိုမိုကျယ်ပြန့်လာခြင်းများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများ ပိုမိုများပြားလာသည်။**

**ထိုသို့ များပြားလာသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**



ဦးဝင်းရှိန်
ညွှန်ကြားရေးမှူးချုပ်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

**မေး ။ ။ မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံတွေကို ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နေကြတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုအခြေအနေတွေကြောင့် ရွှေ့ပြောင်းလုပ်ကိုင်မှု အများဆုံးဖြစ်လာရတယ်ဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဒီနေ့ခေတ် ကမ္ဘာတစ်ဝန်းမှာ ရွှေ့ပြောင်းသွားလာခြင်းဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေပြီး ရွှေ့ပြောင်းသွားလာမှုတွေဟာ ဝင်ငွေကောင်းမွန်ပြီး လူနေမှုအဆင့်အတန်း မြင့်မားစေဖို့၊ ပိုမိုကောင်းမွန်တဲ့ဘဝ ရရှိဖို့နဲ့ လူမှုဘဝတိုးတက်ဖို့အတွက် ရွှေ့ပြောင်းလုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။

ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်ခြင်းကြောင့် အကျိုးကျေးဇူးတွေရရှိနိုင်သလို စိန်ခေါ်မှုနဲ့ အခက်အခဲတွေလည်း ကြုံတွေ့နိုင်ပါတယ်။ ပြည်ပကို ရွှေ့ပြောင်းလုပ်ကိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိခြင်း၊ သင့်တင့်တဲ့ဝင်ငွေရရှိခြင်း၊ မိသားစုလွဲပို့ငွေကနေတစ်ဆင့် နိုင်ငံတော်ရဲ့ GDP မြင့်တက်စေခြင်း၊ မိသားစုဝင်တွေအတွက် သွားရောက်လုပ်ကိုင်ကြရပါတယ်။ ကျွမ်းကျင်မှုအသင့်အတင့်နဲ့ ကျွမ်းကျင်မှုအနည်းငယ်ရှိသူ မြန်မာအလုပ်သမားအများစုဟာ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ကိုရီးယားနိုင်ငံတွေကို သွားရောက်လုပ်ကိုင်လျက်ရှိပါတယ်။

**မေး ။ ။ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ရရှိနိုင်ရေး ဆောင်ရွက်ပေးနေတဲ့ အခြေအနေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ ။ ။ နိုင်ငံတော်အစိုးရအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ မူဝါဒတွေချမှတ်ပြီး ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံခန့်ခွဲမှုတွေကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေပြီး ခေတ်နဲ့လျော်ညီတဲ့ ဥပဒေတွေအဖြစ် ပြင်ဆင်ရေးဆွဲခြင်း၊ ဆိုက်ရောက်နိုင်ငံတွေနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ အလုပ်သမားဥပဒေအတိုင်း ခံစားခွင့်ရရှိပြီး လုံခြုံစိတ်ချစွာ လုပ်ကိုင်နိုင်ဖို့နဲ့ လူကုန်ကူးခံရခြင်း မရှိစေဖို့ အလုပ်သမားသံအရာရှိ ငါးဦးကို ထိုင်းနိုင်ငံ၊ နှစ်ဦးကို မလေးရှားနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံမှာ တစ်ဦး ခန့်ထားပြီးတော့ အလုပ်သမားတွေကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်သမားသံအရာရှိ မစေလွှတ်နိုင်တဲ့နိုင်ငံတွေမှာ သက်ဆိုင်ရာ နိုင်ငံက မြန်မာသံရုံးတွေနဲ့ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

### မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအတွက် ပူးပေါင်းဆောင်ရွက်ပေး

သာဓကအနေနဲ့ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအတွက် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ အလုပ်သမားသံအရာရှိ ငါးဦးနဲ့ မြန်မာအလုပ်သမားများအရေး ကူညီဆောင်ရွက်ပေးနေတဲ့



ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လာသူ မြန်မာနိုင်ငံသားများကို မြဝတီမြို့၌ တွေ့ရစဉ်။

အဆင်ပြေစေခြင်းစတဲ့ ကောင်းကျိုးတွေရရှိနိုင်သလို လူကုန်ကူးခံရခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခံရခြင်း၊ အန္တရာယ်ရှိပြီး ကျန်းမာရေးနဲ့ မညီညွတ်တဲ့ လုပ်ငန်းခွင်တွေမှာ လုပ်ကိုင်ရခြင်းစတဲ့ ဆိုးကျိုးတွေလည်း ကြုံတွေ့နိုင်ပါတယ်။

### အလုပ်အကိုင်အခွင့်အလမ်းပိုမိုဖန်တီးပေး

မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးဖို့ လိုအပ်ခြင်း၊ ဒေသတွင်းနိုင်ငံတွေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်အားခကွာဟခြင်း၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာတိုးတက်လာပြီး လူမှုဆက်သွယ်ရေးကွန်ရက် ပိုမိုကျယ်ပြန့်လာခြင်းတွေကြောင့် ပြည်ပနိုင်ငံတွေကို သွားရောက်လုပ်ကိုင်မှု ပိုမိုများပြားလာပါတယ်။

ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနဲ့ ပတ်သက်ပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ လုပ်ငန်းကျွမ်းကျင်သူ မြန်မာအလုပ်သမား အနည်းငယ်သာ ဖွံ့ဖြိုးပြီးနိုင်ငံ (ဂျပန်၊ စင်ကာပူ) တွေကို FED၊ MWRN၊ JACBA လို လူမှုအဖွဲ့အစည်းတွေအပြင် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(Myanmar Overseas Employment Agencies Federation-MOEAF) တို့နဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

### လူမှုဖူလုံရေးဥပဒေအရ အခြားခံစားခွင့်ရရှိ

ထိုင်းနိုင်ငံရောက် ပကန်စခွန်(လူမှုဖူလုံရေး) ဝင်ထားတဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ ထိုင်းနိုင်ငံက ဘယ်အစိုးရဆေးရုံမှာမဆို ဆေးကုသခွင့်ရှိပြီးတော့ လူမှုဖူလုံရေးဥပဒေအရ အခြားခံစားခွင့်တွေပါ ခံစားရရှိမှာဖြစ်ပါတယ်။ လူမှုဖူလုံရေးအကျုံးမဝင်တဲ့ စိုက်ပျိုးရေး၊ ရေလုပ်သား၊ အိမ်တွင်းအထောက်အကူပြုလုပ်ငန်းတွေမှာ လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ ဆေးရုံကတ် ဝယ်ယူနိုင်ပြီး အဲဒီဆေးရုံမှာပဲ ဆေးကုသခွင့်ရရှိမှာဖြစ်ပါတယ်။



ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများကို လွှဲပြောင်းပေးအပ်စဉ်။

ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ ကိုယ်သွားရောက်လုပ်ကိုင်လိုတဲ့ နိုင်ငံနဲ့ စပ်လျဉ်းပြီး မဖြစ်မနေသိထားရမယ့် သတင်းအချက်အလက်တွေရရှိနိုင်ဖို့၊ လက်ရှိလုပ်ငန်းခွင်မှာ အခက်အခဲကြုံတွေ့ရရင် ဆက်သွယ်ဆောင်ရွက်နိုင်ဖို့ တိုင်းဒေသကြီး၊ ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွေနဲ့ အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးတွေအပြင် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီနိုင်ရေးဗဟိုဌာန (Migrant Resource Center- MRC) တွေမှာ ဆက်သွယ်နိုင်ပါတယ်။

ပြီးတော့ ဦးစီးဌာနရဲ့ facebook Page ဖြစ်တဲ့ Safe Migration၊ နေပြည်တော်က Complaint Mechanism ၀၆၇ - ၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄ နဲ့ ရန်ကုန်က Complaint Mechanism ၀၁-၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇ နဲ့ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ ၀၆၇-၄၃၀၁၈၃၊ ၀၆၇-၄၃၀၁၈၅ တွေမှာ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါတယ်။

ထိုင်း၊ မလေးရှားနဲ့ ကိုရီးယားနိုင်ငံက မြန်မာသံရုံးနဲ့ အလုပ်သမားသံအရာရှိတွေဆီကို ဖုန်း၊ Viber ၊ Line ကနေ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါတယ်။

**မေး ။ ။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေအတွက် ဆောင်ရွက်ပေးခဲ့မှုအခြေအနေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ထိုင်းနိုင်ငံမှာ တရားမဝင်ရောက်ရှိနေတဲ့ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို ၂၀၀၉ ခုနှစ် ဇူလိုင်ကနေ ၂၀၁၃ ခုနှစ် ဩဂုတ်အထိ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းတွေ ဖွင့်လှစ်ပြီး ၁၆၈၀၅၅၆ ဦးကို အထောက်အထားတွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ထိုင်းနိုင်ငံရောက် ပြည်ဝင်ခွင့်ဗီဇာသက်တမ်းလေးနှစ်ပြည့် အလုပ်သမားတွေအနက် နိုင်ငံသားအထောက်အထားတင်ပြနိုင်ပြီး ယာယီမြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းမကျန်ရှိသူတွေအတွက် ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့က ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှာ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်ဖွင့်လှစ်ပြီး ၂၀၁၉ ခုနှစ် မေ ၃၁ ရက်အထိ ၈၈၂၈၅ ဦးကို သာမန်နိုင်ငံကူးလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

### နိုင်ငံသားအထောက်အထားတင်ပြ

ထိုင်းနိုင်ငံက ထုတ်ပေးထားတဲ့ ဘတ်ကတ်ခေါ်တဲ့ TR-38 ယာယီနေထိုင်လုပ်ကိုင်ခွင့်လက်မှတ် ကိုင်ဆောင်ထားတဲ့ မြန်မာအလုပ်သမားတွေအနက် နိုင်ငံသားအထောက်အထား တင်ပြနိုင်တဲ့ အလုပ်သမားတွေကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနစိတ်က ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်ကနေ ၂၀၁၉ ခုနှစ် မေ ၃၁ရက်အထိ သာမန်နိုင်ငံကူးလက်မှတ် ၁၂၅၇၉၉ ဦး ထုတ်ပေးနိုင်ခဲ့ပါတယ်။

ယာယီမြန်မာနိုင်ငံကူးလက်မှတ်သက်တမ်း ကျန်ရှိသူတွေကို မယ်ဆိုင်၊ မဲဆောက်နဲ့ ရနောင်းမြို့တွေမှာ ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်ကစပြီး One Stop Service Center တွေ ဖွင့်လှစ်ပြီး အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးပေးခဲ့ရာမှာ ပိတ်သိမ်းခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်အထိ အလုပ်သမား ၅၇၅၅၄၄ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မြန်မာအလုပ်သမားတွေ ပိုမိုအဆင်ပြေစေဖို့ မြန်မာအလုပ်သမား အများဆုံးရှိတဲ့ စမုစခွန်(မဟာချိုင်) မှာ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်ရဲ့ အချက်အလက်ကောက်ယူရေးဌာနခွဲ (Temporary Data Collection Center) ကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်မှာ စတင်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အထူးကိစ္စရပ်အနေနဲ့ နှစ်နိုင်ငံညှိနှိုင်းပြီး နိုင်ငံသားအထောက်အထား မတင်ပြနိုင်တဲ့ အလုပ်သမားတွေကို စမုစခွန် (မဟာချိုင်) (၁) နဲ့ (၂)၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်၊ ရနောင်း၊ ချင်းမိုင်၊ နခွန်စဝမ်၊ ဆောင်ခလာမြို့တို့မှာ စခန်း ကိုးခု ဖွင့်လှစ်ပြီး မြန်မာအလုပ်သမား အများဆုံးရှိတဲ့ ဒေသတွေကို Mobile Team နဲ့ သွားရောက်ကာ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးခဲ့ရာမှာ ၂၀၁၇ ခုနှစ် မတ် ၃ ရက်ကနေ ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်အထိ ၁၀၉၉၅၈၆ ဦးအထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**မေးမြန်း-မော်စီ၊ ဓာတ်ပုံ-ထိန်နန်နော်**

**“ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ ကိုယ်သွားရောက်လုပ်ကိုင်လိုတဲ့ နိုင်ငံနဲ့ စပ်လျဉ်းပြီး မဖြစ်မနေသိထားရမယ့် သတင်းအချက်အလက်တွေရရှိနိုင်ဖို့၊ လက်ရှိလုပ်ငန်းခွင်မှာ အခက်အခဲကြုံတွေ့ရရင် ဆက်သွယ်ဆောင်ရွက်နိုင်ဖို့ တိုင်းဒေသကြီး၊ ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွေနဲ့ အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးတွေအပြင် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီနိုင်ရေးဗဟိုဌာန (Migrant Resource Center- MRC) တွေမှာ ဆက်သွယ်နိုင်”**

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ယ) **မသန်စွမ်းကလေးသူငယ်** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များအား ရေရှည်ခံစားနေရသော ကလေးသူငယ်ကို ဆိုသည်။

(ရ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကို ဆိုသည်။

(လ) **တည်ထောင်ခွင့်ပြုမိန့်** ဆိုသည်မှာ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၊ လူမှုရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းက ပရဟိတဂေဟာ သို့မဟုတ် ယာယီ စောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ရန် ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပေးသော တည်ထောင်ခွင့်ပြုမိန့်ကို ဆိုသည်။

(ဝ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပရဟိတ ဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေး ဂေဟာကို တည်ထောင်ဖွင့်လှစ်ထားလျှင်ဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(သ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(ဟ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဠ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီ၊ ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီ၊ ခရိုင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ သို့မဟုတ် မြို့နယ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာကော်မတီကို ဆိုသည်။

(အ) **လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ကက) ကလေးသူငယ်ကြီးကြပ်သူ ဆိုသည်မှာ ဤဥပဒေပါ ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ခခ) မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိ ဆိုသည်မှာ ဤဥပဒေအရ မွေးစားခြင်းကို မှတ်ပုံတင်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့မှ လူမှုဝန်ထမ်းအရာရှိ အသီးသီးကို ဆိုသည်။

(ဂဂ) ထောင်ဒဏ်တစ်သက် ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်း ရရှိရေးအပါအဝင် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဃ) လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များအား နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊

(င) ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးနှင့်အကာအကွယ်တို့ တန်းတူညီမျှမှုရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန်။

## အခန်း (၃)
## အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၃) | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေး ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) | ကလေးသူငယ်၏အကောင်းဆုံးအကျိုး စီးပွားများအတွက် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ အမျိုးသားကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအမံများ ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်ထားသော မူဝါဒများနှင့်အညီ ကလေးသူငယ်၏ အခွင့်အရေးများကို လေးစားရေး၊ အကာအကွယ်ပေးရေးနှင့် အပြည့်အဝခံစားစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အရင်းအမြစ်များရရှိရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူရေးနှင့် ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ရန်ပုံငွေထူထောင်ပြီး ထိရောက်စွာ အသုံးပြုစေရေးတို့အတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ သင့်လျော်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကလေးသူငယ်များ ပြစ်မှုမကျူးလွန်စေရေးအတွက် ကြိုတင်ကာကွယ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ်များ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း၊

(ဈ) ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သော အစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံရယူစုစည်းပြီး နှစ်စဉ်ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က လမ်းညွှန်သည့် ကလေးသူငယ်ဆိုင်ရာ အခြားလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

၇။ (က) အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ခ) အမျိုးသားကော်မတီ၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

## အခန်း (၄)
## ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ၊ ပြည်ထောင်စုနယ်မြေ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် မြို့နယ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာကော်မတီများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည် -

(၁) ပုဒ်မခွဲ (က) အရ မိမိတို့ ဖွဲ့စည်းထားသော ဒေသဆိုင်ရာ ကော်မတီအသီးသီးကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(၂) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(၃) ဒေသဆိုင်ရာကော်မတီများ၏ လုပ်ငန်းတာဝန်များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ ကူညီပံ့ပိုးခြင်း ပြုနိုင်သည်။

၉။ ဒေသဆိုင်ရာ ကော်မတီအသီးသီးသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီနှင့် ကော်မတီအဆင့်ဆင့်တို့၏ လမ်းညွှန်မှုနှင့် ကြီးကြပ်မှုကိုခံယူ၍ ဆောင်ရွက်ရမည်။

၁၀။ (က) ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်သည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ တစ်ဆင့်မြင့်ရှိ ဒေသဆိုင်ရာ ကော်မတီသို့ အစီရင်ခံစာ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ အဆင့်ဆင့်သည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် အမျိုးသား ကော်မတီသို့ အဆင့်ဆင့် တင်ပြရမည်။

## အခန်း (၅)
## လူမှုဝန်ထမ်းအရာရှိနှင့် ကလေးသူငယ်ကြီးကြပ်သူများခန့်အပ်တာဝန်ပေးခြင်း

၁၁။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသောဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ အောက်ဖော်ပြပါ လူမှုဝန်ထမ်းဦးစီးဌာန အဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်၍ လိုအပ်သော လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ် ကြီးကြပ်သူများကို ခန့်အပ်တာဝန်ပေးနိုင်သည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(ဃ) ခရိုင်လူမှုဝန်ထမ်း ဦးစီးမှူးရုံး၊

(င) မြို့နယ်လူမှုဝန်ထမ်း ဦးစီးမှူးရုံး။

၁၂။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၁၁ အရ လူမှုဝန်ထမ်းဦးစီးမှူးရုံး အဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခြင်း မပြုနိုင်သေးသော နယ်မြေဒေသများတွင် ဤဥပဒေအရ လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ် ကြီးကြပ်သူများ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံ့ဝန်ထမ်းကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် နိုင်ငံသားကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။ နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် နိုင်ငံသားကို သတ်မှတ်ထားသော စရိတ်ချီးမြှင့်ငွေ ထောက်ပံ့ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်လိုသည့် အခြားဌာနများမှ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ယူခွင့်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၄

**လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ (မသန်စွမ်းကလေးများအတွက် အကျုံးဝင်မှု) Seminar on Inclusive Education-Inclusion for Children with Disabilities ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည်။**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် နိုင်ငံသားများ၏မွေးရာပါ အခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်နှင့်အညီ အခြေခံပညာကို နိုင်ငံသားတိုင်း သင်ယူတတ်မြောက်ရေး၊ ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး အတွက် မသန်စွမ်းသူများအပါအဝင် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်၊ အထူးပညာရေးအစီအစဉ်နှင့် ပညာရေး အထူးဝန်ဆောင်မှု အစီအစဉ်များအရ ကျောင်းပညာရေးသို့မဟုတ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးတစ်ခုခုတွင် အခြေခံပညာ သင်ယူနိုင်ခွင့်ရရှိရေး၊ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးမူဝါဒများနှင့်အညီ မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ယူခွင့်ရရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူမရှိစေရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပညာသင်ထောက်ပံ့ကြေးပေး**

မသန်စွမ်းကလေးများအနေဖြင့် အခြားသော ကလေးငယ်များနည်းတူ ပညာသင်ယူခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်စောင့်ရှောက်ခွင့်များ ခံစားရရှိစေရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကချင်၊ မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်ရှိအခြေခံပညာကျောင်းများ၌ မသန်စွမ်းမူလတန်းကျောင်းသား ၈၄၃ ဦး၊ အလယ်တန်းကျောင်းသား ၃၅၂ ဦး၊ အထက်တန်းကျောင်းသား ၈၆ ဦးဖြင့် စုစုပေါင်း ၁၂၈၁ ဦး ပညာသင်ယူလျက်ရှိပါကြောင်း၊ ၎င်းတို့အား ပညာသင် ထောက်ပံ့ကြေးအနေဖြင့် မူလတန်းအဆင့်အား တစ်လလျှင် ကျပ် ၅၀၀၀ (တစ်နှစ်လျှင် ကျပ် ၅၀၀၀၀)၊ အလယ်တန်းအဆင့်အား တစ်လလျှင် ကျပ် ၈၀၀၀ (တစ်နှစ်လျှင် ကျပ်၈၀၀၀၀)၊ အထက်တန်း အဆင့်အား တစ်လလျှင် ကျပ် ၁၀၀၀၀ (တစ်နှစ်လျှင် ကျပ် ၁၀၀၀၀၀) နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ (မသန်စွမ်းကလေးများအတွက် အကျုံးဝင်မှု)တွင် အမှာစကားပြောကြားစဉ်။

၂၀၁၉ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မှုတွင်လည်း အမြင်မသန်စွမ်းသူ ၂၄ ဦး ဖြေဆိုရာတွင် လေးဦးအောင်မြင်ခဲ့ပါကြောင်း၊ အကြားမသန်စွမ်းသူ ၁၅ ဦး ဖြေဆိုရာတွင် နှစ်ဦး အောင်မြင်ခဲ့ပါကြောင်း၊ ကိုယ်လက်မသန်စွမ်းသူ ၁၁၁ ဦး ဖြေဆိုရာတွင် ၂၆ ဦး အောင်မြင်ခဲ့ပါကြောင်း၊ အရည်အသွေးရှိသောပညာရေးဖြင့် လူတိုင်းအကျုံးဝင်ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးအကြီးဆုံးမှာ တတိယတန်းပြီးသော ကျောင်းသားကျောင်းသူများအားလုံး ဖတ်တတ်၊ တွက်တတ်၊ ရေးတတ်ရန် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများက ပျော်ရွှင်စွာ ပညာရေးကို တန်ဖိုးထားသင်ကြားသင်ယူပေးနိုင်မှသာ သင်ယူတတ်မြောက်ရန် ခက်ခဲသော ကျောင်းသား ကျောင်းသူများကို သင်ယူမှု ပတ်ဝန်းကျင်ကောင်းဖြင့် သင်ယူပြီးမြောက်မှု စွမ်းရည်ကောင်းများ ရရှိအောင် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

**ပြုစုပျိုးထောင်ပေးရန်လိုအပ်**

ဆန်းသစ်တီထွင် ဖန်တီးနိုင်သော စွမ်းရည်များရရှိရေးနှင့် တစ်သက်တာ သင်ယူလေ့ကျင့်ပြီး ပရော်ဖက်ရှင်နယ်ဖြစ်လာစေရေးတို့ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် Paul Edwards UNICEF (Deputy Representative) က နှီးနှောဖလှယ်ပွဲနှင့်ပတ်သက်၍ ဖြည့်စွက်အမှာစကားပြောကြားသည်။

ယင်းနောက် အမှတ်တရစုပေါင်းဓာတ်ပုံများရိုက်ကြပြီး နှီးနှောဖလှယ်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ တိုင်းလိယဉ်ကျေးမှုခန်းမဆောင်၌ ကျင်းပသည်။

**ကဏ္ဍစုံမှ ကိုယ်စားလှယ်များတက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဌေးနှင့် ဦးဆွေတင့်လွင် (ရှမ်းပြည်နယ်တာဝန်ခံများ)၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ ၁၂ ခုမှ တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သော အရပ်ဘက် လူမှုအဖွဲ့အစည်းသုံးဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဆွေတင့်လွင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်ရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံ (၅) ချက်နှင့်အညီ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်ကို အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအတွင်း အမှန်တကယ်နေထိုင်သော လူဦးရေစာရင်းများ ကောက်ယူ၊ ပြုစု၊ စိစစ်လျက်ရှိပါကြောင်း၊ အဆိုပါ လူဦးရေစာရင်းကို အခြေခံ၍ မဲဆန္ဒရှင်စာရင်းအဖြစ် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပြုစုသွားမည်ဖြစ်ပါကြောင်း၊ လူဦးရေစာရင်း မှန်ကန်စေရေးသည် အထူးအရေးကြီးသဖြင့် စာရင်းကောက်ယူရာတွင် ပြည်သူလူထု၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှလည်း လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း**

ထို့နောက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထင်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးဇော်မြင့်ဝင်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လူဦးရေစာရင်းကောက်ယူ၊ ပြုစု၊ စိစစ်ခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သော အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် မေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဌေး၊ ဦးဆွေတင့်လွင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း အကြိမ်(၂၀)မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၂၄**- "စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"က ကြီးမှူးပြုလုပ်မည့် အကြိမ်(၂၀)မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ ဩဂုတ် ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီ မှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ကြောင်း သိရသည်။

သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"မှ အမှတ်တရလက်ဆောင် (ကြက်ဥ ၁၀ လုံး၊ UVကာကွယ် ၁၆ ကိုင်း ထီးအကြီးနှင့် ချစ်စဖွယ်ထမင်းချိုင့်)တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" ဖုန်း-၀၉- ၄၄၉၂၅၃၇၆၇၊ ၀၉-၇၉၅၅၆၃၄၀၀၊ ၀၉-၆၉၅၁၃၅၅၁၅ တို့သို့ ဩဂုတ် ၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (၂၉)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၉)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပရာ **(အောက်ပုံ)** မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့များ မှ ကိုယ်စားလှယ်များ၊ အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်၏ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို ဒါရိုက်တာ ဦးယုလွင်က လည်းကောင်း၊ ကုမ္ပဏီ၏ နှစ်ချုပ်စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို မြန်မာနိုင်ငံ စာရင်းကောင်စီမှ အသိအမှတ်ပြုထားသော ဦးလှထွန်းနှင့်အဖွဲ့ လီမိတက် (ပြင်ပစာရင်းစစ်အဖွဲ့)မှ ဦးမောင်မောင်အောင်က လည်းကောင်း၊ အမြတ်ဝေစု ခွဲဝေပေးမှုအခြေအနေကို ဒါရိုက်တာ ဦးသန်းဝင်းက လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအား ဒါရိုက်တာ ဦးသိုက်က လည်းကောင်း လုပ်ထုံးလုပ်နည်းအရ ရှင်းလင်းတင်ပြခြင်းနှင့် အတည်ပြုခြင်းတို့ကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်(အောက်တိုဘာလမှ ဇွန်လထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ (၂၆၁၂၁) သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ (၄၆) သန်း လျော့နည်းခဲ့

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇွန်လထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၈၈ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၆၃၃ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆၁၂၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇွန်လထိ) ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၅၆၆ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၆၀၁ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆၁၆၇ သန်း ဖြစ်သဖြင့် ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၉၂၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၉၆၇ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၆ သန်း လျော့နည်းခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည် -

**တန်ဖိုး - ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇွန်လထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇွန်လထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၅၆၆.၆၈၅ | ၂၃၀၇.၃၉၂ | ၂၅၉.၂၉၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၃၁၀.၉၉၇ | ၁၂၄.၂၇၀ | ၁၈၆.၇၂၇ |
| ၃ | ရေထွက်ပစ္စည်းများ | ၆၀၄.၆၀၂ | ၅၆၃.၇၄၇ | ၄၀.၈၅၅ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၂၀၀.၉၁၂ | ၁၄၄၄.၉၂၂ | -၂၄၄.၀၁၀ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၂၈.၆၃၇ | ၁၄၇.၄၅၆ | -၁၈.၈၁၉ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၇၀၁၆.၇၈၂ | ၅၈၇၄.၂၅၁ | ၁၁၄၂.၅၃၁ |
| ၇ | အခြားပစ္စည်းများ | ၆၅၉.၃၇၈ | ၁၁၀၄.၅၃၄ | -၄၄၅.၁၅၆ |
| | **စုစုပေါင်း** | **၁၂၄၈၇.၉၉၃** | **၁၁၅၆၆.၅၇၂** | **၉၂၁.၄၂၁** |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း လျော့နည်းတင်သွင်းခဲ့သည်-

**တန်ဖိုး - ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇွန်လထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇွန်လထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၄၂၇၂.၅၇၂ | ၅၀၆၅.၀၆၀ | -၇၉၂.၄၈၈ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၅၁၀၆.၆၀၉ | ၅၃၅၈.၁၁၅ | -၂၅၁.၅၀၆ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၄၇၄.၈၃၆ | ၂၆၈၃.၆၁၅ | -၂၀၈.၇၇၉ |
| ၄ | CMP | ၁၇၇၉.၂၁၆ | ၁၄၉၃.၉၅၄ | ၂၈၅.၂၆၂ |
| | **စုစုပေါင်း** | **၁၃၆၃၃.၂၃၃** | **၁၄၆၀၀.၇၄၄** | **-၉၆၇.၅၁၁** |

**သတင်းစဉ်**

# မြစိမ်းရောင်အတိုးရငွေဖြင့် လျှပ်စစ်မီးမရရှိသေးသည့် အိမ်ခြေများသို့ ထပ်မံလျှပ်စစ်မီးပေးအပ်

**သထုံ ဇူလိုင် ၂၄**

သထုံမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်စီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းကို အသုံးပြုကာ လျှပ်စစ်မီး မရရှိသေးသည့် ကျေးရွာတွင် လျှပ်စစ်မီး သွယ်တန်းပေးခြင်းနှင့် ကျေးရွာလမ်းများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"သထုံခရိုင်အတွင်းက ဝင်းစိန်ရွာသစ်ကျေးရွာအုပ်စုတွေဖြစ်တဲ့ ကရင်စုတောင်ပိုင်းနဲ့ မြောက်ပိုင်း၊ ဂျိုင်းကျေးရွာတွေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကတည်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းတွေအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းကာလက သုံးနှစ်ကျော်လာပြီဖြစ်လို့ အတိုးရငွေရဲ့ ၅၀ ရာခိုင်နှုန်းဖြစ်တဲ့ ငွေကျပ်သိန်း ၆၀ စီနဲ့ ဒေသဖွံ့ဖြိုးရေးတွေ ထပ်မံ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဂျိုင်းရွာက ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး သွယ်တန်းထားပေမယ့် အိမ်ခြေ ၁၂ အိမ်သာ မီးလင်းဖို့ကျန်နေပါသေးတယ်။ အဲဒါကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကနေ ကျေးရွာလျှပ်စစ်မီး ၁၀၀ ရာခိုင်နှုန်း အသုံးပြုရရှိအောင် လုပ်ဆောင်ခြင်း ဖြစ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးက ပြောသည်။

ထို့အတူ သထုံမြို့နယ်အတွင်းရှိ ကျောက်တောင် ကျေးရွာတွင်လည်း ကျေးရွာတွင်းလမ်း ကျောက်ရော မြေသားခင်းခြင်းကို ငွေကျပ် သိန်း ၅၀ ဖြင့် လည်းကောင်း၊ ဆင်ဖြူကျွန်းရွာ အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းကို ငွေကျပ်သိန်း ၅၀ ဖြင့် လည်းကောင်း ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

**သထုံ/ကျေးလက်**

◆ *ကျောဖုံးမှ*

နှင့် ဟိန်းထက်ဇော်ဝင်း (မြန်မာဘောလုံးအကယ်ဒမီ- ပုသိမ်)တို့ ပါဝင်ကြသည်။ မြန်မာ ယူ- ၁၅ အသင်းကို အကယ်ဒမီများမှ ကစားသမားအများစုဖြင့် ဖွဲ့စည်းထားပြီး မြန်မာဘောလုံးအကယ်ဒမီ မန္တလေးနှင့် ပုသိမ်တို့မှ ကစားသမားအများစုပါဝင်ကာ တပ်မတော်အကယ်ဒမီ နှင့်ရန်ကုန်တိုင်းဒေသကြီးမှ ကစားသမားအချို့လည်း ရွေးချယ်ခံခဲ့ရသည်။ မြန်မာ ယူ- ၁၅ အသင်းသည် ဇူလိုင်လတတိယပတ်တွင် နည်းပြ အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ယခင်နည်းပြချုပ် ဂျပန်နိုင်ငံသား တာကူမာကို လက်ထောက်နည်းပြအဖြစ် ပြောင်းလဲကာ ဂျာမနီနိုင်ငံသား တော်စတန်ဖရန့်ခ်ကို နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ မြန်မာ ယူ- ၁၅ အသင်းသည် ယခုပြိုင်ပွဲအတွက် မတ်လကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ဧပြီတွင် တရုတ် ယူ- ၁၆ ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဟောင်ကောင် ယူ- ၁၅ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက် ကစားသမားအချို့ပြောင်းလဲကာ လေ့ကျင့်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၉ အာဆီယံ ယူ-၁၅ ချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ တီမော၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂၇ ရက်တွင် စင်ကာပူ၊ ဇူလိုင် ၂၉ ရက်တွင် တီမော၊ ဇူလိုင် ၃၁ ရက်တွင် ဖိလစ်ပိုင်၊ ဩဂုတ် ၂ ရက်တွင် ဗီယက်နမ်၊ ဩဂုတ် ၄ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

✪ *ကျောဖုံးမှ*

ငွေနဲ့ကြေးဆုရရင် ပြိုင်ပွဲနီးမှ သတ်မှတ်သွားမှာဖြစ်ပါတယ်" ဟု အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်ဆွေဇင်ငြိမ်းက ပြောသည်။ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်မှ အားကစားသမားများသည် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ခုနစ်မျိုးဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားပြီး ဇူလိုင်လနောက်ဆုံးပတ်တွင် အပြီးသတ်လူရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

# ဝမ်းတွင်းနှင့် ဟံဇားတွင် မူခင်းကျဆင်းရေးဟောပြော

**ဝမ်းတွင်း ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး တင်ဝင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၂ ရက်က ဝမ်းတွမ်းမြို့နယ် မြောက်ဇေျမ်းကုန်းကျေးရွာ ဓမ္မာရုံ၌ မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်စေရေးအတွက် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဟံဇားနယ်မြေရဲစခန်းမှ ရဲအုပ်အေးနိုင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် ဟံဇားတိုက်နယ်ဆေးရုံမှ ဒေါက်တာ သိန်းမင်းဝင်း၊ သာဂရကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးတို့ ပူးပေါင်း၍ သာဂရကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၁ ရက်က မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ရာ ဟံဇားနယ်မြေရဲစခန်းမှူး ရဲအုပ်အေးနိုင်က သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သော ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ဖြစ်စဉ်များအကြောင်းနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရမည့်အချက်များကို ဆွေးနွေးခဲ့ပြီး သာဂရအခြေခံပညာအထက်တန်းကျောင်း အထက်တန်းပြဆရာမ ဒေါ်အေးက ကျောင်းသား ကျောင်းသူများအား ပညာသင်ချိန်တွင် မူခင်းများမဖြစ်ရေး စည်းကမ်းများကို ဆွေးနွေးကာ ဟံဇားတိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါက်တာသိန်းမင်းဝင်းက မူခင်းဆိုင်ရာဆေးပညာအကြောင်းများ ဆွေးနွေးအသိပညာပေးဟောပြောခဲ့သည်။

**ဘိုဘို(မလှိုင်)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ထရေဇီဂွက်ကို ခေါ်ယူလိုက်သည့် အက်စ်တွန်ဗီလာ**

အက်စ်တွန်ဗီလာအသင်းသည် အီဂျစ်တောင်ပံကစားသမား ထရေဇီဂွက်ကို ပေါင် ၈ ဒသမ ၇၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထရေဇီဂွက်(၂၄ နှစ်)သည် အက်စ်တွန်ဗီလာအသင်း၏ ကိုးဦးမြောက် ခေါ်ယူမှုဖြစ်သည်။ တူရကီကလပ် ကာဆင်ပါဆာအသင်းမှ ခေါ်ယူလိုက်သော ထရေဇီဂွက်သည် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် လေးပွဲပါဝင်ကစားထားပြီး တစ်ဂိုးသွင်းယူထားနိုင်ကြောင်း သိရသည်။

**ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဂျိုးလင်တန်ကို နယူးကာဆယ်ခေါ်ယူ**

နယူးကာဆယ်အသင်းသည် ဟော်ဖန်ဟိန်းအသင်းမှ တိုက်စစ်ကစားသမား ဂျိုးလင်တန်ကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ ဖြင့် ခြောက်နှစ်စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီက ဟော်ဖန်ဟိန်းအသင်းတွင် ၃၅ ပွဲ ကစားပြီး ၁၁ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

**ငါးနှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီလိုက်သည့် အိုဒွိုင်း**

အိုဒွိုင်းသည် ချယ်လ်ဆီးအသင်း၌ တစ်ပတ်ပေါင်တစ်သိန်းကျော်ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဘိုင်ယန်မြူးနစ်အသင်းက အဆိုပါကစားသမားအား ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းမှုကို ချယ်လ်ဆီးအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

**ပရီမီယာလိဂ်တွင်ကစားလိုကြောင်း ပြောကြားသည့် မန်ယူပစ်မှတ်**

မန်ယူအသင်းသို့ ပြောင်းရွှေ့ရန်သတင်းများထွက်ပေါ်နေသော စပို့တင်းလစ္စဘွန်းအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနို ဖာနန်ဒက်စ် (၂၄နှစ်) သည် ပရီမီယာလိဂ်တွင် ကစားလိုသည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း မေရာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲ ရီးရဲမက်ဒရစ်၊ ဘိုင်ယန်၊ အေတီမက်တို့ အနိုင်ရ**

ယမန်နေ့က နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲအဖြစ် ရီးရဲမက်ဒရစ်နှင့် အာဆင်နယ်၊ ဘိုင်ယန်မြူးနစ်နှင့် မီလန်၊ ဂွါဒဲလ်လာဂျာရာနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်နှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် ပွဲချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီသရေကျနေခဲ့၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ပယ်နယ်တီတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ရီးရဲမက်ဒရစ်အသင်းက အနိုင်ရရှိခဲ့သည်။ ဘိုင်ယန်မြူးနစ်နှင့် မီလန်အသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဂွါဒဲလ်လာဂျာရာနှင့် အက်သလက်တီကိုမက်ဒရစ်တို့ ပွဲစဉ်တွင် ပွဲချိန်အတွင်း ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ပယ်နယ်တီတွင် ငါးဂိုး-လေးဂိုးဖြင့် အက်သလက်တီကိုမက်ဒရစ်က အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ချမ်းအေးသာစံမြို့နယ်၌ ဝိုင်ယာကြိုးများ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်

**မန္တလေး ဇူလိုင် ၂၄**

ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၃၃ လမ်း၊ ၇၆×၇၅ လမ်းကြား၊ ပိုင်ရှင် ဒေါ်တင်တင်ရွှေ၏ (ငွေတောင်ဦး သွားဆေးခန်း) အပေါ်ထပ်တွင် ယနေ့ နံနက် ၃ နာရီ ၅၃ မိနစ်က ဟောင်းနွမ်းဆွေးမြည့်နေသည့် ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၁၅ စီး၊ မီးသတ်ရေသယ်ယာဉ် ၃၅ စီး၊ အထောက်အကူပြုယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ သန္ဓေ ၃၀ ဦး၊ အရန် ၁၅၀ ဦးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ရာ နံနက် ၄ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။




**မီးလောင်မှုဖြစ်သည့်နေရာအား မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ကြစဉ်။** ဓာတ်ပုံ - မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

မီးလောင်မှုကြောင့် နှစ်ထပ်အိမ်တစ်လုံး၊ (ငွေရည်ပုလဲကုမ္ပဏီ) လေးထပ်ဆောင် တစ်လုံး၊ သုံးထပ်တိုက်တစ်လုံး၊ နှစ်ထပ်တိုက်တစ်လုံးနှင့် ဆိုင်ကယ် ခြောက်စီး မီးလောင်ပျက်စီးပြီး တရုတ်နိုင်ငံကူးလက်မှတ် ၃၀ ကျော်ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပိုင်ရှင် ဒေါ်တင်တင်ရွှေအား ချမ်းအေးသာစံမြို့နယ် အမှတ် ၈ မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

## မလှိုင်မြို့နယ်၌ စက်လှေတိမ်းမှောက်၍ ၁၀ ဦးသေ၊ လေးဦးပျောက်ဆုံးနေ

**မလှိုင် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နှောကန်တိုက်နယ် ချင်းလျားအနောက်ရွာ ဆားတောင်ဆည် အနောက်ဘက်ကမ်းရှိ ဗောဓိသစ္စာ ဘုန်းတော်ကြီးကျောင်းသို့ လာရောက်သည့် ခရီးသည်များ စက်လှေတိမ်းမှောက်၍ ခရီးသည် ၂၄ ဦးအနက် ၁၀ ဦးသေဆုံးပြီး လေးဦး ပျောက်ဆုံးနေကြောင်း နှောကန်နယ်မြေရဲစခန်းမှ ကနဦးသတင်းအရ သိရသည်။

မြစ်သားမြို့နယ် ဟောင်းနွဲ့ကျေးရွာမှ ဦးနန်းလွင်(၄၀နှစ်) ဦးဆောင်သည့် ကျေးရွာသူကျေးရွာသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၄ ဦးသည် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ဆားတောင်ကျေးရွာနေ ကျော်ဝင်းလှိုင် (၁၈ နှစ်) မောင်းနှင်သည့် စက်လှေဖြင့် ဆားတောင်ဆည်အတွင်း ဖြတ်ကူးစဉ် တိမ်းမှောက်၍ အမျိုးသားနှစ်ဦး၊ အမျိုးသမီးရှစ်ဦး သေဆုံးကာ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း နှောကန်နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်အေးမင်းထံမှ သိရသည်။ စက်လှေမောင်း ကျော်ဝင်းလှိုင်မှာ အသက်ရှင်လွတ်မြောက်ခဲ့ပြီး ပျောက်ဆုံးသူများ ဆက်လက်ရှာဖွေလျက်ရှိကာ နှောကန်နယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ယင်းမာပင်မြို့နယ်တွင် လူသုံးဦး မြေပိသေဆုံး

**ယင်းမာပင် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် ရေဇယ်ကျောက်များ တူးဖော်နေစဉ် အမျိုးသားသုံးဦး မြေပိသေဆုံးသွားကြောင်း သိရသည်။

ယမန်နေ့နံနက် ၁၁ နာရီခန့်က ယင်းမာပင်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး တင်ထွန်းသည် လူသုံးဦး မြေပိသေဆုံးနေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ ယင်းမာပင်မြို့နယ် လာဘို့ကျေးရွာနေ ကျော်ဆွေ၊ မိုးယံအောင်၊ ကိုဇော်တို့ သုံးဦးသည် ယင်းမာပင်မြို့နယ် လာဘို့ကျေးရွာ ကွင်းအမှတ် ၁၁၃၂၊ သံတောင်၊ ရေထွက်ရေစီးနေသော အမြင့် ၁၅ တောင်ခန့်ရှိ ရိုးကျောက်ကမ်းပါးအောက်ခြေတွင် ရေဇယ်ကျောက်များတူးဖော်နေစဉ် ရုတ်တရက်ကမ်းပါးပြိုကျ၍ မြေပိသေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယင်းမာပင်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၇-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၇း၃၅ | - | ရာသီတုပ်ကွေးရောဂါကို မိမိကစ၍ ကာကွယ်ပါ |
| ၉း၁၅ | - | ကျန်းမာရေးမဂ္ဂဇင်း "သွေးကြောရောင်ရောဂါ အကြောင်း သိကောင်းစရာ" |
| ၁၁း၃၅ | - | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျပ်ပြည့်ကြသူများ" |
| ၁၁း၅၅ | - | မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှု အခြေအနေများ |
| ၁၂း၃၅ | - | "ရာသီတုပ်ကွေးရောဂါ သိမှတ်ဖွယ်ရာ ကျန်းမာရေး စကားဝိုင်း"(အပိုင်း-၁) |
| ၁၃း၀၀ | - | ရာသီတုပ်ကွေးသံသယ ရောဂါလက္ခဏာများ |
| ၁၃း၀၅ | - | မြန်မာဇာတ်လမ်းတွဲ "ရင်တွင်း ရေး ပြဿနာ"(အပိုင်း-၁) |
| ၁၄း၃၅ | - | "လူကုန်ကူးမှုဆိုင်ရာပညာပေး အစီအစဉ်"(ကျွန်ပြုခြင်း) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၂၅ | - | Over Loading မဖြစ်စေရန် |
| ၁၆း၅၀ | - | "MMA Fighter Phoe Thaw" |
| ၁၇း၀၅ | - | "ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှဆောင်ရွက် ချက်များ"(၁၀၇) |
| ၁၇း၂၀ | - | ရာသီတုပ်ကွေးရောဂါ တိုက်ဖျက်ရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး (သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်လက္ခဏာများ) |
| ၁၈း၂၅ | - | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၉း၁၅ | - | မြန်မာဇာတ်လမ်းတွဲ "ရင်တွင်း ရေး ပြဿနာ"(အပိုင်း-၂) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၀း၃၀ | - | ရာသီတုပ်ကွေးရောဂါ တိုက်ဖျက်ရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး (ပိုးလောက်လမ်းနှိမ်နင်းပါ) |
| ၂၀း၃၅ | - | "သဘာဝဘေးအန္တရာယ်များ ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေး ဆောင်ရွက်ချက် များ"(ပထမပိုင်း) |
| | - | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃)(ဒါရိုက်တာ- ကြည်စိုးထွန်း၊ သရုပ်ဆောင်- သန်းသန်းစိုး) |
| | - | ပြည်သူ့နီတိ "ရိုသေစွာ ကိုင်တွယ်ခြင်းဖြင့်" |

## ရေနံချောင်း၌ စက်လှေတိမ်းမှောက်၍ ၁၀ဦးသေဆုံးပြီး ၃၀ ကျော်ပျောက်ဆုံးနေ

**ရေနံချောင်း ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဖရဲကျွန်းကျေးရွာမှ စက်လှေတစ်စင်း ဧရာဝတီမြစ်အတွင်း တိမ်းမှောက်၍ ၁၀ ဦး သေဆုံးကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး လူ ၃၀ ကျော်ပျောက်ဆုံးနေကြောင်း သိရသည်။

ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ရေနံချောင်းမြို့နယ် ဖရဲကျွန်းကျေးရွာမှ ဒေသခံ ၁၅၀ ခန့်သည် ကန်သာကျေးရွာသို့ စက်လှေနှစ်စင်းဖြင့် ရောက်ရှိလာပြီး ပိုင်ဆိုင်မှုအငြင်းပွားနေသည့် မြေနုကျွန်းပေါ်တွင် ဆောက်လုပ်ထားသော ဦးဝင်းဦးနှင့် ဦးမောင်ဝင်းတို့၏ နေအိမ်နှစ်လုံးအား ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ဖျက်ဆီးမှုကြောင့် ကန်သာကျေးရွာသားများနှင့် ရန်းရင်းဆန်ခတ်ဖြစ်ကာ လေးခွ၊ တုတ်များဖြင့် အပြန်အလှန်ပစ်ခတ်ကြရာ ညနေ ၄ နာရီ မိနစ် ၄၀ ခန့်တွင် ဖရဲကျွန်းကျေးရွာသို့ ပြန်လာစဉ် ဧရာဝတီမြစ်အတွင်း စက်လှေတိမ်းမှောက်ခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"ဖရဲကျွန်းကျေးရွာသားတွေ စက်လှေနဲ့ပြန်တဲ့ အချိန်မှာ တိမ်းမှောက်ခဲ့တာပါ။ စက်လှေပေါ်ပါတဲ့ လူ ၃၀ ကျော် ပျောက်ဆုံးနေပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမာန်ကိုဟောက ပြောသည်။

အဆိုပါနေရာသို့ မကွေးခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ခေတ္တရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် တာဝန်ရှိသူများက နယ်မြေအေးချမ်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုးကြီး**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**

မူးယစ်တပ်ဖွဲ့စု(၉)ဟုမ္မလင်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် ညနေ ၆ နာရီခွဲက ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာ - တက်ခတ်ကျေးရွာ လမ်းပေါ်တွင် အောင်ဆန်းဦး မောင်းနှင်ပြီး ရွှေဌေး(ခ)အိုက်မြင့် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ တို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် ခါမ်းပါတ်မြို့ နန်းခေါက်ခေါက်ကျေးရွာနှင့် ကျွန်းတောရေရှင် ကျေးရွာအကြား တမူး- ကလေးကားလမ်းတွင် ဂင်ရှန်းတွောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၈၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## သဃ်န်းကျွန်းမြို့နယ်၌ ဗုံးတစ်လုံးတွေ့ရှိ

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဘဝမြင့်ရိပ်သာရပ်ကွက်အတွင်းရှိ မြို့နယ် NLD ရုံးနှင့် လွှတ်တော်ကိုယ်စားလှယ်များရုံးအနီးတွင် ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က လက်ပစ်ဗုံးတစ်လုံးတွေ့ရှိရကြောင်း သိရသည်။

အဆိုပါဗုံးကို သန့်ရှင်းရေးဝန်ထမ်းတစ်ဦးက မလိခအိမ်ရာဝင်းအနီးရှိ မလိခလမ်းပေါ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မြို့နယ်၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန် ရှိသူများက လာရောက်သိမ်းဆည်းရှင်းလင်းခဲ့သဖြင့် တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ကြောင်း၊ ရဲတပ်ဖွဲ့က အနီးရှိ CCTV မှတစ်ဆင့် တရားခံဖမ်းဆီးရမိရေးအတွက် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုကြီးတင်**

## ကျိုင်းလပ်၌ တရားခံပြေးတစ်ဦးထံမှ ငွေကျပ်သိန်း ၁၈၀ ခန့်တောင်းယူကာ အကာအကွယ်ပေးခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်းကို အမှုဖွင့်

**ကျိုင်းလပ် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့ အမှတ်(၁)ရပ်ကွက်၌ ပြစ်ဒဏ်စီရင်ခြင်းမှ ကာကွယ်ရန်အတွက် ငွေကြေးတောင်းခံရယူကာ တရားခံပြေးတစ်ဦးအား အကာအကွယ်ပေးခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်းကို ဇူလိုင် ၂၃ ရက် ညနေပိုင်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လွန်ခဲ့သည့် ခြောက်နှစ်ခန့်က တာလေနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူထားသော အမှုမှ တရားခံပြေး အောင်ကိုလတ်(ခ)အိုက်အောင်ကို ဖမ်းဆီးရမိသဖြင့် စစ်မေးရာ ၎င်းထွက်ပြေးတိမ်းရှောင်နေစဉ် တစ်ရပ်ကွက်တည်းနေ ရပ်ကွက်အုပ်ချုပ်ရေးမှူး အောင်ကြည်လင်း(ခ)ကြည်လင်းက ၎င်းအား ပြန်လာခဲ့ရန် ဆက်သွယ်ခေါ်ယူသဖြင့် ပြန်လာခဲ့ပြီး ညီမဖြစ်သူ မနန္ဒာလှိုင်ပိုင်ဆိုင်သည့် ခြံဝင်းအလွတ်တွင် တဲထိုးနေထိုင်ခဲ့ကြောင်း၊ ၎င်းအား အဖမ်းမခံရစေရေးအတွက် ၂၀၁၇ခုနှစ်က ဌာနဆိုင်ရာတာဝန်ရှိသူများအား ပေးကမ်းရန်အတွက်ဟုဆိုကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်း အောင်ကြည်လင်း(ခ)ကြည်လင်းက ထိုင်းဘတ်ငွေ ၃၆၀၀၀၀ (မြန်မာငွေကျပ်သိန်း ၁၈၀ )ခန့်အား တောင်းခံခဲ့သဖြင့် ပေးအပ်ခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံပြေးတစ်ဦးထံမှ ငွေကြေးရယူကာ မိမိကိုယ်ကျိုးအတွက် အသုံးပြုခဲ့သူ အမှတ်(၁)ရပ်ကွက် ကျိုင်းလပ်မြို့နေသူ ရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်း အောင်ကြည်လင်း(ခ)ကြည် လင်း(၃၈ နှစ်) ထွက်ပြေးတိမ်းရှောင်နေသူအား ကျိုင်းလပ်နယ်မြေရဲစခန်းက ဖမ်းဆီးရမိရေး အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## သဘာဝဘေးဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**ရေစကြို**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် စာသင်ကျောင်းရှစ်ကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါမြစ်ရေမြင့်တက်မှုကြောင့် အထကလှေခုတ်၊ အလက နွယ်နီ၊ အလကခွဲ ကျွန်းညို၊ အမက ငါးမြှာကြီး၊ အမက နတ်ပေး၊ အမက(ခွဲ) အလယ်ကျော(ရ)၊ မူလွန် ငါးလံ၊ အမကအလယ်ကျောကျောင်းတို့ ယာယီပိတ်ထားရကြောင်း သိရသည်။ ရေကြီးရေလျှံမှုကြောင့် ပိတ်ထားရသော စာသင်ကျောင်းများကို မြစ်ရေကျဆင်းချိန် ပြန်လည်ဖွင့်လှစ်ပါက ရက်အစားထိုးတက်ရောက်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပေါင်**

မွန်ပြည်နယ် ပေါင်မြို့နယ် လက်ပံတောကျေးရွာတွင် ယနေ့ နံနက် ၄ နာရီခွဲက လေပြင်းများတိုက်ခတ်ပြီး မိုးကြီးသဖြင့် နေအိမ် ၁၁ လုံး အမိုးလန်ပျက်စီးသွားကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၁ လုံးမှသွပ် ၆၈ ချပ် လန်ထွက်ပျက်စီးခဲ့ပြီး လေဘေးသင့်အိမ်ထောင်စု များမှ အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၅၂ ဦးတို့မှာ နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။ အဆိုပါ လေဘေးသင့်ပြည်သူများအား မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇင်မျိုးသူ**

**နောင်မွန်း**

ကချင်ပြည်နယ် နောင်မွန်းမြို့နယ်တွင် ဇူလိုင်လအတွင်း မိုးအဆက်အပြတ် သည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုဖြစ်ကာ စပါးကျီအတွင်း သိုလှောင်ထားသော စပါးများပျက်စီးပြီး စိုက်ပျိုးလယ်ယာပျိုးခင်း ၅၅ ဒသမ ၆၀ ဧက ပျက်စီးဆုံးရှုံးခဲ့ကြောင်း ပူတာအိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေကြီးရေလျှံမှုကြောင့် နောင်မွန်းမြို့နယ် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် နောင်မွန်းအုပ်စု၊ ကဆန်ခူးကျေးရွာအုပ်စု၊ ရပ်ဘော့ကျေးရွာအုပ်စုများအတွင်းရှိ တောင်သူ ၁၄၀ ၏ လယ်(ပျိုးခင်း)များ ၅၅ ဒသမ ၆၀ ဧက ပျက်စီးပြီး ရပ်ဘော့ကျေးရွာအုပ်စုမှ တောင်သူ ၆၄ ဦး၏ ယာခင်း ၁၁ ဒသမ ၂၀ ဧကနှင့် စပါးကျီအတွင်း သိုလှောင်ထားသော စပါးတင်း ၂၉၆ တင်း ပျက်စီးခဲ့ကြောင်း သိရသည်။

နောင်မွန်းမြို့နယ်တွင် ဒေသစျေးနှုန်းများအရ လယ်(ပျိုးခင်း) တစ်ကေလျှင် ကုန်ကျငွေကျပ် ၁၂၇၅၀၀ ရှိကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

**ကျိုက်မရော**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ဗွီးကျေးရွာတွင် ယနေ့ နံနက် ၉ နာရီက လေပြင်းများတိုက်ခတ်ပြီး မိုးကြီးသဖြင့် နေအိမ် ခြောက်လုံး အမိုးလန်ပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ခြောက်လုံးမှသွပ်အချပ်ပေါင်း ၁၆၆ ချပ် လန်ထွက်ပျက်စီးခဲ့ပြီး ကွန်ကရစ်တိုင်တစ်တိုင်လည်း ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ရာနေရာသို့ မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက် )**

# နစ်ဆန်းကုမ္ပဏီက ကမ္ဘာတစ်ဝန်းတွင် အလုပ်အကိုင်နေရာ တစ်သောင်းကျော် လျှော့ချရန် စီစဉ်နေ




ဆန်းဒါးလန်းရှိ နစ်ဆန်းကားစက်ရုံကို တွေ့ရစဉ်။

**တိုကျို ဇူလိုင် ၂၄**

ဂျပန်နိုင်ငံရှိ ကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် နစ်ဆန်းသည် ကမ္ဘာတစ်ဝန်းတွင် အလုပ်အကိုင်နေရာ တစ်သောင်းကျော် လျှော့ချသွားရန် စီစဉ်လျက်ရှိကြောင်း ဂျပန်သတင်းမီဒီယာက ဇူလိုင် ၂၄ ရက်တွင် ဖော်ပြသည်။

ပြီးခဲ့သည့် မေလအတွင်းက နစ်ဆန်းကုမ္ပဏီသည် ကမ္ဘာတစ်လွှားတွင် ဆောင်ရွက်နေသည့် အလုပ်အကိုင်နေရာ ၁၃၉၀၀၀ ခန့်မှ အလုပ်အကိုင်နေရာ ၄၈၀၀ ကို အစီအစဉ်တကျ ပြန်လည် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး နောက်တွင် ယခုလုပ်ငန်းခွင် လျှော့ချမည့်အစီအစဉ် ပေါ်ထွက်လာခဲ့သည်။

ပြီးခဲ့သည့်နှစ်က နစ်ဆန်း၏ အကျိုးအမြတ်ရရှိမှုသည် ဆယ်စုနှစ်တစ်ခုနီးပါးအတွင်း လျော့ကျခဲ့ပြီးနောက်တွင် နောက်ထပ် ၁၂ လအတွက် ခက်ခဲသည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု ပတ်ဝန်းကျင်တစ်ခုအဖြစ် သတိပြုရမည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ နစ်ဆန်းကုမ္ပဏီသည် လာမည့် ဇူလိုင် ၂၅ ရက်တွင် ပထမ လေးလပတ် ဝင်ငွေရရှိမှုကို ကြေညာရန်ရှိကြောင်း ကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ယင်းကြေညာချက် မထုတ်ပြန်မီ နစ်ဆန်းကုမ္ပဏီနှင့် စပ်လျဉ်းသည့်သတင်း ထွက်ပေါ်မှုများနှင့် ပတ်သက်၍ မှတ်ချက်ဖော်ပြရန်မရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

နစ်ဆန်းကုမ္ပဏီအမှုဆောင်ချုပ် ကားလို့စ်ဂွန်းစ်ကို ငွေကြေးဆိုင်ရာ အလွဲသုံးစားပြုလုပ်မှုဖြင့် ဖမ်းဆီးအရေးယူခဲ့ပြီးနောက်တွင် အမေရိကန်နှင့် ဥရောပတို့၌ ကုမ္ပဏီရောင်းအား ကျဆင်းခဲ့ပြီး စီးပွားဘက်ကုမ္ပဏီဖြစ်သည့် ရေးနော့နှင့်လည်း တင်းမာမှုများ ပေါ်ပေါက်ခဲ့သည်။

နစ်ဆန်းကုမ္ပဏီအနေဖြင့် အကျိုးအမြတ် ရရှိမှု နည်းပါးသည့် တောင်အမေရိကနှင့် အခြားဒေသများရှိ စက်ရုံများတွင် အလုပ်အကိုင်နေရာလျှော့ချနိုင်ဖွယ်ရှိကြောင်း ကျိုဒိုသတင်းအေဂျင်စီက ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

# တောင်ကိုရီးယားနိုင်ငံအပေါ် တင်ပို့ကုန်ဆိုင်ရာထိန်းချုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်ရန် ဂျပန်ကြိုးစား

**တိုကျို ဇူလိုင် ၂၄**

ရိုးရှင်းသည့် တင်ပို့ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်သည့် သီးခြားစာရင်းတွင် ထည့်သွင်းထားမှုမှ တောင်ကိုရီးယားနိုင်ငံကို ဖယ်ရှားလိုက်ခြင်းဖြင့် ဂျပန်အစိုးရသည် တောင်ကိုရီးယားနိုင်ငံအပေါ် တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်မှုများကို ပိုမိုအရှိန်မြှင့် လုပ်ဆောင်သွားဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

ကုန်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယင်းသို့ဆောင်ရွက်မှုများနှင့် ပတ်သက်၍ သဘောထားမှတ်ချက်များကို ရယူခဲ့ရာ လူ ၁၀၀၀၀ ခန့် တုံ့ပြန်ခဲ့ပြီး အများစုက တောင်ကိုရီးယားနိုင်ငံကို အဆိုပါစာရင်းမှ ဖယ်ရှားရန် ထောက်ခံသူများ ဖြစ်နေကြောင်း သိရသည်။

တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်မှုဆောင်ရွက်ချက်အရ တင်ပို့သူများသည် ထုတ်ကုန်ပစ္စည်းမြောက်မြားစွာအတွက် ကုန်စည်များအား သင်္ဘောများဖြင့် သီးခြားစီ ပို့ဆောင်ရာတွင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရန် လိုအပ်မည်ဖြစ်သည်။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံများဆီ တင်ပို့သည့် ကုန်စည်များကိုလည်း အဆိုပါလမ်းကြောင်းအတိုင်း ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဂျပန်ကုန်သွယ်ရေးဝန်ကြီးဌာနအာဏာပိုင်များက ယင်းကိစ္စနှင့် ပတ်သက်၍ တောင်ကိုရီးယားဘက်မှ တုံ့ပြန်မှုကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်းနှင့် သီးခြားစာရင်းမှ တောင်ကိုရီးယားနိုင်ငံအား ဖယ်ရှားမှုကို ဩဂုတ်လ အစောဆုံးထားကာ လိုအပ်သလို ဆက်လက်လုပ်ဆောင်ရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လွန်ခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန်ကပစ်ချခဲ့သည့် အီရန်ဒရုန်းမှာ နှစ်စင်းဖြစ်နိုင်

**ဝါရှင်တန် ဇူလိုင် ၂၄**

လွန်ခဲ့သည့်သီတင်းပတ်အတွင်း အမေရိကန်စစ်သင်္ဘောမှ ပစ်ချလိုက်သည့် အီရန်ဒရုန်းမှာ နှစ်စင်းဖြစ်နိုင်သည်ဟု အမေရိကန်တပ်ဖွဲ့က ဇူလိုင် ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ဒရုန်းတစ်စင်း ပစ်ချလိုက်နိုင်သည်ဟု အတည်ပြုနိုင်သော်လည်း ဒုတိယမြောက် တစ်စင်းကိုလည်း ပစ်ချကောင်း ပစ်ချနိုင်ခဲ့သည်ဟု အမေရိကန်ရေတပ်ဗိုလ်ချုပ်ကန်နက်မက်ကန်ဇီက စီဘီအင်န်သတင်းဌာနနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

အမေရိကန် ဗဟိုစစ်အင်အားစုမှ ပြောရေးဆိုခွင့်ရှိသူ အားဘရောင်းက အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်တွင် အီရန်ဒရုန်းနှစ်စင်း၏ ရန်လိုသော အပြုအမူကို ယူအက်စ်အက်စ် ဘောက်ဆာသင်္ဘောက လက်တုံ့ပြန်ခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။

“ကျွန်တော်တို့ အီရန်ဒရုန်းတစ်စင်းရဲ့ အပျက်အစီးများကိုသာ ရှာတွေ့ခဲ့ပါတယ်။ နောက်တစ်စင်းကိုတော့ မတွေ့ရပါဘူး” ဟု ဘရောင်းက ဆက်ပြောသည်။

အမေရိကန်စစ်သင်္ဘော ယူအက်စ်အက်စ် ဘောက်ဆာက အီရန်ဒရုန်းကို ပစ်ချနိုင်ခဲ့သည်ဟု အမေရိကန်သမ္မတထရမ့်က ကြေညာခဲ့သော်လည်း အီရန်နိုင်ငံကမူ ၎င်းတို့၏ဒရုန်းများ တစ်စင်းမျှ ပျက်စီးခဲ့ခြင်းမရှိဟု ပြောဆိုခဲ့သည်။

**ဆင်ဟွာ**

# ၂၀၂၀ ပြည့်နှစ် တိုကျို အိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်မှုများ တိုးတက်

**တိုကျို ဇူလိုင် ၂၄**

၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲစတင်ရန် အချိန်တစ်နှစ်ခန့်သာ လိုတော့ရာ ပြိုင်ပွဲအတွက် ပြင်ဆင်မှုများတွင်လည်း တိုးတက်လျက်ရှိသည်။ လာမည့်နှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၉ ရက်အထိ ကျင်းပမည့် အားကစားပြိုင်ပွဲတွင် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၁၉၆၄ ခုနှစ်နောက်ပိုင်း ဂျပန်နိုင်ငံ၌ ပထမဆုံး ကျင်းပသည့် နွေရာသီ အိုလံပစ် ပြိုင်ပွဲလည်းဖြစ်သည်။

၁၇ ရက်ကြာ ကျင်းပမည့်ပွဲတွင် ပြိုင်ပွဲပေါင်း ၃၃၉ ခုမှာ အားကစားသမားထောင်ပေါင်းများစွာ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဂျပန်အိုလံပစ်အဖွဲ့အတွက် ပါဝင်ကြမည့် အားကစားသမား ရွေးချယ်မှုမှာလည်း ယခုနှစ်နွေရာသီတွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်သည်။



တိုကျိုအိုလံပစ်အတွက် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

ယခုအခါ တောင်ကိုရီးယားနိုင်ငံတွင် ကမ္ဘာ့ရေကူးချန်ပီယံပြိုင်ပွဲ ကျင်းပခဲ့ရာ ဂျပန်အားကစားသမားလေးဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အိုလံပစ်အားကစားသမားများ နေထိုင်ရန်နှင့် ပြိုင်ပွဲကျင်းပရာ နေရာ ၄၂ ခုကို အိုလံပစ်အားကစားရွာတွင် လျင်မြန်စွာ တည်ဆောက်လျက်ရှိသည်။

အိုလံပစ်ပွဲ စီစဉ်သူများသည် အပူချိန်တိုင်းတာမှုများနှင့် ဂျပန်မြို့တော်တွင် ယာဉ်ကြောပိတ်ဆို့မှုများ မရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ စေတနာ့ဝန်ထမ်း ၁၀၀၀၀၀ ခန့်ကို မည်သို့ ကိုင်တွယ်မည်ဆိုသည်မှာလည်း ပွဲစီစဉ်သူများအတွက် အဓိက ပြဿနာပင်ဖြစ်သည်။

အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရန် တစ်နှစ်အလိုတွင် သေချာပေါက်ဖြေရှင်းရမည့်ကိစ္စလည်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ပင်လယ်ကွေ့ရေပြင်ကို ထိန်းသိမ်းသွားမည်ဟု ဗြိတိန်ဝန်ကြီးချုပ်သစ်ကို အီရန်သတိပေး

**တီဟီရန် ဇူလိုင် ၂၄**

ရေနံကြွယ်ဝသည့် ပါရှန်းပင်လယ်ကွေ့ရေပြင်ကို ကာကွယ်ထိန်းသိမ်းသွားမည်ဟု ဗြိတိန်ဝန်ကြီးချုပ်သစ် ဘောရစ်ဂျွန်ဆင်အား အီရန်က သတိပေးမှုပြုလုပ်ခဲ့သည်။

ရေနံတင်သင်္ဘောများ အပြန်အလှန်သိမ်းယူထားမှုနှင့် ပတ်သက်ပြီး နှစ်ဖက်စလုံးမှ တင်းမာမှုများရှိနေစဉ် ယခုလိုသတိပေးခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် အီရန် တော်လှန်ရေးအစောင့်တပ်တို့ကြား ရန်လိုမှုများ မြင့်တက်နေချိန်တွင် အမေရိကန်၏ မဟာမိတ်ဖြစ်သည့် ဗြိတိန်အလံလွှင့်ထားသည့် သင်္ဘောကို အီရန်တို့က သိမ်းယူခဲ့သည်။

ဇူလိုင် ၄ ရက်ကလည်း ဥရောပသမဂ္ဂအဖွဲ့ကြီး၏ ပိတ်ဆို့မှုများကို ချိုးဖောက်ပြီး ဆီးရီးယားသို့ ရေနံတင်ပို့သည်ဟု သံသယရှိသည့် အီရန်ရေနံတင်သင်္ဘောကို ဗြိတိန်ဘက်မှ ဖမ်းဆီးခဲ့သည်။

“အီရန်နိုင်ငံသည် ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းကို မလိုလားပါ။ သို့သော် ပါရှန်းပင်လယ်ကွေ့ကမ်းရိုးတန်းမိုင် ၁၅၀၀ ကို အီရန်က ပိုင်ဆိုင်ထားသည်။ ကျွန်ုပ်တို့၏ ရေပြင်ကို ကာကွယ်သွားမည်” ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။



သိမ်းဆည်းခံထားရသည့် ဗြိတိန်သင်္ဘောမှ သင်္ဘောအမှုထမ်းများကို တွေ့ရစဉ်။

ထို့ပြင် မစ္စတာ ဘောရစ်ဂျွန်ဆင် ဗြိတိန်ဝန်ကြီးချုပ် ဖြစ်လာသည့်အတွက်လည်း ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် ဗြိတိန်သင်္ဘောဖြစ်သည့် Stena Impero ကို အပြည်ပြည်ဆိုင်ရာ ရေကြောင်း စည်းမျဉ်းများကို ချိုးဖောက်သည်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။

အီရန်နိုင်ငံပိုင် သတင်းဌာနက ထုတ်လွှင့်သည့်ရုပ်သံတွင် သင်္ဘောအမှုထမ်းများဖြစ်ကြသည့် အိန္ဒိယမှ ၁၈ ဦး၊ ရုရှားမှ သုံးဦး၊ ဖိလစ်ပိုင်တစ်ဦးတို့ကို ပြသခဲ့ပြီး ၎င်းတို့မှာ နေ့စဉ်လုပ်ငန်းဆောင်တာများ လုပ်ကိုင်နေကြသည်ကို တွေ့မြင်ရသည်။ အမေရိကန်မှ အီရန်အပေါ် ပိတ်ဆို့မှုများ လုပ်ဆောင်ပြီးနောက်ပိုင်း နှစ်ဖက်အခြေအနေ တင်းမာမှုများဖြစ်ပေါ်လာပြီး ဒရုန်းပစ်ချခံရမှု၊ ရေနံတင်သင်္ဘောများ ထူးဆန်းစွာ တိုက်ခိုက်ခံရမှုတို့ကြောင့်လည်း အခြေအနေ ပိုမိုဆိုးရွားလာခဲ့သည်။

**အေအက်ဖ်ပီ**

# အရှေ့တောင်အာရှဆီ ပျံ့နှံ့လာနေတဲ့ ဆေးယဉ်ငှက်ဖျားရောဂါ

**ကလျာမိုးမြင့်**

ပုံမှန်ပေးနေကျ ငှက်ဖျားဆေးတွေကို ခံနိုင်ရည်ရှိတဲ့ ဆေးယဉ်ငှက်ဖျားရောဂါဟာ အရှေ့တောင်အာရှနိုင်ငံတွေဆီကို မြန်မြန်ဆန်ဆန် ကူးစက်ပျံ့နှံ့လာနေပြီလို့ ဗြိတိန်နဲ့ ထိုင်းနိုင်ငံက ဆေးပညာရှင်တွေက ပြောပါတယ်။


ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေသူတစ်ဦးကို တွေ့ရစဉ်။

### မပျောက်ကင်းနိုင်

ကူးစက်ရောဂါပိုးဟာ ကမ္ဘောဒီးယားကနေ လာအို၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေဆီ ရွေ့လျားလာနေပြီဖြစ်ပြီး ဒီရောဂါခံစားရတဲ့ လူနာတွေရဲ့ ထက်ဝက်လောက်က ပထမရွေးချယ်ထားတဲ့ ဆေးဝါးတွေနဲ့ ကုသလို့ပျောက်ကင်းနိုင်ခြင်း မရှိတော့ပါဘူး။ လေ့လာတွေ့ရှိချက်တွေအရ ဆေးယဉ်ပါးတဲ့ ငှက်ဖျားရောဂါ ကူးစက်ဖြစ်ပွားနိုင်တဲ့ ထိတ်လန့်စရာ အလားအလာတစ်ခုဟာ အာဖရိကဆီကို ပြန့်ပွားနိုင်တယ်လို့လည်း သိရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွမ်းကျင်သူတွေရဲ့ပြောပြချက်အရ နောက်ဆက်တွဲပြဿနာရပ်တွေကတော့ မူလက တွေးထင်ထားတာလောက် မပြင်းထန်နိုင်လောက်ဘူးလို့ ဆိုပါတယ်။ လတ်တလောမှာ အာတီမီစီနင်နဲ့ ပီပါရာကွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုတွေကို အာတီမီစီနင်နဲ့ ပီပါရာကွင်းလို့ခေါ်တဲ့ နှစ်မျိုးပေါင်းထားတဲ့ဆေးနဲ့ ကုသမှုပေးနေပါတယ်။ ဒီဆေးကို ၂၀၀၈ ခုနှစ်က ကမ္ဘောဒီးယားမှာစပြီး အသုံးပြုခဲ့တာပါ။

### ပျံ့နှံ့ရောက်ရှိ

ဒါပေမယ့်လည်း ၂၀၁၃ ခုနှစ်မှာတော့ ကမ္ဘောဒီးယားနိုင်ငံ အနောက်ပိုင်းမှာ အဲဒီဆေးနှစ်မျိုးလုံးကို ခံနိုင်ရည် ပိုရှိလာတဲ့ ရောဂါပိုးကူးစက်မှုကို ပထမဆုံးအကြိမ် စစ်ဆေးတွေ့ရှိလာခဲ့ပါတယ်။ နောက်ဆုံးပြုလုပ်ခဲ့တဲ့ လေ့လာမှုမှာ အရှေ့တောင်အာရှဒေသတစ်လွှားက ငှက်ဖျားရောဂါဖြစ်ပွားတဲ့ လူနာတွေဆီကနေ သွေးနမူနာရယူပြီး ခွဲခြမ်းစိတ်စစ်မှုတွေလုပ်ဆောင်ခဲ့ပါတယ်။ စစ်ဆေးရှာဖွေမှု လုပ်ဆောင်နေတဲ့ ကပ်ပါးရောဂါပိုးရဲ့ဒီအင်န်အေမှာ ဖော်ပြနေတာကတော့ ဆေးဒဏ်ကို ခံနိုင်ရည်ရှိတဲ့၊ တစ်နည်းအားဖြင့် ဆေးယဉ်နေတဲ့ ရောဂါပိုးဟာ ကမ္ဘောဒီးယားနိုင်ငံတစ်လွှားမှာတင်မကဘဲ လာအို၊ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်တွေကိုပါ ပျံ့နှံ့ရောက်ရှိနေခဲ့ပြီဆိုတာပါပဲ။

### ဆေးယဉ်ပါးနေ

နောက်ထပ်သန္ဓေပြောင်းသွားတဲ့ ကပ်ပါးပိုးတွေ တွယ်ကပ်နေခြင်းက ပိုပြီးပြဿနာဖြစ်စေခဲ့တဲ့အကြောင်းဖြစ်တယ်လို့ လေ့လာသူတွေက ဆိုပါတယ်။ တချို့ဒေသတွေမှာဆိုရင် ငှက်ဖျားရောဂါပိုးရဲ့ရာခိုင်နှုန်း ၈၀ လောက်က ဆေးယဉ်ပြီးသားတွေ ဖြစ်နေကြပါတယ်။ ဒီရောဂါပိုးတွေက အသုတ်လိုက်ပြန့်ပွားနေပြီး အရင်ကထက်ပိုဆိုးရွားလာတယ်လို့ Wellcome Sanger Institute မှ ဒေါက်တာရောဘတ်တိုအမာတိုက ပြောကြားခဲ့ပါတယ်။ ဒုတိယအကြိမ် ပြုလုပ်ခဲ့တဲ့ လေ့လာမှုမှာ လူနာတွေရဲ့ထက်ဝက်ဟာ ပုံမှန်သုံးစွဲနေကျ ကုထုံးတွေနဲ့ အလုပ်မဖြစ်တော့ပါဘူး။

### အလှည့်ကျကုထုံးတွေ

ဒါပေမယ့်လည်း ယခင်ပေးနေကျ ဆေးဝါးတွေအစား အလှည့်ကျသုံးနိုင်တဲ့ ဆေးဝါးတွေရှိနေလို့ တော်သေးတယ်လို့ဆိုရမလို ဖြစ်နေပါတယ်။ ကူးစက်ပြန့်ပွားမှုနဲ့ ဆေးဒဏ်ခံနိုင်ရည်စွမ်း ပြင်းထန်မှုတွေကြောင့် ကျွန်ုပ်တို့ရဲ့လေ့လာတွေ့ရှိမှုတွေက ကုထုံးတွေကို တစ်မျိုးပြီးတစ်မျိုး အလှည့်ကျ လုပ်ဆောင်သွားဖို့ အရေးပေါ်လိုအပ်တယ်ဆိုတာကို မီးမောင်းထိုးပြခဲ့တယ်လို့ ဒေါက်တာရောဘတ်တိုက ဆိုပါတယ်။ ဒီတော့ ငှက်ဖျားရောဂါကို ကုတဲ့အခါမှာ အာတီမီစီနင် ဒါမှမဟုတ် သုံးမျိုးစပ်ဆေးပေါင်းကို ပေးတဲ့အပြင် ဆေးယဉ်တာကို ကျော်လွှားနိုင်ဖို့အတွက် တခြားမတူညီတဲ့ ဆေးဝါးတွေလည်း ထည့်သွင်းရနိုင်တယ်လို့ ၎င်းကပြောပါတယ်။

### စိုးရိမ်ရမည့်အရာ

ငှက်ဖျားရောဂါ နှိမ်နင်းတိုက်ဖျက်တဲ့ နေရာမှာ အောင်မြင်ဖြစ်ထွန်းမှု ကြီးကြီးမားမား ရရှိအောင် လုပ်ဆောင်နိုင်ခဲ့ပြီးပြီ။ ဒါပေမယ့် အဲဒီအောင်မြင်မှုကို ဆေးဒဏ်ခံနိုင်တဲ့ ရောဂါပိုးပျံ့နှံ့လာနေမှုက လာပြီးခြိမ်းခြောက် နေပြန်ပါတယ်။ အကယ်၍ ဆေးယဉ်နေတဲ့ရောဂါပိုးက နောက်ထပ် ပိုမိုပျံ့နှံ့လာပြီး အာဖရိကဆီ ရောက်ရှိသွားမယ်ဆိုရင် စိုးရိမ်စရာတွေ အများကြီး ရှိလာပါမယ်။ ငှက်ဖျားရောဂါဖြစ်ပွားမှု ၁၀ ခုမှာ ကိုးခုလောက်ဟာ အာဖရိကမှာ ဖြစ်ပွားတာဖြစ်တဲ့အတွက် သိပ်ကို အန္တရာယ်ရှိပါတယ်။

### သန်းချီသေဆုံး

ဆေးဒဏ်ခံနိုင်မှုမြင့်မားတဲ့ ကပ်ပါးပိုးအစုဟာ နယ်မြေသစ်တွေဆီကို ကျူးကျော်လာနိုင်စွမ်းရှိပြီး မျိုးရိုးဗီဇဆိုင်ရာ အစွမ်းသတ္တိသစ်တွေ ရှိလာနိုင်ပါတယ်။ အာဖရိကဆီကို ပျံ့နှံ့ရောက်ရှိသွားနိုင်တဲ့ ထိတ်လန့်တုန်လှုပ်ဖွယ် အလားအလာ ရှိလာစေနိုင်ပါတယ်။ ၁၉၈၀ ပြည့်နှစ်များအတွင်းမှာ ကလိုရိုကွင်း ဆေးယဉ်ပါးမှု ကြုံတွေ့ခဲ့ရဖူးပြီး လူသန်းနဲ့ချီ သေဆုံးစေခဲ့တယ်လို့ အောက်စဖို့ဒ်တက္ကသိုလ်နဲ့ Wellcome Sanger Institute မှ ပရော်ဖက်ဆာအိုလီဗိုမီအိုတိုက ပြောကြားခဲ့ပါတယ်။

လေ့လာတွေ့ရှိမှုတွေဟာ အရှေ့တောင်အာရှဒေသက မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာ နယ်နိမိတ်အတွင်းမှာ ရှိနေကြတဲ့ ပြည်သူတွေရဲ့ နေ့စဉ်ဘဝတွေကို သိပ်ပြီးပြောင်းလဲစေမှာတော့ မဟုတ်ပါဘူး။ ငှက်ဖျားရောဂါကို ကိုင်တွယ်ရတာဟာ ကူးစက်ခံရမှု ဖြစ်ပွားပြီးတဲ့နောက် မှန်ကန်တဲ့ ကုထုံးတစ်ခုကို ရွေးထုတ်ရတယ်ဆိုတာထက် ပိုတဲ့ အလုပ်တစ်ခုပါပဲ။ ရောဂါကူးစက် ပျံ့နှံ့မှုကိုဖြစ်စေတဲ့ ခြင်တွေကို ထိန်းချုပ်တဲ့ ကြိုးပမ်းမှုအားလုံးသည်လည်း ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။

### မျိုးရိုးဗီဇဆိုင်ရာလေ့လာမှု

သို့သော်လည်း သုတေသနပြုနေသူတွေက ငှက်ဖျားရောဂါ ကူးစက်ဖြစ်ပွားပြီးတဲ့နောက် ပြည်သူတွေကို ပေးထားတဲ့ ဆေးဝါးတွေ အပြောင်းအလဲ လုပ်သင့်တယ်လို့ ဆိုထားပါတယ်။ လေ့လာမှုတွေအတွင်းမှာ မျိုးရိုးဗီဇဆိုင်ရာ စိစစ်လေ့လာမှုကလည်း ဆရာဝန်တွေအနေနဲ့ လူနာတွေကို မှန်ကန်တဲ့ ကုထုံးတွေပေးဖို့အတွက် ဆေးယဉ်ပါးမှုမဖြစ်ခင် ခြေတစ်လှမ်း အသာရအောင် အထောက်အကူပြုပေးနိုင်တယ်ဆိုတာကို ဖော်ပြနေတယ်လို့ ဆိုပါတယ်။

### အနှောင့်အယှက်ပေး

ဆေးဒဏ်ကိုခံနိုင်တဲ့ ရောဂါပိုးတွေ ပြန့်ပွားမှုဟာ ဒေသအတွင်းမှာ ရောဂါတိုက်ဖျက်မှုတွေကို အနှောင့်အယှက် ပေးနေပါတယ်။ ဒီကပ်ပါးပိုးတွေဟာ သိပ်ကြောက်ဖို့ကောင်းတဲ့ သတ္တဝါဆိုးတွေလို့ ခွင်းချက်မရှိ ပြောနိုင်တယ်လို့ လန်ဒန်ဆေးတက္ကသိုလ်တစ်ခုမှ ပါမောက္ခကိုလင်စူသာလန်က ပြောပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကပ်ပါးပိုးတွေဟာ သိပ်ကိုကြံ့ခိုင်သန်မာတဲ့ အခြေအနေမျိုးတော့ မရောက်ရှိသေးဘူး လွှမ်းခြုံထားတယ်လို့ ၎င်းကို ပြောပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ ငှက်ဖျားရောဂါ ကူးစက်ဖြစ်ပွားမှုဟာ ၂၀၀၈ ခုနှစ်အတွင်းမှာ လူပေါင်း ၂၆၂၀၀၀ ရှိခဲ့ပြီး ၂၀၁၈ မှာ ကူးစက်ပြန့်ပွားမှု လူပေါင်း ၃၆၉၀၀ ရှိခဲ့ပါတယ်။ ဒီတော့ ဆေးယဉ်ပါးတဲ့ ကပ်ပါးပိုးဟာ ပျံ့နှံ့နေတယ်ဆိုတာ သံသယဖြစ်စရာ မရှိပါဘူး။ ဒါက ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုအဖြစ်တော့ သတ်မှတ်လို့မရသေးဘူးလို့ ပါမောက္ခစူသာလန်က ရှင်းပြခဲ့ပါတယ်။ ပြီးတော့ နောက်ဆက်တွဲ လက္ခဏာရပ်တွေကလည်း ကျွန်ုပ်တို့ တွေးထင်ထားသလောက် မဆိုးရွားဘူးလို့ သိရပါတယ်။

### ဘယ်လောက်ဆိုးသလဲ

နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းမှာ ငှက်ဖျားရောဂါဖြစ်ပွားသူ ၂၁၉ သန်း ရှိနေပါတယ်။ ငှက်ဖျားရောဂါ ခံစားရတဲ့အခါ ဖြစ်လာမယ့် လက္ခဏာတွေကတော့ ချမ်းစိမ့်ပြီး အဖျားတက်မယ်။ အပူချိန်မြင့်မားခြင်းနဲ့အတူ ချွေးထွက်များတာတွေ ဖြစ်လာပါမယ်။ မကုသဘဲ ထားလိုက်မယ်ဆိုရင် ရောဂါပိုးက အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေအထိ ဖြစ်လာနိုင်ပြီး ကိုယ်တွင်းအင်္ဂါတွေ ပျက်စီးသွားတဲ့အထိ ဒုက္ခပေးနိုင်ပါတယ်။ ငှက်ဖျားရောဂါကြောင့် နှစ်စဉ်နှစ်တိုင်း လူလေးသိန်းသုံးသောင်းကျော် အသက်ဆုံးရှုံးနေရပြီး သေဆုံးသူတွေထဲမှာ အများစုက ငါးနှစ်အောက်ကလေးငယ်တွေပါပဲ။ ။ **ကိုးကား- ဘီဘီစီ၊ ဆင်ဟွာ**

> **"ငှက်ဖျားရောဂါ နှိမ်နင်းတိုက်ဖျက်တဲ့နေရာမှာ အောင်မြင်ဖြစ်ထွန်းမှု ကြီးကြီးမားမား ရရှိအောင် လုပ်ဆောင်နိုင်ခဲ့ပြီးပြီ။ ဒါပေမယ့် အဲဒီအောင်မြင်မှုကို ဆေးဒဏ်ခံနိုင်တဲ့ ရောဂါပိုးပျံ့နှံ့လာနေမှုက လာပြီးခြိမ်းခြောက်နေပြန်ပါတယ်။ အကယ်၍ ဆေးယဉ်နေတဲ့ ရောဂါပိုးက နောက်ထပ်ပိုမိုပျံ့နှံ့လာပြီး အာဖရိကဆီ ရောက်ရှိသွားမယ်ဆိုရင် စိုးရိမ်စရာတွေ အများကြီး ရှိလာပါမယ်။"**

---

**နိုင်ငံတကာ သတင်းတိုထွာ**

## ဂျပန်နိုင်ငံ၏ ပို့ကုန်ကန့်သတ်ချက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံများ ဆွေးနွေးမည်

**ဂျီနီဗာ ဇူလိုင် ၂၄**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း(WTO)၏ အဖွဲ့ဝင်နိုင်ငံများသည် ဂျပန်နိုင်ငံက တောင်ကိုရီးယားသို့ တင်ပို့သည့် နည်းပညာမြင့် ကုန်ပစ္စည်းများတွင် ကန့်သတ်ချက်များ တိုးမြှင့်လိုက်ခြင်းကို ဆွေးနွေးသွားမည်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အထွေထွေကောင်စီသည် နှစ်ရက်ကြာ အစည်းအဝေးကို ဇူလိုင် ၂၃ ရက်တွင် ဂျီနီဗာမြို့၌ စတင်လိုက်ပြီဖြစ်သည်။

WTO အဖွဲ့ဝင်နိုင်ငံ ၁၆၄ နိုင်ငံမှ ကိုယ်စားလှယ်များသည် ပထမနေ့ ဆွေးနွေးမှုအပြီးတွင် ဆွေးနွေးစရာခေါင်းစဉ် တစ်ဝက်ခန့်ကို ဆွေးနွေးပြီးဖြစ်သည်။ ဂျပန်နိုင်ငံ၏ ပို့ကုန်ကန့်သတ်ချက်တိုးမြှင့်မှုမှာ နံပါတ်စဉ် ၁၁ အဖြစ် ဆွေးနွေးသွားမည်ဖြစ်သည်။

WTO ၏ ဆွေးနွေးပွဲဆုံးဖြတ်ချက်ကို ဂျပန်နှင့် တောင်ကိုရီးယားတို့က မျှော်လင့်လျက်ရှိသည်။ ယခုလ အစောပိုင်းမှ စတင်ကာ တောင်ကိုရီးယားသို့ တင်ပို့မည့် ပစ္စည်းများကို ဂျပန်နိုင်ငံက တင်းကျပ်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါပစ္စည်းများမှာ တောင်ကိုရီးယားကုမ္ပဏီများ အဓိကအသုံးပြုရသည့် ပစ္စည်းများလည်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ရုရှားကလေးငယ်များ စောင့်ရှောက်ရေးဂေဟာ မီးလောင်မှု သေဆုံးသူမြင့်တက်

**မော်စကို ဇူလိုင် ၂၄**

ရုရှားနိုင်ငံအရှေ့ဖျား ခါဘာရိုဗ့်ဒေသ၌ ဇူလိုင် ၂၃ ရက် အစောပိုင်းက ကလေးငယ်များ စောင့်ရှောက်ရေးဂေဟာတစ်ခု မီးလောင်မှု ဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူ လေးဦးအထိ ရှိလာကြောင်း သိရသည်။

သေဆုံးသူ လေးဦးအနက် အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးတို့မှာ ဆေးရုံသို့ ရောက်ရှိပြီးနောက် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။ ထို့ပြင် ဆေးရုံ၌ ကုသမှုခံယူနေသည့် ကလေးငယ်ခြောက်ဦး ရှိပြီး ၎င်းတို့ထဲတွင် သုံးဦးမှာ စိုးရိမ်ရကြောင်း သိရသည်။

ကလေးစောင့်ရှောက်ရေး ဂေဟာ မီးလောင်မှုတွင် မူလက အမျိုးသမီးတစ်ဦးသေဆုံးပြီး ကလေးငယ် ခုနစ်ဦး အပါအဝင် ၁၂ ဦး ထိခိုက်ဒဏ်ရာ ရရှိကြောင်း ရုရှားကျန်းမာရေးဝန်ကြီးဌာန၏ ကနဦး ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

မီးလောင်မှု ဖြစ်ပွားချိန်တွင် ဂေဟာအတွင်း၌ ကလေးငယ် ၁၉၉ ဦး ရှိနေခဲ့သည်။ ဂေဟာဝင်းအတွင်းရှိ အဆောင်ပေါင်း ၂၀ မီးကူးစက်လောင်ခဲ့ပြီး အဆောင်ငယ် ခြောက်လုံးမှာ မီးလောင်ပျက်စီးသွားခဲ့သည်။ **ဆင်ဟွာ**



# နီးနီးနားနား ပဲခူး သွား

## A Day-Trip to Bago

Thiha, the Traveller @ သီဟလုလင်

**ခုတလော ခရီးသိပ်မသွားဖြစ်ပြန်ဘူး။ သွားဖြစ်တော့လည်း နိုင်ငံခြားခရီးကများနေတော့ စိတ်ထဲမှာ ပြည်တွင်းလည်ချင်စိတ် သိပ်ဖြစ်နေတယ်။ သွားဖူးပြီးသားလည်း မသွားချင်သေး။ မသွားရသေးတာတွေကလည်း ခပ်ဝေးဝေး ဖြစ်နေတော့ ရေးမယ်လို့ တာစူထားပြီး မရေးဖြစ်သေးတဲ့ ရန်ကုန်မြို့နဲ့ အနီးဆုံး ပဲခူးမြို့ကိုပဲ အားလပ်ရက်လေးမှာ အချိန်ပေးပြေးလိုက်တယ်။ ပဲခူးကို ရန်ကုန်ကနေဆို နေ့ချင်းပြန်သွားလည်ကြတာများပေမယ့် တကယ်တော့ ပဲခူးဟာ သေချာအချိန်ပေးလည်မယ်ဆို တစ်ညအိပ်ခရီးမှ အနည်းဆုံးအဆင်ချောပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်လည်း ရန်ကုန်နဲ့နီးတော့ ဒီတစ်ပတ် နေရာနည်းနည်း၊ နောက်တစ်ပတ် နေရာနည်းနည်းသွားရင်လည်း အဆင်ပြေပါတယ်လေ။**



နာမည်ကျော် ရွှေမော်ဓောစေတီကြီးရဲ့ တစ်ချိန်က ငလျင်ကြောင့် မြေခခဲ့ရတဲ့ ငှက်ပျောဖူးတော်ကြီးကို ယနေ့တိုင် ပြသအပူဇော်ခံထားရှိမှုက ပြည်တွင်းပြည်ပ ခရီးသွားတွေကို ဆွဲဆောင်နေသည်ကို တွေ့ရစဉ်။

### ဟံသာဝတီနေပြည်တော် မြို့ပဲခူး

ပဲခူးဆိုတာ မွန်စကား ဖဲ့ဂိုကနေ ဆင်းသက်လာတယ်လို့ ဖတ်ဖူးပါတယ်။ ၈၂၆ ခုနှစ်မှာ သမလ၊ ဝိမလ ညီနောင်ကနေစပြီး တည်ထောင်ခဲ့ကြတယ်။ မင်းဆက် ၁၇ ဆက်လွန်တော့ မင်းဆက်ပြတ်သွားပြီး ရွာကြီးလို ကျန်ခဲ့ရာကနေ ၁၃၆၉ ခုနှစ်မှာ ဗညားဦးမင်းက ထီးနန်းစိုက်လို့ မွန်တစ်လှည့် ဗမာတစ်လှည့် အုပ်ချုပ်ခဲ့တယ်လို့ သိရပါတယ်။ ၁၇၅၇ ခုနှစ်မှာတော့ အလောင်းမင်းတရားလက်အောက် ကျရောက်ခဲ့ပြီး ၁၈၅၂ ခုနှစ်မှာ အင်္ဂလိပ်လက်အောက်ရောက်ခဲ့ပါသေးတယ်။ ခုတော့ ရှေးက ဟံသာဝတီမင်းနေပြည်တော်ဟာ ပဲခူးအနေနဲ့ ရန်ကုန်မြို့နဲ့ အနီးဆုံး လည်ပတ်စရာအဖြစ် ပြည်တွင်း ပြည်ပက ခရီးသွားတွေရဲ့ စိတ်ဝင်စားခြင်းကို ခံနေရပြီ ဖြစ်ပါတယ်။

### ပဲခူး သွားလည်မယ်

ပဲခူးကိုသွားမယ်ဆိုရင် ကိုယ်ပိုင်ကား၊ အငှားယာဉ်၊ ဘတ်စ်ကား၊ ရထားတို့နဲ့ သွားလာနိုင်ပါတယ်။ ဘတ်စ်ကားနဲ့ သွားမယ်ဆိုရင်တော့ စော်ဘွားကြီးကုန်း အဝေးပြေးနားမှာ ယာဉ်အလတ်နဲ့ အသေးကားဂိတ်တွေ ရှိပါတယ်။ အဲဒီကနေ ပဲခူးကားတွေ စီးလို့သွားနိုင်ပါတယ်။ အောင်မင်္ဂလာအဝေးပြေးကနေလည်း ကားတွေ ရှိပါတယ်။ ဈေးတော့ ပိုကြီးတယ်။ ကားမောင်းချိန် နှစ်နာရီဝန်းကျင်လောက် ရှိတတ်ပါတယ်။ ရထားနဲ့ဆိုလည်း ရန်ကုန်ဘူတာကြီးကနေ ပဲခူးဘူတာကို စီးသွားနိုင်တယ်။ မနက် ၇ နာရီ ၁၅မိနစ်၊ ညနေ ၆ နာရီ ၂၅ မိနစ်နဲ့ ည ၉ နာရီတွေမှာ ထွက်တယ်လို့ သိထားပါတယ်။ သူလည်း အချိန်နှစ်နာရီလောက် စီးရတာပါပဲ။

### လည်ပတ်စရာ ပဲခူးမြို့တစ်ခွင်မှာ

ပဲခူးမှာတော့ ရှေးဘုရားတွေပဲ လည်ပတ်ကြရမှာပါ။ တခြားထူးထူးထွေထွေ မရှိလှဘူး။ အနီးဝန်းကျင်မှာတော့ လည်စရာတချို့ရှိပါတယ်။ ဆိုတော့လည်း ဘုရားပဲ အရင်လည်ကြတာပေါ့နော်။ သီဟနဲ့ ရောင်းရင်းများ ပဲခူးဘုရားဖူးခရီးစဉ်လေး အရင် စလိုက်ကြမယ်။

### ရွှေမော်ဓောစေတီ

ပဲခူးဆိုတာနဲ့ မြန်မာအားလုံးတွဲမြင်ကြတာက ရွှေမော်ဓောစေတီပါ။ ရွှေမော်ဓော အနီးဝန်းကျင်ကလည်း ပဲခူးမြို့မှာ အစည်ကားဆုံးအရပ်လားလို့ ထင်ရပါတယ်။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်လိုမျိုးဆို တိုးမပေါက်အောင်ပါပဲလေ။ သထုံဘုရင် စူဠသီရိမာ စပြီးတည်ထားတုန်းက ဉာဏ်တော် ၁၇ တောင်ပဲ ရှိရာကနေ ဗညားဦး လက်ထက်မှာ ၅၅ တောင်ထိ ဖြစ်လာတယ်။ ငလျင်ဒဏ်တွေ အကြိမ်ကြိမ်ခံခဲ့ရပြီး ဘုရင်၊ ဘုရင်မ အဆက်ဆက်က ပြုပြင်မွမ်းမံရင်းနဲ့ ဉာဏ်တော်ဟာ အခုဆို ၃၇၃ ပေ ၉ လက်မရှိတယ်လို့ သိရပါတယ်။ ဘုရားဝန်းကျင်မှာ ဈေးဆိုင်တန်းများစွာနဲ့ စည်ကားနေတတ်တယ်။ ကားရပ်ဖို့တောင် တစ်ခါတလေ နေရာရှာရခက်သေး။ ဒီမှာ အဓိက အထင်ရှားဆုံးက အရင်ငလျင်ကြောင့် ပြိုကျဖူးခဲ့တဲ့ ငှက်ပျောဖူးတော်ကြီးကို ထူးခြားမှုအနေနဲ့ ယခုတိုင်ထားရှိပြီး ပြသထားတာပါ။ ဒါ့အပြင် ဘုရားရင်ပြင် တစ်နေရာက စိတ်လို့ရေးထားတဲ့ အုတ်တိုင်ဟာလည်း ထူးခြားမှုပါပဲ။ စည်ကားခမ်းနားတဲ့ ပဲခူးရွှေမော်ဓောဘုရားပွဲကြီးကိုတော့ တန်ခူးလဆန်း ၈ ရက်နေ့ကနေ တန်ခူးလပြည့်နေ့အထိ (ဧပြီလ သင်္ကြန်ဝန်းကျင်နဲ့ သင်္ကြန်တွင်း) တွေမှာ ကျင်းပလေ့ရှိပါတယ်။

### ကျိုက်ပွန် လေးမျက်နှာဘုရား

မွန်စကားနဲ့ဆို ကျိုက်ပွန်ဟာ ဘုရားလေးဆူကို ခေါ်တာလို့ သိရပါတယ်။ ရန်ကုန်ကနေသွားရင် ပထမဆုံး မြင်တွေ့ရမှာပါ။ အရင်ကတည်းကလည်း တည်ဆောက်ထားပုံဆန်းပြားလို့ ခရီးသွားတွေ စိတ်ဝင်စားခဲ့ကြပြီး ခုထိလည်း သမိုင်းဝင်မို့ လာလည်ကြပါတယ်။ ဒီဘုရားလေးဆူ ရုပ်တုတော်ကြီးတွေက ကြီးမားလွန်းပြီး အဝေးကနေတောင် ထင်ထင်ရှားရှား မြင်သာနေတာကိုက စိတ်ဝင်စားစရာတစ်ခုပါ။ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူရဲ့ ကိုယ်စားပြုရုပ်ပွားတော်တွေလို့ မှတ်သားရပါတယ်။ ၁၄၇၆ ခုနှစ်မှာ ဓမ္မစေတီမင်း တည်ခဲ့တာပါ။ ရန်ကုန် - မန္တလေး လမ်းဟောင်းကနေ အတွင်းကို တော်တော်ဝင်ရပါတယ်။ ကားရပ်ဖို့ နေရာကျယ်ကျယ်နဲ့ ဆိုင်ခန်းတွေလည်း အနီးဝန်းကျင်မှာ ရှိပါတယ်။

### မြသာလျောင်းဘုရား (နောင်တော်ကြီး)

ပဲခူးမှာရှိတဲ့ လျောင်းတော်မူ ရုပ်ပွားတော်တွေထဲမှာ မြသာလျောင်းဘုရားက အနီးဆုံး မြင်နိုင်မယ်လို့ ယူဆပါတယ်။ အရင်ကထက် စည်ကားလာပြီး ဆိုင်ခန်းတွေလည်း ရှိလာပါပြီ။ လျောင်းတော်မူကြီးကို အမိုး မိုးပေးဖို့အတွက်လည်း ပြင်ဆင်နေတာ တွေ့ရပါတယ်။ ကျွန်တော်ကတော့ ဒီလို လွတ်လပ်တဲ့ ပုံစံလေးကို သဘောကျမိပါတယ်။ နေပူမိုးရွာအတွက်မို့ ပြင်ဆင်တာကိုလည်း နားလည်သဘောပေါက်ပါတယ်။ မြသာလျောင်းနဲ့ ကပ်လျက်မှာပဲ ရွှေသာလျောင်းရယ်၊ ရှေ့ဘက်မှာက လေးမျက်နှာဘုရားရယ်ရှိပါတယ်။

### ရွှေသာလျောင်းဘုရား

ရွှေသာလျောင်းကတော့ ပဲခူးက အထင်ကရ လျောင်းတော်မူ သုံးဆူထဲမှာ အထင်ရှားဆုံး ဖြစ်ပါလိမ့်မယ်။ အတော်လည်း ထုထည်ကြီးမားပါတယ်။ ဟံသာဝတီဘုရင် သမလ၊ ဝိမလ မင်းဆက်ကနေ ဆင်းသက်လာတဲ့ ၁၃ ဆက်မြောက် ဘုရင် မိဂဒိပ္ပငယ်မင်း လက်ထက် ၉၉၄ ခုနှစ်မှာ တည်ထားခဲ့တာပါ။ မူလက ကုသိနာရုံဘုရားလို့ ခေါ်တွင်ပါတယ်။ အလျား အတောင် ၃၀ ရှိပါတယ်။ ဒါပေမယ့် ၁၅၆၄ ခုနှစ်မှာ စစ်သုံ့ပန်းတွေရဲ့မီးရှို့ဖျက်ဆီးတာ ခံခဲ့ရလို့ ဘုရင့်နောင်မင်းက ရုပ်ပွားတော်သစ်တစ်ဆူ ထပ်တည်ထားခဲ့တာပါ။ အင်္ဂလိပ်လက်ထက်မှာတော့ ချုံနွယ်တွေကြား ပျောက်သွားခဲ့ရပြီး ခုတော့ အစည်ကားဆုံး ဖြစ်နေတာကို သတိပြုမိကြမယ် ထင်ပါတယ်။ ဒီလျောင်းတော်မူကြီးမှာ အသည်းအယားဆုံးကတော့ ရုပ်ပွားတော်ရဲ့မျက်နှာတော် ဘယ်ဘက်ခြမ်း (ခေါင်မိုးဘက်အခြမ်း) က ဖုန်တွေနဲ့ မည်းတူးနေတာကိုပါပဲ။

### မဟာစေတီ

အရင်က ဒီနေရာဝန်းကျင်မှာ စစ်သုံ့ပန်းတွေထားတယ်လို့ဆိုပါတယ်။ ဘုရင့်နောင်မင်းက ၁၅၅၉ ခုနှစ်မှာ စတည်ခဲ့တာပါ။ မဟာစေတီကို ဌာပနာဖို့ နန်းတော်ကနေ ဓာတ်တော်၊ မွေတော်တွေ ပင့်တဲ့အချိန်မှာ သမီးတော်မွေးလို့ သူမကို ရာဇဓာတုကလျာလို့ နာမည်ပေးခဲ့တယ်လို့ မှတ်သားရပါတယ်။ ခုနောက်ပိုင်း ပဲခူးမှာ ကျွန်တော် စိတ်အဝင်စားဆုံးနဲ့ အလည်ချင်ဆုံးစေတီပါပဲ။ တည်ဆောက်ထားတဲ့ပုံစံ ဆန်းကြယ်ပြီး အမျိုးသားတွေ အုတ်လှေကားနဲ့ ထိပ်ထိတက်နိုင်အောင် စီစဉ်ထားတာလေးလည်း တွေ့ရတယ်။ အပေါ်ကနေဆို မြင်ကွင်းကျယ် မြင်ရမှာမို့ တချို့လည်း နေဝင်ချိန် လာကြည့်ကြတယ်လို့ သိရတယ်။ ကျွန်တော်ရောက်တဲ့အချိန်က ညနေ ၃ နာရီ ဝန်းကျင်မို့ နေဝင်ချိန်တော့ မမြင်ခဲ့ရပါဘူး။ ဒါပေမယ့် Instagrammer တွေ အဆင်ပြေမယ့် ဓာတ်ပုံမျိုးရိုက်ဖို့ ဖြစ်နိုင်တဲ့နေရာတစ်ခုအနေနဲ့ပါ ခရီးသွားတွေကို သတင်းပေးချင်မိပါတယ်။

### ကမ္ဘောဇသာဒီနန်းတော်

ဒီမှာတော့ နည်းနည်းအချိန်ပေး လေ့လာနိုင်တယ်။ အသစ်ဆောက်ထားတာဆိုပေမယ့် အရင်က အကြွင်းအကျန်တွေကိုလည်း ပြသထားပေးသေးတော့ စိတ်ဝင်စားစရာ ဖြစ်ပါတယ်။ အတွဲလေးတွေတော့ များသလိုလိုပဲ။

### ရွှေဂူကြီး ရွှေဂူလေး ဘုရား

ဒီဘုရားကတော့ ဂူလေးတွေလို ဖြစ်နေတဲ့အတွက် နာမည်နဲ့ လိုက်တယ်ပဲ ဆိုရမယ်။ အနားဝန်းကျင်မှာ ဆိုင်ခန်းတွေနဲ့ ငါးချဉ်တွေ ရောင်းကြတာ အားရစရာကြီးပဲ။ ဒီကိုလာတဲ့လမ်းမှာ တွေ့ရတဲ့ ထန်းရည်ဆိုင်လေးတွေကလည်း အမြင်ဆန်းအောင် ထန်းရွက်လေးတွေနဲ့ ကာထားတာမို့ ကြည့်တာနဲ့ကို သောက်ချင်စရာ ဖြစ်လာတယ်။

### ကိုးသိန်းကိုးသန်းဘုရား

စောင်းတန်းလေးက ရှည်ရှည်နဲ့ သစ်သားစောင်းတန်းလေးလို ဖြစ်နေပြီး ရှေးက ဘုရားတက်ရသလို ခံစားချက်မျိုးလေး ခံစားရတယ်။ ကြေးစည်လေးတွေအများကြီး ချိတ်ထားတာကလည်း ဒီဘုရားကို လာသူတွေအတွက် အမြင်ရသတစ်မျိုး ဖြစ်စေပါတယ်။ ဘုရားရင်ပြင်မှာ စေတီငယ်လေးတွေ တည်ထားပုံကလည်း အတန်းလိုက်လေးနဲ့ တစ်မျိုးတစ်ဘာသာ ကွဲထွက်နေတယ်။

### အခြား ဖူးမြော်သင့်တဲ့ ဘုရားစေတီများ

ပဲခူးကိုရောက်တုန်း ရောက်လက်စနဲ့ သွားရောက်ဖူးမြော်သင့်တဲ့ ဘုရားစေတီတွေကိုလည်း စုစည်းပေးလိုက်ပါတယ်။ တချို့ကတော့ နည်းနည်းလှမ်းပါတယ်။

- ဟသ်ာကုန်းဘုရား (ရွှေမော်ဓောနဲ့ နီးပါတယ်)
- သွန်းဘုရား (ဈေးနဲ့ နီး)
- တရုတ်ဘုံကျောင်း (ဈေးတစ်ဖက်ကမ်း)
- ခေါင်းဆေးကျွန်းဘုရား (ဘုရင့်နောင် ကားဂိတ်နဲ့နီး)
- မဟာကလျာဏီ သိမ်တော်နဲ့ ကျောက်စာ (မြသာလျောင်းနဲ့ နီး)
- စိန်သာလျောင်းဘုရား
- ဒေးစွန်ပါတောင်ဘုရား (ပဲခူးမြောက် ဘက် မိုင် ၂၀ အကွာ၊ ဝမ်းဘဲအင်းရွာနား)
- ခမဲပြင် ဘိုးဘိုးကြီး (သနပ်ပင် အုန္နဲရွာ နား)

**အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံ ကျန်းမာပြည့်စုံ ပျော်ရွှင်စွာ ခရီးသွားနိုင်ကြပါစေ။**



အမိုးမဆောက်ခင် မြသာလျောင်းဘုရားကြီး၏ ပကတိ ကြည်ညိုဖွယ်အသွင်



ဘုရားဖူးညှော်သည်၊ အပျော်တမ်းဓာတ်ပုံရိုက်ဝါသနာရှင်တို့နဲ့ စည်ကားလာတဲ့ မဟာစေတီကို တွေ့ရစဉ်။



သမိုင်းဝင် ရွှေဂူလေး စေတီတော်ကို ဖူးတွေ့ရစဉ်။

# အမျိုးသမီးငယ်များအတွက် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သင်တန်း မိတ္ထီလာ၌ဖွင့်

**မိတ္ထီလာ ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ဈေးအရှေ့ပြင်ရပ် ကန်တော်မင်္ဂလာခန်းမအနီး ကန်သာယာရပ်ကွက် ရက်ကန်းနှင့်သက်မွေးပညာ သင်တန်းကျောင်း၌ ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင် တစ်နှစ် သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူသင်တန်းတွင် သင်တန်းသူ ၂၀ ကို လက်ခံသင်ကြားပေးသည်။ သင်ကြားပေးရာတွင် မြန်မာနိုင်ငံသား အသက် ၁၇ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူများ၊ ပညာအရည်အချင်းအနေဖြင့် အနည်းဆုံး ၈ တန်းအောင်မြင်ပြီး ကျန်းမာရေးလည်းကောင်းမွန်သူများ တက်ရောက်သင်ကြားနိုင်ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးသာဝထံမှ သိရသည်။

အဆိုပါသင်တန်းတွင် လက်ချည်မျှင်ဆွဲနှင့် ရက်ကန်း၊ အထည်ခွဲစိတ်လေ့လာခြင်း (အထည်သချ်ာ)၊ အထည်ဒီဇိုင်း၊ အမျှင်ကုန်ကြမ်း၊ တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်နှင့် စာစည်းကြိုး ဘာသာရပ်များ၊ စက်ရက်ကန်း စက်ပြင်စက်မောင်းခြင်း၊ လက်ရက်ကန်းခတ်ခြင်း၊ သဘာဝဆေးနှင့် ဓာတုဆေးဆိုးခြင်း၊ ရိုးရာဂျပ်ခုတ်နည်းဖြင့် ရက်ကန်းခတ်ခြင်း စသည့် ဘာသာရပ်များကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့လက်တွေ့သင်ကြားပေးနေကြောင်း သိရသည်။

မြန်မာ့ရိုးရာ ရက်ကန်းပညာနှင့် တိုင်းရင်းသားများ၏ ရိုးရာဂျပ်ခုတ်နည်းပညာကို ထိန်းသိမ်းရန်၊ ရက်ကန်းပညာကျွမ်းကျင်သည့် မျိုးဆက်သစ်များမွေးထုတ်ရန်၊ ခေတ်မီ ရက်ကန်းနည်းပညာများ တိုးတက်ပြန့်ပွားရန်၊ မြန်မာ့လက်ရက်ကန်းမှ စက်ရက်ကန်းသို့ အဆင့်မြှင့်တင်နိုင်ရန်နှင့် လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သင်တန်းကျောင်း တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။



မိတ္ထီလာမြို့ရှိ စက်ရက်ကန်းလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

မိတ္ထီလာရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ မိတ္ထီလာမြို့နယ်နှင့် ထိစပ်လျက်ရှိသည့် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း၊ ပျော်ဘွယ်၊ ရမည်းသင်းနှင့် ကျောက်ပန်းတောင်း မြို့နယ်များမှ လူငယ်များလာရောက်ပြီး လက်ရက်ကန်းပညာများ၊ စက်ရက်ကန်းပညာများကို သင်ကြားလျက်ရှိကာ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ ယနေ့အထိ (စက်ရက်ကန်း)ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ သင်တန်းကို သင်တန်းကာလ တစ်နှစ်၊ လက်ရက်ကန်းကို သင်တန်းကာလ ခြောက်လနှင့် စက်ရက်ကန်းစက်မောင်း/စက်ပြင် သင်တန်းကို သင်တန်းကာလနှစ်လ သတ်မှတ်ကာ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၇၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၂၀ ကျပ် | ၉၄၀/၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၁၀ ကျပ် | ၈၅၀/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၀ ကျပ် | ၉၅၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ ・ ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၅ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၉ ・ ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၆ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၀・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၆ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ ・ ၁၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၄၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၉၈၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# အင်းတော်မြို့နယ်၌ မိုးမရွာသဖြင့် တောင်သူများ စိုက်ပျိုးရေးအတွက် အခက်တွေ့နေ

**အင်းတော် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း၌ ယခု မိုးရာသီအတွင်း မိုးမရွာသဖြင့် ဒေသတွင်းရှိ တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ရေအခက်အခဲနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

စပါးစတင်စိုက်ပျိုးချိန်က အချို့တောင်သူများသည် ချောင်းရေတင်၍ စပါးပျိုးခင်းများ ပျိုးထောင်ခဲ့ကြသော်လည်း ပျိုးသက်ရချိန်တွင် မိုးမရွာသဖြင့် လယ်ယာများကို ထွန်ယက်စိုက်ပျိုးရန် အခက်အခဲတွေ့နေကြကြောင်း၊ ချောင်းရေမရသည့် တောင်သူများမှာမူ မြေသားများကို အကြမ်းထွန်ယက်၍ စပါးမျိုးစေ့ကြဲပက်ပြီး စပါးခွံများဖုံးအုပ်ကာ အခြောက်ပျိုးကြဲခြင်းကို လုပ်ဆောင်ကြသော်လည်း မိုးရေမရှိသည့်အတွက် အခြောက်ပျိုးကြဲထားမှုမှာလည်း စိတ်မချရသည့်အနေအထားတွင် ရှိနေကြောင်း ဒေသခံတောင်သူ ဦးဇော်လင်းက ပြောသည်။

အင်းတော်မြို့နယ်သည် ချောင်း၊ မြောင်းပေါ်များသော်လည်း မိုးမရွာသဖြင့် လက်ရှိ အချိန်တွင် ချောင်း၊မြောင်းများ၌လည်း ရေများခန်းခြောက်နေကြောင်း သိရသည်။ အချို့တောင်သူများမှာ မိမိတို့၏ လယ်ကွင်းများအတွင်း ငါးပေါက်ကျင်းများတူး၍ ရေရအောင် ပြုလုပ်နေကြပြီး အချိန်မီ ပျိုးကြဲနိုင်ရန်နှင့် မိုးရွာလာပါက အသင့်စိုက်ပျိုးနိုင်ရန် မလျှော့သောဇွဲဖြင့် လုပ်ဆောင်နေကြသည်ကိုလည်း တွေ့ရသည်။

တောင်သူများအနေဖြင့် ရေရရှိရန် နည်းအမျိုးမျိုး ကြိုးစားနေကြသော်လည်း အမှန်တကယ်လိုအပ်သည့်ရေကို လုံလောက်စွာရရှိရန်အတွက် မိုးရွာမှသာ အဆင်ပြေကြမည်ဖြစ်ပြီး တောင်သူများ အချိန်မီ လယ်ယာစိုက်ပျိုးနိုင်ရန်အတွက် မိုးရေရရှိရန် အရေးကြီးသောအချိန်သို့ ရောက်နေပြီဖြစ်ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

**လူအောင် (ကသာ)**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# မော်တော်ယာဉ်နှင့် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၂၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ဖားကန့် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး၊ ရေဦး |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ဒိုက်ဦး၊ ပန်းတောင်း၊ အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | နတ်မောက်၊ ရေစကြို၊ စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း |
| ၇။ | မွန်ပြည်နယ် | မုဒုံ |
| ၈။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်၊ လှိုင်သာယာ၊ ကျောက်တန်း |
| ၁၀။ | ရှမ်းပြည်နယ် | လဲချား |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း၊ မော်လမြိုင်ကျွန်း၊ ကြံခင်း၊ မြန်အောင်၊ ဒေးဒရဲ |

**မြန်မာ့အလင်း**

# မြစ်ရေဝင်အိမ်ထောင်စုများမှ ကိုယ်ဝန်ဆောင်များအတွက် အထောက်အကူပြုအိတ်များ ထောက်ပံ့

**ကသာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သော ကူးကာ၊ သပြုကုန်း၊ ကျားသေကျေးရွာများရှိ ကိုယ်ဝန်ဆောင် မိခင်များအတွက် အထောက်အကူပြုအိတ်များကို ယမန်နေ့က ထောက်ပံ့ပေးခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ကူးကာ၊ သပြုကုန်း၊ ကျားသေကျေးရွာများရှိ အိမ်ထောင်စု ၂၀ မှ ကိုယ်ဝန်ဆောင်များအတွက် အထောက်အကူပြုအိတ် ၂၀ ကို ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကလေးမိခင် အိမ်ထောင်စုများကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်စက်မေက ရာသီတုပ်ကွေးရောဂါအကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း စသည့် ကျန်းမာရေး သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျန်းမာရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဟန်မျိုးကျော် (ကသာ)**

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အာဆီယံဒေသတွင်း၌ အင်ဂျင်နီယာပညာရှင်တို့၏ တန်းတူရည်တူရှိမှု

## သိပ္ပံစာရေးဆရာကိုကိုအောင်

၂၀၁၉ ခုနှစ် ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် (၉၃)ကြိမ်မြောက် ASEAN Coordinating Committee on Services (CCS)အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ မလေးရှားလေကြောင်းဖြင့် ပျံသန်းထွက်ခွာခဲ့သည်။ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် အတွက် မိမိနှင့်အတူ ခရီးစဉ်တစ်ခုတည်း၌ အတူလိုက်ပါခဲ့ကြသူများမှာ ဦးခင်မောင်တင့်၊ ဦးမြင့်ဦး၊ ဒေါက်တာစိုးမြင့်၊ ဦးမောင်သော်နှင့် ဒေါ်ထူးထူးငွေတို့ ဖြစ်ကြသည်။

မိမိက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌဖြစ်သည်။ ဦးခင်မောင်တင့်က မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌဖြစ်ပြီး ဦးမြင့်ဦးနှင့် ဒေါက်တာစိုးမြင့်တို့က Professional Assessor Group for Engineering Qualification ၏ အဖွဲ့ဝင်များဖြစ်ကြသည်။ ဦးမောင်သော်က မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥက္ကဋ္ဌဖြစ်ပြီး ဒေါ်ထူးထူးငွေက တွဲဖက်အတွင်းရေးမှူး ဖြစ်သည်။

မိမိတို့ခရီးစဉ်၌ အတူလိုက်ပါခြင်းမရှိသော်လည်း အဆိုပါအစည်းအဝေးများသို့ တက်ရောက်ရန် သီးခြားခရီးစဉ်ဖြင့် လိုက်ပါသူသုံးဦးလည်း ရှိသေးသည်။ ၎င်းတို့မှာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ တွဲဖက်အတွင်းရေးမှူး(၂) ဦးတင်လတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန၏ ဗိသုကာဌာနခွဲမှ အင်ဂျင်နီယာချုပ် ဒေါ်အယ်လ်နန်အိမ်နှင့် မြို့ပြဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြစိမ်းအေးတို့ပင် ဖြစ်ကြသည်။

### ကွာလာလမ်ပူသို့

မိမိတို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်ခြောက်ဦး လိုက်ပါလာသော မလေးရှားလေကြောင်း ခရီးစဉ်အမှတ် MH-743 လေယာဉ်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၈ နာရီ မိနစ် ၂၀တွင် ဆိုက်ရောက်သည်။ ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် မလေးရှားလေဆိပ်မှ မိုက်ခရိုဘတ်စ်ဖြင့် ထွက်ခွာလာခဲ့ကြရာ ကီလိုမီတာ ၆၀ ကွာဝေးသောခရီးကို တစ်နာရီခန့်မောင်းနှင်ပြီး ကွာလာလမ်ပူမြို့ Jalan Bukit Bintang ၌တည်ရှိသော JW Marriott Hotel သို့ ချောမောစွာရောက်ရှိကြသည်။

ဟိုတယ်၌ နေရာယူပြီးနောက် မိမိတို့ မြန်မာကိုယ်စားလှယ် တစ်ဖွဲ့လုံး ဟိုတယ်နှင့်မလှမ်းမကမ်း၌ တည်ရှိသော KFC ဆိုင်၌ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်အပြီးတွင် Night Market Area တစ်ဝိုက် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ည ၁၁ နာရီကျော် ဖြစ်သော်လည်း မြို့လယ်ကောင် လူစည်ကားရာနေရာ ဖြစ်သောကြောင့် မော်တော်ကား အများအပြားတို့ မောင်းနှင်သွားလာလျက် ရှိနေကြသလို လူအများမှာလည်း သွားလာနေကြဆဲ၊ စားသောက်နေကြဆဲ၊ ဈေးဝယ်နေကြဆဲပင် ဖြစ်သည်။ ဒေသစံတော်ချိန် ည ၁၂ နာရီခန့်တွင် တည်းခိုရာဟိုတယ်သို့ ပြန်လည်ရောက်ရှိကြပြီး အိပ်စက်အနားယူကြသည်။

### ACPECC အစည်းအဝေး

နောက်တစ်နေ့ ဇွန် ၁၈ ရက် နံနက် ၇ နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဟိုတယ်၌ နံနက်စာသုံးဆောင်ကြပြီး ဟိုတယ်အဆောက်အအုံ၏ Level-4 ရှိ Starhill-5 ၌ ကျင်းပသော ASEAN Chartered Professional Engineer Coordinating Committee Roundtable Meeting သို့ တက်ရောက်ကြသည်။ ဒေသစံတော်ချိန် နံနက် ၉ နာရီ၌ စတင်သော အဆိုပါအစည်းအဝေးတွင် ACPECC ဥက္ကဋ္ဌက အဖွင့်မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးပြီး မလေးရှား အင်ဂျင်နီယာဘုတ်အဖွဲ့(BEM) ဥက္ကဋ္ဌ Dato Ir. Dr. Meor Abdul Aziz bin Osman က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မလေးရှားနိုင်ငံ NMC ကော်မတီ အဖွဲ့ဝင်ဖြစ်သူ Ir. Rocky H.T Wong က Introduction to the theme for the day ခေါင်းစဉ်ဖြင့် မိတ်ဆက်စကား ပြောကြားသည်။ Mr. Rocky ၏ မိတ်ဆက်စကားအပြီးတွင် တက်ရောက်လာသူများ၏ သိလိုသမျှ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ AFEO's AEI for Electrical Installation မှ Ir. You Chau Fong က Characteristics of on ASEAN Engineering Inspectorate ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသော အင်ဂျင်နီယာပညာရှင် ကိုယ်စားလှယ်များက သိလိုသည်များကို မေးမြန်းကြသည်။ ထို့နောက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် Coffee Break အဖြစ် ခေတ္တရပ်နားသည်။




နံနက် ၁၀ နာရီခွဲတွင် အစည်းအဝေးကို ပြန်လည်စတင်ရာ ASEAN Federation of Engineering Organisation(AFEO) ဥက္ကဋ္ဌ Dr. Ir. Heru Dewanto က AFEO Indonesia နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အာဆီယံ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ (FACE)၏ အလှည့်ကျ မလေးရှားကိုယ်စားလှယ် Mr. Datuk Ir. Mohd Adnan bin Mohd Nor က Mutual Recognition Arrangement (MRA) နှင့် Mobility of Professional Engineers တို့၏ အခန်းကဏ္ဍ၌ အာဆီယံ၏ အစပျိုးမှုတွင် FACE က လက်တွဲဖော်အဖြစ် ပါဝင်ဆောင်ရွက်ရေးဆိုင်ရာများကို အကျယ်တဝင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ စင်ကာပူ အင်ဂျင်နီယာပညာရှင်များအဖွဲ့၏ မှတ်ပုံတင်အရာရှိချုပ် Er. Raymond Tay က Beyond MRA-Liberation of Registration of Indentified Branches of Engineering within ASEAN ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြသည်။ Roundtable အစည်းအဝေး၏ နောက်ဆုံးအစီအစဉ်အဖြစ် ထိုင်းအင်ဂျင်နီယာကောင်စီမှ Dr. Krai Tungsonga က Eastern Economic Corridor (EEC) နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားကာ မွန်းလွဲ ၁၂ နာရီခွဲ၌ ACPECC-RTM ကို အဆုံးသတ်ရပ်နားလိုက်သည်။

### Menara Kerja Raya တာဝါကြီး

ACPECC-RTM အပြီးတွင် တက်ရောက်လာသော ကိုယ်စားလှယ်များအားလုံး နေ့လယ်စာ သုံးဆောင်ရင်း ခေတ္တအနားယူကြသည်။ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် JW Marriott Hotel Lobby ၌ စုစည်းကြကာ Site Visit ခရီးစဉ်အတွက် အသင့်ပြင်ကြသည်။ လူစုံသောအခါ ဟိုတယ်မှ အထူးဘတ်စ်နှစ်စီးဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၃ နာရီခန့်တွင် လေ့လာကြည့်ရှုကြရမည့် Menara Kerja Raya Office Tower ကြီးသို့ ရောက်ရှိကြသည်။

နေရာကျဉ်းကျဉ်းကလေး၌ အဆင့်မြင့် အင်ဂျင်နီယာပညာများဖြင့် တည်ဆောက်ထားသော အဆိုပါ တာဝါ၏ ထူးခြားချက်မှာ အဓိကကျသော Column တိုင်များ အားလုံးမှာ အပေါ်သို့ ၉၀ ဒီဂရီ ထောင်မတ်နေခြင်းမရှိဘဲ မုန့်ကြိုးလိမ်သဖွယ် အမြင်ဆန်းအောင် ဖန်တီးထားခြင်းပင် ဖြစ်သည်။ Precast Slab များ ခင်းထားပြီး သဘာဝအလင်းရောင် ကောင်းစွာရရှိအောင် Tempered Glass အများအပြားကို အသုံးပြုထားသည်။ မှန်သားနံရံများမှတစ်ဆင့် ဝင်ရောက်လာသော အလင်းတန်းများက အခန်းတိုင်းရှိ နံရံများနှင့် မျက်နှာကြက်များကို ရိုက်ခတ်ပြီး ပြန်ကန်ထွက်လာချိန်တွင် အလင်းပြန်မှုများပြားပြီး မျက်စိမကျိန်းရအောင် မျက်နှာကြက်နှင့် နံရံများအားလုံးတို့ကို စနစ်တကျ ဆေးသုတ်ပြီး မွမ်းမံခြယ်သထားသည်။

မြေပြင်ပေါ်၌ ၃၅ ထပ်နှင့် မြေအောက်၌နှစ်ထပ် စုစုပေါင်း ၃၇ ထပ်ရှိသော အဆိုပါအဆောက်အအုံ၏ အများစုသော အထပ်များကို Civil Engineer ပညာဖြင့် တည်ဆောက်ပြီး အပေါ်ဆုံးရှိ အထပ်များကိုမူ Mechanical Engineer ပညာဖြင့် တည်ဆောက်ထားသည်။ Steel Fabrication ပညာရပ်ကို ကောင်းစွာ အသုံးချထားမှုကြောင့် အမြင်ဆန်းလှသော Menara Kerja Raya တာဝါကြီး၏ အပေါ်ဆုံးထပ်မှကြည့်လျှင် ကွာလာလမ်ပူမြို့၏ နေရာအတော်များများကို ကောင်းစွာ လှမ်းမြင်နေရသည်။

လာရောက်လေ့လာကြည့်ရှုကြသော အာဆီယံနိုင်ငံများမှ အင်ဂျင်နီယာပညာရှင် ကိုယ်စားလှယ်များကို တာဝါကြီး၏ Level-34 ၌ ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အဆောက်အအုံဆောက်လုပ်မှု သမိုင်းကြောင်းနှင့် တကွ တည်ဆောက်ဆဲကာလများအတွင်းက ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုနှင့် အခက်အခဲများကို Power Point ဖြင့် ရှင်းလင်းပြသသည်။ တစ်ဆက်တည်းပင် အဆိုပါ အဆောက်အအုံကို Green Building အဖြစ် ရေရှည်ထိန်းသိမ်းဆောင်ရွက်သွားမည့် အစီအမံများကိုလည်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ လာရောက်လေ့လာကြသော အင်ဂျင်နီယာပညာရှင်များကလည်း သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် တာဝါကြီး၏ View Point လည်းဖြစ်ပြီး Recreation Area လည်းဖြစ်သော Level-32 ၌ အမှတ်တရဓာတ်ပုံများ စုပေါင်းရိုက်ကူးကြသည်။ ဧည့်သည်တော်တစ်ဦးချင်းစီတို့ကလည်း အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြပြီးနောက် တာဝါ၏ Level-34 ၌ တည်ခင်းဧည့်ခံသော Light Food များကို သုံးဆောင်ကြသည်။ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် Menara Kerja Raya တာဝါမှ ပြန်လည်ထွက်ခွာခဲ့ကြရာ JW Marriott ဟိုတယ်သို့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

ဟိုတယ်၌ ခေတ္တအနားယူ ရေချိုးသန့်စင်ကြပြီးနောက် ည ၇ နာရီ ၁၅ မိနစ်တွင် Lobby ၌ စုစည်းကြသည်။ ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် JW Morriott Hotel မှ အထူးဘတ်စ်နှစ်စီးဖြင့် ညစာတည်ခင်းဧည့်ခံမည့် De.Won 1958 Restaurant ဆီသို့ သွားရောက်ကြရာ မိနစ် ၂၀ ခန့် မောင်းနှင်အပြီးတွင် ရောက်ရှိကြသည်။ ညစာသုံးဆောင်နေစဉ် မလေးရှားရိုးရာ ကျေးလက်တေးဂီတဖြင့် တီးခတ်ဖျော်ဖြေကြသည်။ တည်ခင်းသည့် မလေးရှားရိုးရာ စားသောက်ဖွယ်ရာများမှာ အရသာ ကောင်းမွန်လှသည်။ ကိုယ်စားလှယ်များအားလုံး ညစာသုံးဆောင်ကြရင်း၊ ကျေးလက်တေးဂီတများကို နားသောတဆင်ကြရင်း တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာ စကားစမြည်ပြောဖြစ်ကြသည်။ ဒေသစံတော်ချိန် ည ၁၀ နာရီကျော်ကျော်တွင် စားသောက်ခန်းမကြီးမှ ဘတ်စ်နှစ်စီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ တည်းခိုနေထိုင်သည့် ဟိုတယ်သို့ ည ၁၀ နာရီခွဲကျော်၌ ပြန်လည်ရောက်ရှိ ကြသည်။

### အာဆီယံအင်ဂျင်နီယာ အစည်းအဝေး

နောက်တစ်နေ့ ဇွန် ၁၉ ရက် နံနက်တွင် ဟိုတယ်၌ နံနက်စာသုံးဆောင်ပြီးနောက် Hotel Level-3 ၌ ကျင်းပသော ASEAN Chartered Professional Engineer Coordinating Committee အစည်းအဝေးသို့ တက်ရောက်ကြသည်။ အာဆီယံ ၁၀ နိုင်ငံစလုံး စုံညီစွာ တက်ရောက်ကြသော အဆိုပါအစည်းအဝေးကြီးတွင် သက်ဆိုင်ရာနိုင်ငံများအလိုက် အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင်အဖြစ် မှတ်ပုံတင်ရန် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် အင်ဂျင်နီယာပညာရှင် (Professional Engineer)များ၏ အမည်စာရင်းများကို အသီးသီးတင်ပြခြင်း၊ ကွယ်လွန်သွားကြသော အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာ ပညာရှင်များကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် တင်ပြခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။

ယင်းကဲ့သို့ အဆိုပြုတင်ပြလာမှုများအပေါ် အစည်းအဝေး သဘာပတိက အာဆီယံကိုယ်စားလှယ်များအား သက်ဆိုင်ရာ နိုင်ငံအလိုက် သဘောထားဆန္ဒတောင်းခံကာ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းများကို အစည်းအဝေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသည်။ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အစည်းအဝေးကို ခေတ္တရပ်နားကာ နေ့လယ်စာ သုံးဆောင်ကြသည်။ နေ့လယ်စာကို JW Marriott Hotel ၏ Lower Ground Level ရှိ Shock Restaurant ၌ တည်ခင်းရာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စကားစမြည် ပြောရင်း မြိန်ရှက်စွာ သုံးဆောင်ကြသည်။

မွန်းလွဲ ၂ နာရီ၌ အစည်းအဝေးကို ပြန်လည်စတင်ကျင်းပရာ မနက်ပိုင်းက မပြီးမပြတ် ကျန်ရှိနေသော စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ အရည်အချင်းသတ်မှတ်ချက်ဆိုင်ရာ ကိစ္စရပ်များ၊ အင်ဂျင်နီယာပညာရပ်အလိုက် မှတ်ပုံတင်ရေးဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို ကျေလည်စွာ ဆွေးနွေးဆုံးဖြတ် အတည်ပြုကြသည်။ တစ်ဆက်တည်းမှာပင် နောင်လာမည့် (၉၄)ကြိမ်မြောက် ASEAN Coordinating Committee on Services(CCS) အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပရန် ဆွေးနွေးကြရာ တက်ရောက်လာသော ဖိလစ်ပိုင်နိုင်ငံ ကိုယ်စားလှယ်က လက်ခံသဘောတူသည့်အတွက် အစည်းအဝေးက အတည်ပြုပေးလိုက်သည်။ ညနေ ၄ နာရီခွဲခန့်တွင် ACPECC အစည်းအဝေးကြီးမှာ အောင်မြင်ချောမွေ့စွာ ပြီးဆုံးသွားတော့သည်။

မြန်မာအင်ဂျင်နီယာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဟိုတယ် Lobby ၌ စုဝေးကာ ကွာလာလမ်ပူမြို့လယ်၏ Shopping Area တစ်ဝိုက်သို့ သွားရောက်လှည့်လည် လေ့လာကြည့်ရှုကြရင်း အမှတ်တရ လက်ဆောင်များ ဝယ်ယူကြသည်။ ညနေစာအဖြစ် မလေးရှား ဒံပေါက်နှင့် မလေးရှားဟင်းလျာများကို သုံးဆောင်ကြသည်။ ပြီးနောက် ကမ္ဘာ့နာမည်ကျော်အမှတ်တံဆိပ်များ စုစည်းရောင်းချရာ Department Store များသို့ သွားရောက်လေ့လာ ကြည့်ရှုပြီး လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။ ည ၁၀ နာရီခန့်တွင် တည်းခိုရာဟိုတယ်သို့ ပြန်လည်ရောက်ရှိ အနားယူအိပ်စက်ကြသည်။

နောက်တစ်နေ့ ဇွန် ၂၀ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်၌ နံနက်စာသုံးဆောင်ပြီးနောက် Coordinating Committee on Services (CCS)အစည်းအဝေးသို့ ခေတ္တတက်ရောက်ကြသည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲ၌ ဟိုတယ်မှ လေဆိပ်ဆီသို့ ကားနှစ်စီးဖြင့် ထွက်ခွာခဲ့ကြရာ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ ပြည်ပထွက်ခွာဆောင်သို့ ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားလေကြောင်းဖြင့် စတင်ထွက်ခွာ ပျံသန်းခဲ့ကြရာ ရန်ကုန်မြို့ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်ခန့်တွင် ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

မိမိအပါအဝင် မြန်မာ အင်ဂျင်နီယာပညာရှင်များနှင့် ဗိသုကာပညာရှင်တို့၏ ဤမလေးရှားခရီးစဉ်သည် အာဆီယံဒေသအတွင်း၌ မြန်မာအင်ဂျင်နီယာပညာရှင်နှင့် ဗိသုကာပညာရှင်တို့၏ တန်းတူရည်တူရှိမှုကို ပြသသည့် အဓိပ္ပာယ်ပြည့်ဝသော မင်္ဂလာခရီးစဉ်ပင် ဖြစ်ပေတော့သည်။ ။

**“နေရာကျဉ်းကျဉ်းကလေး၌ အဆင့်မြင့် အင်ဂျင်နီယာပညာများဖြင့် တည်ဆောက်ထားသော အဆိုပါတာဝါ၏ ထူးခြားချက်မှာ အဓိကကျသော Column တိုင်များအားလုံးမှာ အပေါ်သို့ ၉၀ ဒီဂရီ ထောင်မတ်နေခြင်းမရှိဘဲ မုန့်ကြိုးလိမ်သဖွယ် အမြင်ဆန်းအောင် ဖန်တီးထားခြင်းပင်ဖြစ်သည်။ Precast Slab များ ခင်းထားပြီး သဘာဝအလင်းရောင် ကောင်းစွာရရှိအောင် Tempered Glass အများအပြားကို အသုံးပြုထားသည်။ မှန်သားနံရံများမှတစ်ဆင့် ဝင်ရောက်လာသော အလင်းတန်းများက အခန်းတိုင်းရှိ နံရံများနှင့် မျက်နှာကြက်များကို ရိုက်ခတ်ပြီး ပြန်ကန်ထွက်လာချိန်တွင် အလင်းပြန်မှုများပြားပြီး မျက်စိမကျိန်းရအောင် မျက်နှာကြက်နှင့် နံရံများအားလုံးတို့ကို စနစ်တကျ ဆေးသုတ်ပြီး မွမ်းမံခြယ်သထားသည်”**

## မြေပြိုခြင်း အသိပညာပေး

၉။ မြေပြိုတတ်သောနေရာများတွင်နေထိုင်သူဖြစ်ပါကအရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊လမ်းကြောင်းများနှင့်မိသားစုဆုံရပ်တို့ကိုကြိုတင်သတ်မှတ်ထားပါ။



၁၀။ တောင်စောင်းအနီးပတ်ဝန်းကျင်တွင်နေထိုင်သူများအနေဖြင့်မိမိတို့ဒေသတွင်မိုးသည်းထန်စွာရွာသွန်းခြင်း၊ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကိုသတိပြုပါ။



**မြေပြိုမှုဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန် အချက်များ**

၁။ မြေပြိုကျမှုဖြစ်နေသောနေရာများအနီးသို့မလိုအပ်ဘဲ မသွားပါနှင့်။



၂။ မြေပြိုကျမှုဖြစ်နေသောနေရာများတွင်ရောက်နေပါကတတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ပြေးပါ။အမြန်ဆုံးမရှောင်ခွာနိုင်ပါကနီးစပ်ရာခိုင်ခံ့သောနေရာ/အဆောက်အအုံများတွင်ခိုလှုံပါ။ မြေပြိုမှုဖြစ်နေသော နေရာအနီးသို့လာသည့် လူနှင့်ယာဉ်များအား အသိပေးပါ။



**မြေပြိုမှု ဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ**

၁။ မြေပြိုထားသော ပတ်ဝန်းကျင်၊အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့်ဝေးဝေးနေပါ၊မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ။



၂။ မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ချက်ချင်းအကြောင်းကြားပြီး လိုအပ်သောအကူအညီများပေးပါ။



# ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စဝင်ခြင်းအထိမ်းအမှတ်အဖြစ် စက်ဘီးချစ်သူ ၂၅၀ ခန့်က ပုဂံတွင် စက်ဘီးစီးနင်းခြင်းဖြင့် ဂုဏ်ပြုမည်

**ညောင်ဦး ဇူလိုင် ၂၄**

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ခြင်းကို ဂုဏ်ပြုခြင်းနှင့် Bicycle Network Myanmar ၏ ခရီးစဉ်စတင်စီးနင်းခြင်း ငါးနှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ပုဂံဒေသသို့သွားရောက်ကာ စက်ဘီးစီးနင်းခြင်းကို ဇူလိုင် ၂၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

“ကျွန်တော်တို့အဖွဲ့ရဲ့ အမှတ်တရတစ်ခုလည်းဖြစ်သလို စိတ်ပါဝင်စားသူတွေကလည်း များပြားတဲ့အတွက် အခုလိုစီစဉ်ရခြင်းဖြစ်ပါတယ်။ ရန်ကုန်ကနေ အဖွဲ့ဝင် ၁၅၀ က ဇူလိုင် ၂၅ ရက်ကတည်းက ကျောက်ပန်းတောင်းကို ရထားနဲ့ အရောက်သွားမှာပါ။ ဇူလိုင် ၂၆ ရက်နံနက်မှာ ကျောက်ပန်းတောင်းမှာ ရောက်နေကြမယ့် အနယ်နယ်အရပ်ရပ်က Bicycle Network Myanmar အဖွဲ့ဝင် ၁၀၀ ဝန်းကျင်က ပူးပေါင်းပြီး ပုဂံကို မိုင် ၂၀ ခရီး စက်ဘီးစီးနင်းကြမှာဖြစ်ပါတယ်” ဟု Bicycle Network Myanmar အဖွဲ့ခေါင်းဆောင်တစ်ဦး ဖြစ်သူ ကိုတာတီးက ပြောသည်။

ဇူလိုင် ၂၆ ရက်တွင် ပုဂံရှိ ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများကို အချိန်ရသလောက် စက်ဘီးဖြင့်စုပေါင်းသွားရောက်ဖူးမြော်ကြမည်ဖြစ်ပြီး ညောင်ဦးမြို့ရွှေစည်းခုံစေတီတော် အရှေ့ဘက်စောင်းတန်းအတွင်းတည်ရှိသည့် ပုဗ္ဗာရုံကျောင်းတိုက်တွင် စုပေါင်းညအိပ်ရပ်နားမည်ဖြစ်သည်။ ဇူလိုင် ၂၇ ရက်တွင် နံနက် ၅ နာရီခွဲမှ စတင်ကာ စက်ဘီးသမားများအားလုံးစုပေါင်း၍ ပုဂံဘုရားပုထိုးများကို ဆက်လက်ဖူးမြော်ကြမည်ဖြစ်ကြောင်း သိရသည်။

“ဇူလိုင် ၂၇ ရက်နံနက်ပိုင်းမှာပဲ ပုဂံဒေသ သန့်ရှင်းသာယာစေဖို့အတွက် တစ်တပ်တစ်အားအနေနဲ့ ကျွန်တော်တို့အဖွဲ့တွေက ပုဂံသူ ပုဂံသားတွေနဲ့ ပူးပေါင်းပြီး အမှိုက်ကောက်မယ့်အစီအစဉ်လည်း ပါဝင်ပါတယ်။ အမှိုက်ကောက်အစီအစဉ်ပြီးသွားရင် သမိုင်းအမွေအနှစ်တွေကို လေ့လာကြည့်နိုင်ဖို့ ရှေးဟောင်းယဉ်ကျေးမှု ပြတိုက်ကိုလည်း သွားရောက်မှာဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ပုဂံဒေသရောက် Bicycle Network Myanmar အဖွဲ့ဝင်များကို တွေ့ရစဉ်။

ပုဂံဒေသတွင် ယခုကဲ့သို့ စက်ဘီးစီးနင်းခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာက ပထမအကြိမ် လူထု စက်ဘီးစီးပွဲကို Bicycle Network Myanmar မှ ဦးဆောင်စီးနင်းပြီး ဒေသခံစက်ဘီးဝါသနာရှင်များ၊ မန္တလေး၊ ပခုက္ကူ၊ သထုံနှင့် ထိုင်းနိုင်ငံသား စက်ဘီးဝါသနာရှင်များ စုစုပေါင်း လူအင်အား ၁၅၀ ကျော်ဖြင့် စီးနင်းခဲ့ဖူးကြောင်း သိရသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-တာတီး**

# ၂၀၁၉ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာစာစောင် ကဏ္ဍစုံလင်ဆန်းသစ်ဝေဆာစွာ ထွက်ပြီ

**ရန်ကုန် ဇူလိုင် ၂၄**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေးစသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြား ကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းအရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(ဇူလိုင်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၃၄၆၆၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း ၃၀ လမ်းနှင့် ၃၂ လမ်းကြား မန္တလေး ဖုန်း- ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့နယ်အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ဖုန်း -၀၁- ၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ကျောက်ဆည်အရှေ့ဘက်ခြမ်းဒေသများတွင် နနွင်းတက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ဆည် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ဘက်ခြမ်းဒေသများတွင် ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးသော နနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း လျက်ရှိသည်။



ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားသော ကျောက်ဆည်မြို့နယ်က နနွင်းစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။

“နနွင်းက တောင်ပေါ်ဒေသရော မြေပြန့်ဒေသပါစိုက်ပျိုးလို့ရတယ်။ ကျွန်တော်တို့ဒေသက ဆည်ရေသောက်စနစ်ဆိုတော့ တန်ခူးလ၊ ကဆုန်လလောက်မှာ စတင်စိုက်ပျိုးကြတယ်။ နနွင်းခေါင်းစိုက်ရင် တစ်ဧကကို တင်း ၅၀၊ ၆၀ လောက်စိုက်ပျိုးရပြီး နနွင်းတက်အစိုကိုပျိုးရင် ၇၅ တင်း၊ ၈၀ လောက်အထိ စိုက်ပျိုးရတယ်။ နနွင်းက အလုပ်သိပ်မရှုပ်ဘူး။ စိုက်ပျိုးပြီးရင် အပေါ်ကနှမ်းကြဲကြတယ်။ နှမ်းသိမ်းပြီးမှ မြေပြုပြင်၊ ရေသွင်း၊ ပေါင်းတင်၊ မြေဩဇာထည့်ရတယ်။ ဝါဆိုလလောက်ဆို အပင်တွေ စတင်ပေါ်ထွက်လာပြီး လိုအပ်ရင် ပေါင်းရှင်းတာတို့၊ရေသွင်းတာတို့၊ ပိုးသတ်ဆေးဖျန်းတာတို့ ပြုလုပ်ပေးရတယ်။ တပို့တွဲလ၊ တပေါင်းလလောက်မှာ နနွင်းရွက်တွေ ဝါလာရင် တူးဖော်ကြတယ်။ အပင်ဘေးကထွက်တဲ့အစွယ်ကို အတက်လို့ခေါ်ပြီး အပင်ခြေကို ခေါင်းလို့ ခေါ်တယ်။ နနွင်းခေါင်းကိုတော့ နောက်နှစ်စိုက်ပျိုးဖို့ သိမ်းထားပြီး ဈေးကွက်ကို တင်ပို့ရောင်းချမယ့် နနွင်းတက်တွေကို ရေနွေးနဲ့ပြုတ်ပြီး တစ်ပတ်ဆယ်ရက်လောက် နေလှန်းပေးရတယ်။ တချို့က နောက်နှစ်ကျမှ မျိုးသတ်သတ် ဝယ်စိုက်ကြတာလည်းရှိတယ်။ ပိုးမွှားကင်းစင်မှု၊ အပင်ဖြစ်ထွန်းမှုပေါ်မူတည်ပြီး နနွင်း အခြောက် တစ်ဧကကို ပိဿာချိန် ၁၀၀၀ ဝန်းကျင်လောက် ထွက်တယ်။ လက်ရှိ ရွာမှာတော့ နနွင်းတစ်ပိဿာကို ငွေကျပ် ၁၈၀၀ ဈေးပေါက်နေတယ်။ မနှစ်ကတော့ ငွေကျပ် ၂၂၀၀ နဲ့ဈေးပိတ်ခဲ့တယ်” ဟု ပဲခင်းကျေးရွာမှ နနွင်းစိုက်တောင်သူ ကိုတိုးတိုး အောင်က ပြောသည်။

အဆိုပါဒေသများသည် ဆည်ရေသောက်စနစ်ဖြင့် သီးနှံများ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စပါး၊ နှမ်း၊ ငရုတ်၊ ၎က်ပျော၊ ကွမ်းရွက်၊ နနွင်းတက် အစရှိသော သီးနှံများ အဓိကစိုက်ပျိုးလျက်ရှိပြီး နနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# သထုံမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်းဖွင့်

**သထုံ ဇူလိုင် ၂၄**

မွန်ပြည်နယ် သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်းတွင် အခြေခံ ငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်း အမှတ်စဉ်(၈)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းတွင် နည်းပြများက ငါးအကြောင်းသိကောင်းစရာ၊ ငါးကန်တူးဖော်ခြင်းနှင့် ကန်ပြင်ဆင်ခြင်း၊ ကန်အရည်အသွေးပြုပြင်ခြင်း၊ ငါးမှုန်၊ ငါးသန်၊ မျိုးငါးအစာကျွေးခြင်း နည်းစနစ် များနှင့် ပြုစုမွေးမြူခြင်း၊ သဘာဝငါးသယံဇာတများ အကြောင်းတို့ကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မော်လမြိုင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ငါးမွေးမြူရေးစိတ်ပါဝင်စားသူများနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လှုပ်ရှားပြုပြင် မြို့အင်းစိန်တစ်ခွင်

ဝေဖြိုးဟန် (အင်းစိန်)

**အင်းစိန်ဟုဆိုလိုက်သည်နှင့် ထိုအမည်ကို မသိသူ အင်မတန်ရှားပါသည်။ ဘဝတက္ကသိုလ် တက်ခဲ့ဖူးကြသူတိုင်း မမေ့နိုင်သောနာမည်မှာ အင်းစိန်ဖြစ်ပါသည်။ အင်းစိန်ဟူသောအမည်မှာ အမှန်တကယ်အားဖြင့် အဖိုးတန်ရေကန်ဟု မြန်မာဝေါဟာရ ရင်းမြစ်တစ်ခု၌ မှတ်သားဖူးသည်။ မွန်ဘာသာမှ ဆင်းသက်လာသည်ဟုလည်း ဆိုကြသည်။ မွန်ဘာသာဖြင့် ဆင်ရေကန်ဟုလည်း ခေါ်ဆိုကြကြောင်း ကြားဖူးသည်။**

### အင်းစိန်ဆိုသည်မှာ

မည်သို့ပင်ဆိုစေကာမူ အင်းစိန်ကို လူသိများစေသော အဓိက အချက်မှာ ကမ္ဘာကျော် အကျဉ်းထောင်ကြောင့်ဖြစ်သည်။ အခြား အထင်ကရပုံရိပ်များကြောင့် အင်းစိန်ကို လူသိများနိုင်သော် လည်း အင်းစိန်ထောင်၏ ကျော်ကြားမှုကို မယှဉ်သာ နိုင်ကြပါ။ နိုင်ငံရေးကို စိတ်ဝင်စားကြသော နိုင်ငံခြားသားများအား အင်းစိန်အကြောင်း ညွှန်းမည်ဆိုပါက ရှည်ရှည်ဝေးဝေး ပြောပြနေစရာမလိုအပ်ပေ။

အင်းစိန်ထောင်ကို သိသလားဟု မေးလိုက်လျှင် သူတို့ခေါင်းညိတ်ပြကြစမြဲပင်။ ထိုအခါ ထိုအရပ်ဒေသသည် မိမိနေထိုင်ရာမြို့ဖြစ်ကြောင်း ပြောပြလိုက်ရုံပင် ဖြစ်သည်။ အင်းစိန်သည် ရှေးယခင်က ပဲခူးခရိုင်အတွင်းမှာ ပါဝင်ခဲ့ပြီး ယခုရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်း၌ ဖွဲ့စည်းပုံအရထည့်သွင်းထားပြီး အချက်အချာကျရာ ခရိုင်မြို့အဖြစ်တည်ရှိနေပါသည်။

အင်းစိန်မြို့နယ်သည် လှိုင်မြစ်ကမ်းနဖူး၌ တည်ရှိပြီး မင်္ဂလာဒုံမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မရမ်းကုန်းမြို့နယ်များနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ အင်းစိန်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့်လည်း နီးသည်။ အင်းစိန်၌ ဘူတာကြီးလည်း ရှိသည်။ water bus ဆိပ်ကမ်းလည်းရှိသည်။ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးလည်း ရှိသည်။ တီဘီဝေဒနာရှင်များအတွက် အားထားရာ အောင်ဆန်းတီဘီဆေးရုံကြီးလည်း ရှိသည်။ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်စသည့် တက္ကသိုလ်များလည်းရှိသည်။

ကျောက်တော်ကြီး အဘယလာဘမုနိဘုရားကြီးနှင့်စေတီပုထိုး၊ သာသနိကအဆောက်အအုံများ၊ ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများလည်းရှိသည်။ ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ်ဘာသာများ၏ အထွတ်အမြတ်ထားရာ သာသနိက အဆောက်အအုံများ၊ ရုပ်ရှင်ရုံ၊ ဈေးများ၊ ပန်းခြံများ၊ ပုဂ္ဂလိကဆေးရုံများ၊ အစိုးရပိုင်စာသင်ကျောင်းများ၊ ကိုယ်ပိုင်စာသင်ကျောင်းများ၊ စက်မှုဇုန်၊ ဂေါက်ကွင်း၊ ဟိုတယ်၊ မိုတယ်စသည်တို့ဖြင့် ပြည့်စုံစွာတည်ရှိသောမြို့ဖြစ်ပါသည်။ အင်းစိန်ကို ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက်နှင့် ဖွဲ့စည်းထားပြီး ဒညင်းကုန်း၊ အောင်ဆန်း၊ စဉ့်ငူ၊ ဖော့ကန်၊ ရွာမအရှေ့၊ တောင်သူကုန်း၊ နံ့သာကုန်း၊ စော်ဘွားကြီးကုန်း၊ ဈေးကုန်းအနောက်စသည့် ရပ်ကွက် ကိုးခုကို မဲဆန္ဒနယ်မြေ(၁)အဖြစ်လည်းကောင်း၊ ရွာမအလယ်၊ ရွာမအနောက်၊ ကွက်သစ်၊ ပေါက်တော၊ ကမ်းနားအလယ်၊ ကမ်းနားအနောက်၊ မြို့သစ်(က+ခ)၊ မြို့သစ်(ဂ)၊ ကြို့ကုန်းအရှေ့၊ ကြို့ကုန်းအနောက်၊ ဈေးကုန်းအရှေ့၊ ပိန္နဲကုန်းစသည့် ရပ်ကွက် ၁၂ ခုကို မဲဆန္ဒနယ်မြေ(၂)အဖြစ် လည်းကောင်း ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ သတ်မှတ်ပေးထားပါသည်။

အင်းစိန်မြို့နယ်မှ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော လွှတ်တော်ကိုယ်စားလှယ် လေးဦးရှိပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ တိုင်းဒေသကြီး မဲဆန္ဒနယ်မြေ(၁)လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်နှင့် တိုင်းဒေသကြီး မဲဆန္ဒနယ်မြေ(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်တို့ ဖြစ်ကြသည်။ လွှတ်တော်ကိုယ်စားလှယ် လေးဦးစလုံးသည် ပညာတတ်ဘွဲ့ရများဖြစ်ကြပြီး အင်းစိန်သူ၊ အင်းစိန်သားများဖြစ်ကြကာ မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးစားလုပ်ကိုင်နေကြသူများဖြစ်သည်။

### သုံးနှစ်ကျော်အတွင်း သိသာထင်ရှားသော ပြောင်းလဲမှုများ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရစတင်တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ်မှ စတင်၍ အင်းစိန်မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်မရပ်မနား ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်မှ ယနေ့ ၂၀၁၉ ခုနှစ် နှစ်လယ်အထိ သုံးနှစ်ကျော်ကာလအတွင်း သိသာထင်ရှားသည့် အပြောင်းအလဲများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ခေတ်အဆက်ဆက် ခရိုင်မြို့အဖြစ်တည်ရှိခဲ့ပါသော်လည်း အင်းစိန်မြို့နယ်သူ၊ မြို့နယ်သားများ ဘက်စုံအသုံးပြုနိုင်မည့် မြို့နယ်ခန်းမတစ်ခုမရှိခဲ့ပါ။ ထိုကွက်လပ်အား အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ယခုအခါ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်းမ(ဗဟိုလမ်း)ပေါ်တွင် မြို့နယ်ခန်းမကြီးကို ခမ်းနားထည်ဝါစွာတည်ဆောက်နေပြီဖြစ်ပါသည်။



ရထားလမ်း ခုံးကျော်တံတား အမှတ် (၂) အင်းစိန်

> **“ပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီမှုသည်လည်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပါသည်။ မိမိတို့ မြို့ရွာဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသပ်ရပ်လှပကာ နေချင်စဖွယ်ကောင်းသော ဝန်းကျင်ကောင်းတစ်ခုအဖြစ် ပုံဖော်ကြသည့်နေရာတွင် အပြန်အလှန်နားလည်ယုံကြည်မှု၊ စည်းကမ်းလိုက်နာမှု၊ ဥပဒေကို လေးစားလိုက်နာမှုများရှိရန် အထူးအရေးကြီးပါကြောင်း”**

ထို့အပြင် တစ်ခေတ်တစ်ခါက မြန်မာ့အင်ဂျင်နီယာလောကအတွက် အားကိုးအားထားပြုရသည့် အင်းစိန်ဂျီတီအိုင်ကျောင်းကြီးကို နှစ်ရှည်လများစွာ ပိတ်ပစ်ထားခြင်းမှ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းပေးနိုင်ခဲ့ပါသည်။ ယခင်အာဏာရှင်အစိုးရများက အကြောင်းပြချက်မရှိ ပိတ်ပစ်ပြီး အကျဉ်းထောင်သဖွယ်၊ ရဲစခန်းသဖွယ် အသုံးချထားခြင်းခံနေရသည့် သမိုင်းအစဉ်အလာ ကြီးမားသော အင်းစိန်ဂျီတီအိုင်ကျောင်းကြီးအား ယခုအခါ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာတက်ရောက်သင်ယူလေ့လာနိုင်သည့် ကျောင်းတော်ကြီးအဖြစ် အသစ်တစ်ဖန်ပြန်လည်ဆန်းသစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

အင်းစိန်ဂျီတီအိုင်ကျောင်းကြီးနှင့်အတူ ယခင်အခေါ်အဝေါ်အရ အောင်ဆန်းစက်မှုလက်မှုသိပ္ပံကျောင်းအား ဂျပန်အစိုးရအကူအညီဖြင့် ယခုအခါ ဂျပန် - မြန်မာအောင်ဆန်းစက်မှုနှင့်သက်မွေးပညာ သင်တန်းကျောင်းအဖြစ် အမည်ပြောင်းကာ အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သိပ်မကြာတော့မည့်ကာလ၌ အင်းစိန်ဂျီတီအိုင်နှင့် ဂျပန်-မြန်မာ အောင်ဆန်းကျောင်းများမှ ကျွမ်းကျင်အင်ဂျင်နီယာ ကျောင်းသားများ မွေးထုတ်ပေးနိုင်တော့မည် ဖြစ်ပါသည်။ တိုင်းပြည်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်တော့မည် ဖြစ်ပါသည်။

အင်းစိန်မြို့နယ်တွင် လျှပ်စစ်နှင့် ပတ်သက်၍ ရှုပ်ထွေးဆားဗစ်ကြိုးများကို တစ်နှစ်ခွဲနီးပါးကြာအောင် သေချာအချိန်ယူ ရှင်းလင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ လမ်းသူလမ်းသားများက ခွာတိုင်စိုက်ရန် တာဝန်ယူကြပြီး နိုင်ငံတော်မှ လိုင်းကြိုးများတပ်ဆင်ပေးခြင်းကို တာဝန်ယူ၍ တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင်ခဲ့ကြရာ ယခုဆိုလျှင် အင်းစိန်မြို့နယ်အတွင်း ရှုပ်ထွေးဆားဗစ်ကြိုးပြဿနာ မရှိသလောက် ရှားသွားခဲ့ပြီဖြစ်ပါသည်။ ထို့အပြင် အင်းစိန်မြို့နယ်၏ အဓိက လမ်းမကြီးများဖြစ်သော ပြည်လမ်း၊ အင်းစိန်လမ်း၊ ဘုရင့်နောင်လမ်း၊ အောက်မင်္ဂလာဒုံလမ်းတို့တွင် လမ်းမီးများ ထိန်ထိန်ညီးနေပြီဖြစ်ပါသည်။ နှစ်ပေါင်းများစွာ အင်းစိန်သူ၊ အင်းစိန်သားများ မျှော်လင့်တောင့်တနေခဲ့ကြသည့် လမ်းမီးများ ယခု လင်းထိန်ခဲ့ပါပြီ။ ကျန်ရှိနေသေးသော လမ်းမများကိုလည်း အမြန်ဆုံးလမ်းမီးများတပ်ဆင်နိုင်ရေး လွှတ်တော်ကိုယ်စားလှယ်များဘက်က ကြိုးစားလျက်ရှိပါသည်။

၂၀၁၆ မှ ၂၀၁၉ ခုနှစ် အထိ သုံးနှစ်ကျော်ကာလအတွင်း အင်းစိန်မြို့နယ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဘတ်ဂျက်အပြင် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေဘတ်ဂျက်များဖြင့် ကွန်ကရစ်လမ်းသစ်ပေါင်း အရှည်/အတိုင်း ၁၂၀ ကျော် ခင်းကျင်းပေးနိုင်ခဲ့ပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် အဓိကချောင်းကြီး၊ မြောင်းကြီးများအား တူးဖော်ခြင်းလုပ်ငန်းများကို နှစ်စဉ်မပျက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထင်သာမြင်သာရှိသောလုပ်ငန်းမှာ ဖော့ကန်ဘူတာနှင့် ဒညင်းကုန်းဘူတာကြား မီးရထားသံလမ်းဘေးတစ်လျှောက် မြေသားမြောင်းကြီးကို တူးဖော်ပေးနိုင်ခဲ့သဖြင့် နှစ်စဉ်မိုးရာသီ၌ ရေနစ်မြုပ်လေ့ရှိသော ဖော့ကန်၊ အောင်ဆန်း၊ စဉ့်ကူရပ်ကွက်များ ရေကြီးရေလျှံမှု ဘေးဒုက္ခများမှ အထိုက်အလျောက် ကင်းလွတ်နိုင်ခဲ့ကြပြီဖြစ်ပါသည်။ သို့သော် ရပ်ကွက်အတွင်းလမ်းများထဲရှိ မိမိတို့ အိမ်ရှေ့ရေမြောင်းများကို မိမိတို့ကိုယ်တိုင်တူးဖော်ရှင်းလင်းခြင်းမပြုလုပ်ပါက မည်မျှပင် ရေဆင်းမြောင်းကြီးများ တူးပေးထားစေကာမူ ရေကြီးရေလျှံမှုများကတော့ ဆက်ဖြစ်နေဦးမည် ဖြစ်ပါသည်။

### သန့်ရှင်းသာယာလှပရေးကိုပါ ဖော်ဆောင်ရွက်

အင်းစိန်မြို့နယ်၌ ကွန်ကရစ်လမ်းများ ဦးစားပေးခင်းကျင်းပြီးသည့်နောက် ရေစီးရေလာကောင်းမွန်ရေးအတွက် အုတ်ရေမြောင်းများ၊ စကြံ့ပလက်ဖောင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ အင်းစိန် ပန်းခြံတစ်ဝိုက်၊ မီးရထားခုံးကျော်တံတားအောက်၌ လည်းကောင်း၊ ဗဟိုလမ်းနှင့် ဘူတာရုံလမ်းဆုံရှာ အင်းစိန်မီးရထားဘောလုံးကွင်းထောင့်နေရာ၌လည်းကောင်း၊ ပြည်လမ်းနှင့် မင်းဓမ္မလမ်းဆုံနေရာ၌ လည်းကောင်း အများပြည်သူသွားလာနိုင်ရေး လွယ်ကူလုံခြုံဘေးကင်းရန် စင်္ကြံပလက်ဖောင်းများ ပြုလုပ်ထားရှိပြီးဖြစ်ပါသည်။ အဓိက လမ်းဆုံလမ်းခွများ၌ ရေီယာမက်စ်ဟုခေါ်သည့် မီးတိုင်ရှည်အမြင့်များကိုလည်း နေရာစုံနီးပါး တပ်ဆင်ပေးထားပြီးလည်း ဖြစ်ပါသည်။

ထူးခြားမှုတစ်ခုအနေဖြင့် အင်းစိန်ဘီအိုစီကွေ့နေရာအား မူလအကျယ် ၃၆ ပေရှိထားရာမှ လမ်းသား ၄၈ ပေ အကျယ်ထပ်ချဲ့ပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါနေရာသည် အင်းစိန်ပန်းခြံဘက်မှ ဘီအိုစီကွေ့သို့ဝင်ပြီး အင်းစိန်လမ်းမကြီးပေါ်တက်ရောက်မည့် ကားများအတွက် အလွန်ကျဉ်းမြောင်းသောနေရာဖြစ်ပါသည်။ ထို့ကြောင့် အင်းစိန်လွှတ်တော်ကိုယ်စားလှယ်များ၏ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခင်က ပုလင်းထိပ်ဖူးကဲ့သို့ ကျဉ်းမြောင်းနေခဲ့သော ဘီအိုစီကွေ့လမ်းသည် ယခုအခါ ကျယ်ကျယ်ဝန်းဝန်းဖြင့် အဆင်ပြေချောမွေ့သွားခဲ့ပြီဖြစ်ပါသည်။ အထူးသဖြင့် လမ်းသားအကျယ်ချဲ့ထွင်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ အင်းစိန်မီးရထားစက်ခေါင်း စက်ရုံမှူးတို့အား ကျေးဇူးအထူးတင်ရမည် ဖြစ်ပါသည်။

အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များသည် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး ကိစ္စရပ်ပေါင်းများစွာကို လွှတ်တော်တွင်းသို့ ယူဆောင်သွားခြင်းမရှိရလေအောင် ဆောင်ရွက်လေ့ရှိကြပါသည်။ ဌာနဆိုင်ရာများမှလည်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းကောင်းဖြင့် အကောင်အထည်ဖော်လုပ်ကိုင်ခဲ့ကြရာ အင်းစိန်သည် ယခင်ကနှင့် မတူတော့လောက်အောင်ပင် အများကြီးပြောင်းလဲတိုးတက်နေခဲ့ပြီဖြစ်ပါသည်။ လမ်း၊တံတား၊ ရေစီးရေလာ၊ စင်္ကြံပလက်ဖောင်း၊ လမ်းမီးကိစ္စရပ်များ အဆင်ပြေလာသကဲ့သို့ ရေသန့်ရရှိနိုင်ရေးကိုလည်း အထူးစီမံချက်တစ်ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရပ်ကွက်တော်တော်များများ ရေသန့်ရရှိမှု ရာခိုင်နှုန်းတိုးတက်လာပြီဖြစ်ပါသည်။

အမှိုက်နှင့် ပတ်သက်၍လည်း ရှေ့ပြေးစီမံချက်အဖြစ် အင်းစိန်မြို့သစ်(က+ခ)ရပ်ကွက်နှင့် အောင်ဆန်းရပ်ကွက်များအတွင်း ရက်ခြား အထုပ်ကောက်စနစ်ကို ကျင့်သုံးလည်ပတ်စေခဲ့ရာ အသားကျလာခဲ့ပြီဖြစ်ပါသည်။ မိမိတို့အိမ်ရှေ့မှာပင် အမှိုက်ထုပ်ကို ချထားပေးရုံဖြင့် စည်ပင်သန့်ရှင်းရေးဝန်ထမ်းများက သတ်မှတ်အချိန်များတွင် လာရောက်ကောက်ယူသိမ်းဆည်းပေးသွားသည့် အစီအစဉ်ဖြစ်ပါသည်။ အခြားရပ်ကွက်များသို့လည်း ထိုအစီအစဉ်ကိုစတင်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ အထူးသဖြင့် သန့်ရှင်းရေးဌာနမှ အမှိုက်သိမ်းဆည်းယာဉ်နှင့် ဝန်ထမ်းအင်အား ထပ်မံတိုးချဲ့ပေးရန် လိုအပ်ချက်ရှိနေကြောင်း တွေ့ရပါသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက အင်းစိန်မြို့နယ်အတွင်း အမှိုက်စနစ်သန့်ရှင်းသပ်ရပ်သွားမည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

### လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပြီး စုပေါင်းဖြေရှင်းပေး

အင်းစိန်အကြောင်း ပြောရမည်ဆိုပါက ကုန်နိုင်မည်မထင်။ လုပ်ဆောင်ထားချက်များစွာထဲမှ အထူးကောက်နုတ်တင်ပြထားရခြင်းဖြစ်ပါသည်။ အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များသည် အပတ်စဉ် စနေနေ့တိုင်း လွှတ်တော်ကိုယ်စားလှယ်များ ရုံးဖွင့်လှစ်ပြီး ကိုယ်စားလှယ် လေးဦးစလုံးရုံးထိုင်ကာ ပြည်သူလူထုအခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ လွှတ်တော်နားရက်များတွင် မြို့နယ်အတွင်းသို့ လှည့်လည်၍ ဘတ်ဂျက်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ပျောက်ဆုံးမှု မရှိစေရေးထိန်းကျောင်းပေးလျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားကဏ္ဍ၊ ဘာသာရေး၊ လူမှုရေးကဏ္ဍများတွင်လည်း လစ်ဟာမှုမရှိစေရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှုများကို အထူး အာရုံစိုက်အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုတော့ ဆက်လက်လုပ်ဆောင်နေရဦးမည်ဖြစ်ပါသည်။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီမှုသည်လည်း အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါသည်။ မိမိတို့မြို့ရွာဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသပ်ရပ်လှပကာ နေချင်စဖွယ်ကောင်းသော ဝန်းကျင်ကောင်းတစ်ခုအဖြစ် ပုံဖော်ကြသည့်နေရာတွင် အပြန်အလှန်နားလည်ယုံကြည်မှု၊ စည်းကမ်းလိုက်နာမှု၊ ဥပဒေကို လေးစားလိုက်နာမှုများရှိရန် အထူးအရေးကြီးပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ဦးဝေဖြိုးဟန်**
**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် (၂)**
**လွှတ်တော်ကိုယ်စားလှယ်**

# မြိတ်ခရိုင်အတွင်း ကမ်းနီးငါးဖမ်းလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**မြိတ် ဇူလိုင် ၂၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ကမ်းနီးငါးဖမ်းရေယာဉ်များ၏ စက်အင်အားနှင့် လှေအရွယ်အစားသတ်မှတ်ချက်ထက် ကျော်လွန်နေမှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ လမ်းညွှန်မှုခံယူနိုင်ရေးအတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသခံရေလုပ်သားများ ပါဝင်သော ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က မြိတ်မြို့ သာကေတရပ်ရှိ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထူးနေအောင်က ကမ်းနီးငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်၍ လွှတ်တော်တွင် တင်ပြဆွေးနွေးခဲ့သော အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးလွှမ်းမိုးဇော်တို့က ကမ်းနီးငါးဖမ်းရေယာဉ်များ၏ စက်အင်အားနှင့် အရွယ်အစားသတ်မှတ်ချက် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ မြိတ်ခရိုင်အတွင်းမှ ရေလုပ်သား ၁၅၀ ကျော် တက်ရောက်ခဲ့ပြီး တက်ရောက်လာသော ရေလုပ်သားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ လိုအပ်သောတောင်းဆိုချက်များကိုလည်း တင်ပြခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲမှ ရရှိသော ရေလုပ်သားများ၏ သဘောထား၊ ဆွေးနွေးချက်များကို တိုင်းဒေသကြီးအစိုးရမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ပင်လယ်ပြင်အတွင်း လှိုင်းဒဏ်လေဒဏ်ခံနိုင်ရန်အတွက် ကမ်းနီးငါးဖမ်းလှေများကို အလျား ပေ ၅၀ အောက်နှင့် အင်ဂျင်ပါဝါမြင်းကောင်ရေ ၁၂၀ အောက်အထိ တိုးမြှင့်ပေးရန် ကမ်းနီးငါးဖမ်းလုပ်ငန်းရှင်အားလုံးက တောင်းဆိုထားကြောင်း တက်ရောက်ဆွေးနွေးကြသည့် ရေလုပ်သားများထံမှ သိရသည်။

မြိတ်ခရိုင်အတွင်း၌ မြို့နယ်လေးခုရှိသည့်အနက် ကမ်းနီးငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည့် မြို့နယ် သုံးခုတွင် ငါးလုပ်ငန်းဦးစီးဌာနက တရားဝင် လိုင်စင်ထုတ်ပေးထားသော လှေများမှာ မြိတ်မြို့နယ်၌ ၈၃၁ စီး၊ ပုလောမြို့နယ်၌ ၅၄၃ စီး၊ ကျွန်းစုမြို့နယ်၌ ၂၄၄၅ စီး၊ စုစုပေါင်း ၃၈၁၉ စီးရှိကာ ယခုနှစ် ငါးမဖမ်းရ ရာသီတွင် ပင်လယ်ပြင်၌ လိုင်စင်မဲ့ ကမ်းနီးငါးဖမ်းလှေ ကိုးစီးနှင့် ရေလုပ်သား ၃၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ(၄၄)အရ အမှုဖွင့် အရေးယူထားကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မြင့်ဦး (မြိတ်)**

# ဖောင်းပြင်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ရာသီတုပ်ကွေးလူနာများအား အခမဲ့ကုသပေးနေ

**ဖောင်းပြင် ဇူလိုင် ၂၄**

ဖောင်းပြင်မြို့နယ်တွင် ရာသီတုပ်ကွေး (Seasonal Influenza)ရောဂါ ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသဖြင့် ဇူလိုင် ၂၂ ရက်မှစတင်ကာ မြို့နယ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမွန်စိုးရီ၏ ဦးဆောင်မှုဖြင့် အခမဲ့ ကုသပေးလျက်ရှိကြောင်းသိရသည်။



လူနာတစ်ဦးအား ဆေးကုသပေးနေသော ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

ထိုသို့ အခမဲ့ ဆေးဝါးကုသပေးခြင်းကို ဇူလိုင် ၂၂ ရက်က စတင် ဆောင်ရွက်ပေးခဲ့ပြီး စတင်ကုသပေးသည့်နေ့မှာပင် လူနာ ၁၈၁ ဦး လာရောက်ကုသကာ ဇူလိုင် ၂၃ ရက်တွင် ၉၆ ဦး လာရောက်ပြသ ကုသမှုခံယူကြောင်း၊ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ အဆိုပါရောဂါ ဖြစ်ပွားသူများအား အခမဲ့ ကုသပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှသိရသည်။

ဆေးကုသရေးတွင် လူနာများအား ကူညီပေးနေသည့် လူမှုကူညီရေးအသင်း ပရဟိတ(ဖောင်းပြင်)မှ တာဝန်ရှိသူတစ်ဦးက "မြို့နယ်အတွင်းမှာ ထူးခြားစွာ ရာသီတုပ်ကွေးရောဂါတွေ ဖြစ်ပွားနေတာ တစ်လကျော်လောက်ရှိပြီ၊ မိသားစုတစ်စုမှာ တစ်ဦးလောက်စဖြစ်ရင် တစ်အိမ်သားလုံးလိုလို ဖြစ်တော့တာပဲ၊ ရောဂါလက္ခဏာကတော့ ဖျားတာပါပဲ၊ ချမ်းတယ်၊ ကိုယ်ပူတယ်၊ ခန္ဓာကိုယ်မှာ အနီစက်တွေဖြစ်ပြီး ခြေဆစ် လက်ဆစ်တွေ ရောင်တယ်၊ တစ်ကိုယ်လုံး ကိုက်ခဲတယ်၊ တချို့ကတော့ ဆင်တုပ်ကွေး၊ မျောက်တုပ်ကွေးလို့ ပြောကြတယ်၊ ဆေးရုံမှာက ဆရာဝန်နဲ့ ကျန်းမာရေးဝန်ထမ်းတွေ အလုံအလောက်မရှိတော့ ခုလို ကူးစက်ရောဂါဖြစ်ပွားချိန်မှာ ကုသရေးပိုင်းမှာ အခက်အခဲရှိပါတယ်။ ကျွန်တော်တို့ဘက်ကလည်း တတ်နိုင်သလောက် ကူညီပေးပါတယ်၊ လူနာတွေကို ကြိုပို့ပေးတယ်၊ လိုအပ်ရင် လူနာတွေကို နေရာချထားပေးပါတယ်၊ လာတဲ့လူနာတိုင်းက ဖျားနေတဲ့သူတွေဆိုတော့ သက်သောင့်သက်သာနေနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရပါတယ်"ဟု ပြောသည်။

**မြို့နယ် (ပြန်/ဆက်)**

# တီးတိန်၌ အသေးစားရေအားလျှပ်စစ်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်

**တီးတိန် ဇူလိုင် ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် United Nation Office Project Services(UNOPS)တို့ ပူးပေါင်း၍ အသေးစားရေအားလျှပ်စစ်ဆောင်ရွက်သည့်



လုပ်ငန်းသင်တန်းကို ဇူလိုင် ၂၂ ရက်မှ စတင်ကာ တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၆ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် ချင်းပြည်နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ မီးလင်းရေးတာဝန်ခံ အင်ဂျင်နီယာများ အပါအဝင် သင်တန်းသား သင်တန်းသူ ဝန်ထမ်း ၂၂ ဦးနှင့် လေ့လာသူ သင်တန်းသား ၁၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါ အသေးစားရေအားလျှပ်စစ်လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ကျေးလက်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်သည့်အခါ အရည်အသွေးပြည့်မီပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီရန်အတွက် မီးလင်းရေးဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ စနစ်တကျလုပ်ကိုင်နိုင်စေရန် ရည်ရွယ်လျက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**နေစု (ချင်းရိုးမ)**

# မြတ်သုခ လူမှုကူညီရေးအသင်း ကျန်းမာရေးကူညီမှုများ ပိုမိုဆောင်ရွက်နိုင်ရန် လူနာတင်ယာဉ် ဝယ်ယူဖြည့်ဆည်း

**မြင်းမူ ဇူလိုင် ၂၄**

မြင်းမူမြို့ မြတ်သုခကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းရုံးအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို ပိုမို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် အဆင့်မြင့်လူနာတင်ယာဉ်တစ်စီးကို ပြည်သူများ၏ လှူဒါန်းငွေများဖြင့် ဝယ်ယူဖြည့်ဆည်းခဲ့ကြောင်း၊ အဆိုပါ အဆင့်မြင့်လူနာတင်ယာဉ်တွင် အဆင့်မြင့်နည်းပညာသုံး အရေးပေါ်အသက်ကယ် စက်ပစ္စည်းများ ပါဝင်ကာ ယာဉ်တန်ဖိုးမှာ ကျပ် ၂၄၉ သိန်းဖြစ်ကြောင်း သိရသည်။




အဆိုပါ လူနာတင်ယာဉ်အတွက် ရေစက်ချပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့ရာ မြတ်သုခအသင်း၏ နာယကဆရာတော်က သီလချီးမြှင့်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးနေခြင်းအတွက် အသင်းအား ပြည်သူများကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မြတ်ထွန်းနှင့် မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာကေသီခိုင်တို့က အသင်းအနေဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးရာတွင် ဌာနဆိုင်ရာများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

**အောင်စိုးဇေ(မြင်းမူ)**

# မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မြို့နယ်များ၌ အသိပညာပေးဟောပြော

**ကျောင်းသား ကျောင်းသူ ကလေးငယ်များ ကြုံတွေ့ရနိုင်သော သက်ငယ်မုဒိမ်းမှုများနှင့် ကလေးသူငယ် လိင်အကြမ်းဖက်မှုများ အပါအဝင် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများ မဖြစ်ပွားစေရေးနှင့် မူခင်းကျဆင်းရေးအတွက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ အပါအဝင် ပြည်သူလူထုအား အသိပညာပေး ဟောပြောပွဲများကို မြို့နယ် အသီးသီး၌ ကျင်းပလျက်ရှိသည်။**

**အိမ်မဲ**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာ အထကကျောင်းမှ ကျောင်းသား ကျောင်းသူများအား လူမှောင်ခို လူကုန်ကူးမှုအကြောင်းနှင့် သက်ငယ်အကြမ်းဖက်မှုများအကြောင်း အသိပညာပေး ဟောပြောပွဲကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ကြည်ကြည်စန်းက လူကုန်ကူးမှုနှင့် သက်ငယ်အကြမ်းဖက်မှုများအကြောင်း သိကောင်းစရာများ၊ အိမ်မဲမြို့နယ် ပြည်သူ့ဆေးရုံမှ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာဆုဇေရီထွန်းက လက်ရှိဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါအကြောင်းနှင့် ကာကွယ်ရန်နည်းလမ်းများ၊ သွားနှင့်ခံတွင်းရောဂါများ မဖြစ်ပွားအောင် စနစ်မှန် သွားတိုက်နည်းများ စသည်တို့ကို ဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က မူလတန်း ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ လှူဒါန်းပေးခဲ့သလို ကျောင်းဝင်းအတွင်း ဆေးလိပ်မသောက်ရန် သတိပေးဗွီနိုင်းများလည်း ကပ်ပေးခဲ့ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

**ပျော်ဘွယ်**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့အမှတ်(၈) အခြေခံပညာကျောင်းမှ ကျောင်းသူကျောင်းသားများအား အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပရာ ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးနယ်မြေရဲစခန်းမှ ရဲအုပ်လှသိန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှု ဖြစ်စဉ်များအကြောင်းနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးခံရမှု ဖြစ်စဉ်များ၊ ထူးခြားမှုများ တွေ့ရပါက သတင်းပေးတိုင်ကြားနိုင်သော အခြေအနေများကို ရှင်းပြဆွေးနွေးခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။ ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ အင်အား ၁၅၀၀ ခန့် တက်ရောက်ခဲ့သည်။ **(၀၀၇)**

**ကျောက်တံခါး**

